စိတ်ကူးချိုချိုအနုပညာ



RODRIGO R. DUTERTE

16TH PRESIDENT OF THE REPUBLIC OF THE PHILIPPINES

1ST MINDANAOAN PRESIDENT

# ဖိလစ်ပိုင်နိုင်ငံရဲ့ သမိုင်းထဲက ဒူတာတေး

ရဲဦး

ဗိလစ်ပိုင်နိုင်ငံရဲ့သမိုင်းထဲကဒူတာတေး။ ရဲဦး
စာမျက်နှာ ၁၄၉ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်


*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# ဖိလစ်ပိုင်နိုင်ငံရဲ့သမိုင်းထဲက
# ဒူတာတေး

ရဲဦး

စုစည်းပြုစုသည်။




ပထမအကြိမ်၊ ၂၀၁၈

# မာတိကာ


၁။ ဖိလစ်ပိုင်နိုင်ငံ အမည်ရင်းမြစ် ၁
၂။ နောက်ခံသမိုင်း ၂
၃။ လွတ်လပ်ရေးကြိုးပမ်းမှု ၄
၄။ စီးပွားရေး ၇
၅။ လူဦးရေပုံ့နှံ့နေထိုင်မှု ၈
၆။ အစဉ်အဆက်အုပ်ချုပ်ခဲ့သူများ ၁၀
၇။ ရွေးကောက်ပွဲကာလ ၁၂
၈။ သမ္မတရွေးကောက်ပွဲမှာ အနိုင်ရသူ ဒူတာတေး ၁၄
၉။ ၁၆ ဦးမြောက် ဖိလစ်ပိုင်သမ္မတ ၁၆
၁၀။ ပညာရေးနဲ့ အလုပ်အကိုင် ၁၇
၁၁။ ငယ်စဉ်ဘဝ ၁၈
၁၂။ မြို့တော်ဝန်ဒူတာတေး ၁၉
၁၃။ ဝါသနာ ၂၀
၁၄။ အိမ်ထောင်ရေး ၂၂
၁၅။ ကျန်းမာရေး ၂၄
၁၆။ ကျမ်းသစ္စာ ကျိန်ဆိုခြင်း ၂၅
၁၇။ အထက်လွှတ်တော်ထဲက တိုက်ပွဲ ၂၇

၁၈။ ဖိလစ်ပိုင် သမ္မတ လစာ ၃၀
၁၉။ မူးယစ်နှိမ်နင်းရေး ဓာတ်ဝင်ခန်းများ ၃၂
၂၀။ မူးယစ်ဆေးရဲ့ သားကောင်များ ၄၀
၂၁။ လူသတ်ဖူးတဲ့ သမ္မတ ၄၂
၂၂။ မာရှယ်လော ထုတ်ဖို့ပြင်ပြီ ၄၄
၂၃။ တကယ်လုပ်မယ့် ဒူတာတေး ၄၆
၂၄။ အနိုင်းမဲ့ နိုင်ငံရေးရာ လွှမ်းမိုးသူ ၄၈
၂၅။ ပြဿနာပေါင်းစုံနဲ့ ဒူတာတေး ၅၂
၂၆။ ကျူပ် ရက်စက်တော့မယ် ၅၈
၂၇။ အပစ်အခတ် ခေတ္တရပ်စဲခြင်း ၆၃
၂၈။ အမှုနဲ့ ကြုံဆိုခံရသူ သမ္မတ ၆၅
၂၉။ သမ္မတဖြစ်ပြီး ၆ လ အကြာ ၆၈
၃၀။ ဖိလစ်ပိုင်ရဲ့ လိင်ကျွန်ပြဿနာ ၇၃
၃၁။ စစ်တပ်နဲ့ ရှင်းမယ် ၈၁
၃၂။ ဖွဲ့ချက်အတင်ခံရတဲ့ ဒူတာတေး ၈၄
၃၃။ စကားလုံးကြမ်းတမ်းသူ ၈၇
၃၄။ ခပ်ကြမ်းကြမ်းဝေဖန်သူ ၈၉
၃၅။ အပြောကြမ်းတဲ့ သမ္မတ ၉၁
၃၆။ အောက်စ်ဖို့ဒ်ကိုလည်း ဝေဖန်လိုက်ပြန်ပြီ ၉၄
၃၇။ သတင်းသမားတွေ လုံခြုံရေး ၉၆
၃၈။ ထရမ့်ရဲ့ ဖိလစ်ပိုင်ခရီး ၉၈
၃၉။ ဒူတာတေးရဲ့ မြန်မာနိုင်ငံသို့ ခရီးစဉ် ၁၀၀
၄၀။ မြန်မာနိုင်ငံကို အလည်လာသူ ၁၀၂
၄၁။ လူသားဆန်တဲ့ သမ္မတ ၁၀၄
၄၂။ ကာတွန်းဇာတ်ကောင် ဒူတာတေး ၁၀၆
၄၃။ သွေးစွန်းတဲ့ စစ်တလင်းပြင် ၁၀၈

၄၄။ စစ်ပွဲကို ခြေရာကောက်ကြည့်ခြင်း ၁၁၀
၄၅။ ဂျပန်နိုင်ငံရဲ့ အကူအညီ ၁၁၂
၄၆။ ဖိလစ်ပိုင် တိုက်ခိုက်မှု မလေးနဲ့စင်ကာပူသားတချို့ပါဝင် ၁၁၄
၄၇။ ဓာ့စပ်ညှိနိုင်းစရာအကြောင်း မရှိဘူး ၁၁၆
၄၈။ စစ်ပွဲရဲ့ သားကောင်များ ၁၂၀
၄၉။ ရှေ့တန်းစစ်မြေပြင်ရောက်လာတဲ့ သမ္မတ ၁၂၂
၅၀။ လုံခြုံရေးယာဉ်တန်း တိုက်ခိုက်ခံရခြင်း ၁၂၆
၅၁။ တရုတ် လက်နက်အကူအညီ ၁၂၈
၅၂။ စုပေါင်းကာကွယ်ကြပါစို့ ၁၃၀
၅၃။ မဆင်မခြင် ပြောလေ့ရှိသူ ၁၃၂
၅၄။ တစ်ကျော့ပြန် မူးယစ်နှိမ်နင်းရေး စစ်ပွဲ ၁၃၄
၅၅။ သမ္မတသက်တမ်း တစ်နှစ်ပြည့် ၁၃၇
၅၆။ ကွင်းဆက်လူသတ်သမား သမ္မတ ၁၃၉
၅၇။ ဆေးလိပ်မသောက်ရ အမိန့် ၁၄၁
၅၈။ ဟစ်တလာလို လုပ်ပစ်ချင်တယ် ၁၄၃
၅၉။ လူ့အခွင့်အရေးနေ့ ဆန္ဒပြပွဲ ၁၄၅
၆၀။ သူ့ကို ပစ်သတ်လိုက်ပါ ၁၄၇

❐

## ဖိလစ်ပိုင်နိုင်ငံ အမည်ရင်းမြစ်

၁၉၄၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ အချုပ်အခြာ အာဏာပိုင် သမ္မတနိုင်ငံတစ်နိုင်ငံဖြစ်လာတဲ့ ဖိလစ်ပိုင်ကျွန်းစုဟာ အာရှအရှေ့တောင်ပိုင်းမှာရှိတဲ့ ကျွန်းစုဖြစ်ပါတယ်။ အာရှတိုက်ကမ်းခြေမှ အရှေ့တောင်ဘက် မိုင် ၅၀၀ ခန့် ဝေးပါတယ်။အဲဒီကျွန်းစုကို "ရတနာကျွန်းစု" လို့လည်း တစ်ခါတစ်ရံခေါ်ဝေါ်ကြပါတယ်။


❐



## နောက်ခံသမိုင်း

ဖိလစ်ပိုင်ကျွန်းစုနဲ့ တရုတ်နိုင်ငံတို့ဟာ အလယ်ခေတ် အခါကပင် အဆက်အဆံရှိခဲ့ကြောင်း အထောက်အထား တွေ့ရပါတယ်။ "မင်မင်းဆက်"လက်ထက်မှာ ဖိလစ်ပိုင်နဲ့ တရုတ်တို့ ကုန်သွယ်မှုပြုခဲ့ကြတာပါ။ ဥရောပတိုက်သားထဲမှ ဖိလစ်ပိုင်ကျွန်းစုကို စတင်တွေ့ရှိသူက "ဖာဒီနန် မာဂျဲလင်" ဆိုတဲ့ စပိန်ဘုရင့်အမှုတော်ထမ်း ပေါ်တူဂီတစ်ဦး ဖြစ်ပါတယ်။ မာဂျဲလင်က ဖိလစ်ပိုင်ကျွန်းစုကို စပိန်ပိုင်နက်နယ်မြေအဖြစ် ကြေညာပြီးနောက် ၁၅၂၁ ခုနှစ်မှာ မတ်တန်ကျွန်းပေါ်က တိုင်းရင်းသားတွေ လက်ချက်နဲ့ အသက်ဆုံးရှုံးခဲ့ရပါတယ်။

မာဂျဲလင်က စပိန်ပိုင်နက်အဖြစ်ကြေညာခဲ့တဲ့ အဲဒီ ကျွန်းစုကို နောင်အခါ စပိန်ပြည့်ရှင် ဒုတိယဖိလစ် (ထိုစဉ်က ဥပရာဇာမင်းသား)ကို ဂုဏ်ပြုသောအားဖြင့် ဖိလစ်ပိုင်လို့ ခေါ်ဝေါ်သတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။ ဆေးဗူးကျွန်းမှာ ၁၅၆၅ ခုနှစ်မှစပြီး စပိန်တို့အခြေစိုက်နေထိုင်ခဲ့ရာ တဖြည်းဖြည်း အနှံ့အပြားဖြစ်လာပါတယ်။ စပိန်တို့ရဲ့ စိုးမိုးမှုကို မိုရိုလူမျိုး၊ အီဂိုရုတ်လူမျိုးတို့က တွန်းလှန်ခဲ့ကြပါတယ်။ အခြားကျွန်း




တွေကိုလည်း စပိန်စိုးမိုးမှုပျံ့နှံ့သွားပြီး လူအများစုရဲ့ကိုးကွယ်ရာ ဘာသာ အဖြစ် ဗရင်ဂျီဂိုဏ်းဝင်တွေ ဖြစ်လာကြပါတယ်။

❐

## လွတ်လပ်ရေးကြိုးပမ်းမှု

၁၉ ရာစုမှာ လွတ်လပ်ရေးအတွက် လှုပ်ရှားမှုတွေ စတင်လာပြီး ၁၈၁၉ ခုနှစ်မှာ ဟိုဖေးရီဇား ကြီးမှူးတည်ထောင်တဲ့ လီဂါဖိလစ်ပီနာ အသင်းဟာ အင်အားအကောင်းဆုံးဖြစ်လာပါတယ်။ အာဇာနည် ကြီး "ရီဇား" ကို စပိန်အစိုးရက ၁၈၆၉ ခုနှစ်မှာ ကွပ်မျက်သုတ်သင် လိုက်ပါတယ်။ စပိန်တို့ကို တိုင်းရင်းသားတို့က ပုန်ကန်မှုတွေဟာ ဟိုမှ သည်မှ ပေါ်ထွက်ခဲ့ပေမဲ့လည်း ပြင်းပြင်းထန်ထန် အနှိမ်နင်းခံရပါ တယ်။ စပိန်–အမေရိကန်စစ်ပွဲအပြီး ၁၈၉၈ ခုနှစ်မှာတော့ စပိန်အစိုးရက ဖိလစ် ပိုင်ကျွန်းစုကို အမေရိကန် အစိုးရထံ ပေးအပ်လိုက်ရပါတယ်။

အမေရိကန်အစိုးရဟာ ဖိလစ်ပိုင်ကို လွတ်လပ်ရေးပေးဖို့ ရည်ရွယ် ချက်နဲ့ အုပ်ချုပ်ရေးအဆင့်အတန်းကို တစ်စတစ်စ မြှင့်တင်ပေးခဲ့ပါ တယ်။ ၁၉၃၅ ခုနှစ်မှာတော့ ဖိလစ်ပိုင် နိုင်ငံဟာ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိခဲ့ပြီး ဓနသဟာယနိုင်ငံ ဖြစ်လာပါတယ်။ ၁၉၄၆ ခုနှစ်ရောက်ရင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်လာစေရမယ်လို့ အမေရိကန်အစိုးရက ကတိထားခဲ့ပါတယ်။ ဒါပေမဲ့ ဒုတိယကမ္ဘာစစ်



၁၉၄၆ ဇူလိုင်လ ၄ ရက် လွတ်လပ်ရေး အလံတင် အခမ်းအနား

ကြီးဖြစ်လာတာကြောင့် ဖိလစ်ပိုင်နိုင်ငံဟာ ကမ္ဘာ့အရှေ့ဖျားဒေသမှာ စစ်ဒဏ်အခံရဆုံးသောနိုင်ငံ၊ အပျက်အစီးအများဆုံးသောနိုင်ငံ ဖြစ်ခဲ့ရပါတယ်။

ဂျပန်တို့က ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့မှာ လေကြောင်းတိုက်ပွဲတွေ စတင်ဆင်နွှဲခဲ့ပြီး နောက် ၅ ရက် အကြာ လူဇုန်ကျွန်းကို တက်ရောက် သိမ်းပိုက်မိခဲ့ကြပါတယ်။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှာ မနီလာ မြို့တော်ကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။ အမေရိကန်နဲ့ ဖိလစ်ပိုင်တပ်တွေက ဗာတန်းကျွန်းဆွယ်နဲ့ ကော်ရက်ဂျီဒေါ်မှာ လပေါင်းများစွာ အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့ကြပါတယ်။ ဒါပေမဲ့ ၁၉၄၂ ခုနှစ် မေလ ၆ ရက်နေ့မှာတော့ ကော်ရက်ဂျီဒေါ်အညံ့ခံလိုက်ရပြီး ဗိုလ်မှူးချုပ်

ဒေါက်ဂလပ်မက်အာသာလည်း မိမိဌာနချုပ်ကို ဩစတြေးလျသို့ ပြောင်းရွှေ့ပေးလိုက်ရပါတယ်။ ဗိုလ်မှူးချုပ် ဝန်းရိုက်ကတော့ စစ်သုံ့ပန်း အဖြစ် အဖမ်းခံခဲ့ရပါတယ်။

ဂျပန်တို့စိုးမိုးခဲ့စဉ်အတွင်း ပြောက်ကျားခုခံတော်လှန်ရေးတွေ ရှိခဲ့ပါတယ်။ ၁၉၄၄ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်မက် အာသာရဲ့ လက်အောက်ခံ မဟာမိတ်တပ်တွေဟာ လေးတီးကျွန်း ပြန်လည်သိမ်းယူရေးကို စတင်ခဲ့ရာ ဖိလစ်ပိုင်အလယ်ပိုင်းနဲ့ မြောက်ပိုင်း ဒေသတွေမှာ ဂျပန်တို့ အပြတ်အသတ်အရေးနိမ့်ခဲ့ပါတယ်။

၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလမှာ မနီလာမြို့တော်ကို ပြန်လည် သိမ်းယူနိုင်ခဲ့ပြီး ထိုနှစ်ဩဂုတ်လအတွင်း ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွား တဲ့အတွက် ဂျပန်တို့သိမ်းပိုက်ထားသမျှ အားလုံးလိုလိုကို ပြန်လည် သိမ်းယူနိုင်ခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားတဲ့အခါ ၁၉၄၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ အမေရိကန်အစိုးရက ကတိပြုထား ခဲ့တဲ့အတိုင်း လုံးဝ လွတ်လပ်ရေးကို ပေးအပ်လိုက်တာကြောင့် ထိုနေ့ထိုရက်မှစပြီး ဖိလစ်ပိုင် နိုင်ငံဟာ လွတ်လပ်တဲ့ အချုပ်အခြာ အာဏာပိုင်သမ္မတနိုင်ငံ ဖြစ်လာခဲ့ပါ တော့တယ်။ ဖိလစ်ပိုင်ကျွန်းစုမှာ ခန့်မှန်းခြေအားဖြင့် ကျွန်းပေါင်း ၇၀၀၀ ကျော်ရှိပါတယ်။ ဒါပေမဲ့ ၄၀၀ ကျော်လောက်ပဲ ကျွန်းလို့ သတ်မှတ် နိုင်လောက်အောင် မြေပြင်ကျယ်ပြန့်တာပါ။

❐

## စီးပွားရေး

တောင်စဉ်တောင်တန်းများရဲ့ အောက်ခြေတစ်လျှောက် ကမ္ဘာပေါ်ရှိ အခံ့ညားဆုံးသော သစ်တောကြီးတွေ ပေါက်ရောက်နေပါတယ်။ မြင့်မားလှတဲ့တောင်တန်းတွေမှာ ထင်းရှူးတောကြီးတွေ ဖုံးလွှမ်းနေပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ သစ်ဝါးပေါများပါတယ်။ မြေနိမ့်မြေပြန့် နည်းပါးတာကြောင့် တောင်ကုန်းတောင်တန်းတွေပေါ်မှာ လှေကား ထစ်စိုက်ခင်းတွေနဲ့ စိုက်ပျိုးရေးလုပ်ကိုင်ကြပါတယ်။

ဆန်စပါး၊ သကြား၊ ကြိမ်၊ မနီလာလျှော်၊ ဆေးရွက်၊ ကန်စွန်း ဥ၊ အာလူး၊ ကော်ဖီ၊ မြေပဲ၊ အုန်းသီး၊ အုန်းဆန်ခြောက်တို့ဟာ ဖိလစ်ပိုင် နိုင်ငံရဲ့အဓိက ထွက်ကုန်တွေ ဖြစ်ပါတယ်။ သရက်၊ ငှက်ပျောစသည် တို့ကိုလည်း အကြီးအကျယ် စိုက်ပျိုးကြပါတယ်။ တွင်းထွက်သယံဇာတ လည်း အတော်အတန်ကြွယ်ဝပြီး ရွှေ၊ သံ၊ ကြေးနီ၊ ခရိုမီယမ်၊ မင်းဂနိစ် တို့ အတော်အသင့် တူးဖော်ရရှိပါတယ်။

ဖိလစ်ပီနိုလူမျိုးတို့ရဲ့ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး သူတို့ရဲ့ အဓိကအစားအစာက ဆန်ဖြစ်ပါတယ်။

❐

## လူဦးရေပျံ့နှံ့နေထိုင်မှု

ဖိလစ်ပိုင်ကျွန်းစုမှာ လူမျိုးစုံနေထိုင်ကြပါတယ်။ ရှေးအကျဆုံး တိုင်းရင်းသားက နီဂရီတိုလူမျိုးဖြစ်ပါတယ်။ တောင်တန်းတွေမှာ သွားလာနေထိုင်ကြသော အီဂိုရုတ်လူရိုင်းမျိုးနွယ်လည်း ရှိပါတယ်။ မင်ဒနာအိုကျွန်းစုမှာ မိုရိုလူမျိုးတွေကို ယနေ့တိုင် တွေ့နိုင်ပါတယ်။ တဖြည်းဖြည်းနဲ့ အဲဒီရှေးကျလွန်းတဲ့ တိုင်းရင်းသားတွေအပေါ် အဆက်မပြတ် ဝင်ရောက်လာတဲ့ အင်ဒိုနီးရှားလူမျိုးတွေက လွှမ်းမိုးသွားခဲ့ပါတယ်။ ဖိလစ်ပီနိုလို့ခေါ်တဲ့ လူမျိုးစုတွေဟာ အင်ဒိုနီးရှားလူမျိုးတွေနောက်မှရောက်လာကြတဲ့ မလေး (ပသျှူး) လူမျိုးတွေ ဖြစ်ပါတယ်။ ပြီးတော့ တရုတ်၊ ဂျပန်၊ ဟိန္ဒူနဲ့ ဥရောပတိုက်သားအနွယ်တွေလည်း အများအပြား အခြေစိုက်နေထိုင်ကြပါတယ်။ တရုတ်တွေက လူနည်းစုဖြစ်ပေမဲ့ ကုန်သွယ်စီးပွားရေးကဏ္ဍမှာတော့ တွင်ကျယ်ကြတယ်။ မက်စတီဇို ခေါ် ဖိလစ်ပီနိုနဲ့ စပိန်ကပြားတွေကို အစိုးရဌာနကြီးများ၊ နိုင်ငံရေးလောက၊ စီးပွားရေး လောကတွေမှာ ဦးစီးခေါင်းဆောင်တွေအဖြစ် မြင်တွေ့ကြရပါတယ်။



ဖိလစ်ပိုင်ရိုးရာ ဝါးညှပ်အကအား တွေ့ရစဉ်

မြို့တော် – မနီလာမြို့

အကြီးဆုံးမြို့– ကွီဇုန်မြို့

ရုံးသုံး ဘာသာစကားများ– ဖိလစ်ပိုင်နှင့်အင်္ဂလိပ်

ကိုးကွယ်မှု– ရိုမန်ကက်သလစ် (၈၀.၉%)၊ အစ္စလာမ် (၅%)၊ အခြားခရစ်ယာန် (၄.၅%)၊ အခြားဘာသာများ (၁.၈%)၊ ဘာသာမဝင်သူများ (၀.၁%)

လွတ်လပ်ရေး (အမေရိက၊ သတ်မှတ်)၄ ဇူလိုင် ၁၉၄၆

တယ်လီဖုန်းကုတ် – +၆၃

❒

## အစဉ်အဆက်အုပ်ချုပ်ခဲ့သူများ

ဖိလစ်ပိုင်နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖိလစ်ပိုင်နိုင်ငံရဲ့ သမ္မတဟာ အစိုးရအဖွဲ့အကြီးအကဲဖြစ်သလို ကာကွယ်ရေး ဦးစီးချုပ်လည်း ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၁၈၉၉ ခုနှစ်မှာ ပထမဆုံးဖြစ်လာတဲ့ သမ္မတက Emilio Aguinaldo ဖြစ်ပါတယ်။ သူဟာ ၁၉၀၁ ခုနှစ်အထိအုပ်ချုပ်ခဲ့ပြီး စစ်ပွဲအတွင်း ဖမ်းဆီးခံခဲ့ရကာ ဖိလစ်ပိုင်နိုင်ငံဟာ အမေရိကန်ကိုလိုနီအဖြစ် ကျရောက်ခဲ့ရပါတယ်။

၁၉၃၅ ခုနှစ်ရောက်တော့ ဖိလစ်ပိုင်နိုင်ငံဟာ အချုပ်အခြာအာဏာ ပြန်လည်ရရှိခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲခဲ့ပါတယ်။ အဲဒီ အခြေခံဥပဒေအရ ရွေးကောက်ပွဲကျင်းပတဲ့အခါ Manuel L. Quezon ဟာ ဒုတိယမြောက် သမ္မတဖြစ်လာခဲ့ပြီး သမ္မတသက်တမ်း ၆နှစ် သတ်မှတ်ခဲ့ပါတယ်။

သို့ပေမဲ့ ဖိလစ်ပိုင်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်မှာ ဂျပန်လက်အောက်ကိုရောက်ရှိခဲ့ရပြန်ပြီး ဂျပန်အလိုကျအဖြစ် ရုပ်သေးသမ္မတ José P. Laurel ကို တင်မြှောက်ခဲ့ပါတယ်။ ၁၉၄၅ ခုနှစ် ဂျပန်တွေစစ်ရှုံးအပြီးမှာတော့ ဂျပန်ရုပ်သေးဖြစ်သူ Sergio Osmeña က ဖိလစ်ပိုင်သမ္မတဖြစ်နေပြီး စစ်ပြီးချိန် ပထမဆုံး ရွေးကောက်ပွဲကျင်းပပေးတဲ့အခါ Manuel Roxas ကအနိုင်ရလို့ ၁၉၄၈ အထိ သမ္မတ



အမျိုးသမီး သမ္မတများ ဖြစ်ခဲ့ဖူးသည့် Arroyo နှင့် Corazon Aquino

ဖြစ်ခဲ့ပါတယ်။ သူ့ကို လွတ်လပ်ရေးရပြီးချိန် ဖိလစ်ပိုင်နိုင်ငံရဲ့ ပထမဆုံး သမ္မတလို့လည်း ဆိုနိုင်ပါတယ်။

သမ္မတ ၅ ယောက်ပြောင်းလဲပြီးနောက်မှာ အာဏာရှင်အဖြစ် နာမည်ဆိုးတွင်ခဲ့တဲ့ Ferdinand Marcos က ၁၉၆၅ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဖိလစ်ပိုင်သမ္မတ ဖြစ်လာပါတယ်။ ၁၉၈၆ ခုနှစ် လူထုတော်လှန်ရေးနဲ့ဖြုတ်ချခံရပြီး Ferdinand Marcos ကို ပြည်နှင်ဒဏ်ပေးလိုက်ပါတယ်။ ၁၉၈၇ ခုနှစ်မှာဖိလစ်ပိုင်သမ္မတနိုင်ငံတော်အဖြစ် ပြန်လည် အသက်သွင်းခဲ့ပါတယ်။ လူထုတော်လှန်ရေးကြောင့် ဖိလစ်ပိုင်နိုင်ငံမှာ အမျိုးသမီးသမ္မတနှစ်ဦး Corazon Aquino နဲ့ Gloria Macapagal Arroyo တို့လည်း ပေါ်ထွန်းခဲ့ပါတယ်။

❐

## ရွေးကောက်ပွဲကာလ

ဖိလစ်ပိုင်နိုင်ငံမှာ သမ္မတသစ် ရွေးကောက်တင် မြှောက်ဖို့အတွက် ပြည်သူတွေ ၂၀၁၆ မေလ ၉ ရက်နေ့မှာ မဲပေးခဲ့ကြပါတယ်။ တရားဝင် မဟုတ်သေးတဲ့ စာရင်းတွေအရ သဘောထားတင်းမာပြီး စကားကို ခပ်ပြတ်ပြတ်ပြောတတ်တဲ့ မြို့တော်ဝန်တစ်ဦးက မဲအများဆုံးရနေပါ တယ်။

တောင်ပိုင်း Davao မြို့ရဲ့ မြို့တော်ဝန်အဖြစ် နှစ်အတော်ကြာ တာဝန်ထမ်းခဲ့တဲ့ Rodrigo Duterte ဟာ ဒီကနေ့ ရွေးကောက်ပွဲ မတိုင်ခင် အစောပိုင်း လူထုစစ်တမ်းတွေအရ အထက်လွှတ်တော်အမတ် Grace Poe၊ လက်ရှိသမ္မတ Benigno Aquino ထောက်ခံတဲ့ ပြည်ထဲ ရေးဝန်ကြီး Manuel Roxas တို့ထက် ၁၀% လောက်အထိ ထောက်ခံမှု ပိုရနေတာပါ။

အသက် ၇၁ နှစ်အရွယ် Duterte ဟာ ရာဇဝတ်မှုကျူး လွန်သူတွေ ကို သုတ်သင်ပစ်မယ်ဆိုတဲ့ ကတိအပါအဝင် ရာဇဝတ်မှုနဲ့ အဂတိလိုက် စားမှုတွေကို တိုက်ဖျက်သွားမယ်လို့ ခပ်ပြတ်ပြတ်ပြောတဲ့ မိန့်ခွန်းတွေ



ကြောင့် ပြည်သူ ထောက်ခံမှု ရရှိခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ ခပ်ကြမ်းကြမ်း စကားလုံးတွေကြောင့် အမေရိကန်သမ္မတလောင်း အကြိုရွေးပွဲတွေမှာ ရီပတ်ဘလီကန် ပါတီဘက်ကနေ သမ္မတလောင်းဖြစ်ဖို့ ကြိုးစားနေတဲ့ Donald Trump နဲ့ နှိုင်းယှဉ်ဖော်ပြခံနေရသူလည်း ဖြစ်ပါတယ်။

မေလ ၃၀ ရက်နေ့မှာတော့ တစ်နိုင်ငံလုံးက မဲရလဒ်တွေကို တရားဝင်ကြေညာပေးခဲ့ပါတယ်။

❐

## သမ္မတရွေးကောက်ပွဲမှာ အနိုင်ရသူ ဒူတာတေး

ဖိလစ်ပိုင်နိုင်ငံ သမ္မတ ရွေးကောက်ပွဲမှာ လက်ရှိ Davao မြို့တော်ဝန် ရိုဒရီဂို ဒူတာတေးက သူအနိုင်ရပြီ ဖြစ်တယ်လို့ ကြေညာလိုက်ပါတယ်။ မဲတွေရဲ့ ၈၈ % ကျော်ကို ရေတွက်အပြီးမှာ မစ္စတာဒူတာတေးဟာ မဲ ၁၄ သန်းကျော် ရရှိထားပြီး၊ ဒါဟာ အနီးကပ်ဆုံးပြိုင်ဘက် သမ္မတလောင်းထက်ကို မဲအရေအတွက် ၆ သန်းနီးပါး ပိုမိုရရှိထားတာ ဖြစ်ပါတယ်။

အစောပိုင်းတုန်းက သူ့ရဲ့ အဓိကပြိုင်ဘက် ဆီနိတ်တာ အမျိုးသမီး အမတ်ဂရေ့စ်ပိုးက မဲတွေဆက်လက်ရေတွက် နေကြဆဲဖြစ်ပေမဲ့ လက်ရှိထွက်ပေါ်လာတဲ့ ရလဒ်တွေအရ ထိပ်ကနေဦးဆောင်နေတဲ့ မစ္စတာဒူတာတေးဟာ ကျန်ပြိုင်ဘက်တွေအားလုံးထက် မဲပိုရရှိမှာဖြစ်တယ်ဆိုတဲ့အချက်ဟာ သိသာနေနှင့်ပြီလို့ ပြောကြားရင်း၊ ရွေးကောက်ပွဲမှာ မစ္စတာ ဒူတာတေးအနိုင်ရရှိကြောင်း အသိအမှတ်ပြု ပြောဆိုထားပါတယ်။


ဖိလစ်ပိုင် နိုင်ငံမှာ တွေ့ကြုံနေရတဲ့ ရာဇဝတ်မှုတွေကို ပြတ်ပြတ်



သမ္မတ ရွေးကောက်ပွဲ အနိုင်ရအပြီး ဒူတာတေးနှင့် ပရိသတ်များ အောင်ပွဲခံစဉ်

သားသား ကိုင်တွယ်မယ်ဆိုတဲ့ မစ္စတာ ဒူတာတေးရဲ့ ရွေးကောက်ပွဲအကြို မဲဆွယ်ကတိအပေါ် ဖိလစ်ပိုင်ပြည်သူ တွေအတော်များများက သဘောကျခဲ့ကြပါတယ်။ ဒါပေမဲ့ ရာဇဝတ်ကောင်တွေ ထောင်ချီပြီး သတ်ပစ်မယ်ဆိုတဲ့ မစ္စတာဒူတာတေးရဲ့အပြောဟာလည်း အငြင်းပွားဖွယ်ရာ၊ ဝေဖန်ဖွယ်ရာ ဖြစ်ခဲ့ပါတယ်။

❐




## ၁၆ ဦးမြောက် ဖိလစ်ပိုင်သမ္မတ

၂၀၁၆ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှာ ရှေ့နေနဲ့ နိုင်ငံရေးသမား တစ်ဦးဖြစ်သူ Rodrigo Duterte ဟာ ၁၆ ဦးမြောက် သမ္မတဖြစ်လာပါတယ်။ သမ္မတဖြစ်ချိန်မှာ သူ့အသက်ဟာ ၇၁ နှစ်ရှိနေပါပြီ။

## ပညာရေးနဲ့ အလုပ်အကိုင်

သူဟာ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို အထူးပြု လေ့လာခဲ့ပြီး ၁၉၆၈ ခုနှစ်မှာ ဖိလစ်ပိုင်တက္ကသိုလ်က ဘွဲ့ရခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်မှာတော့ San Beda College က ဥပဒေဘွဲ့ ရရှိခဲ့ပါတယ်။ ရှေ့နေအဖြစ် အသက်မွေးရင်းနဲ့ မြို့တော်ဝန်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။





## ငယ်စဉ်ဘဝ

ဒူတာတေးကို ၁၉၄၅ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာ ဖိလစ်ပိုင်နိုင်ငံ မက်ဆင်မြို့လေးမှာ မွေးဖွားခဲ့ပါတယ်။ သူ့ မိခင်ဘက်က အဘိုးဖြစ်သူ ဟာ တရုတ်ပြည်ဖွားဖြစ်ပြီး ဖခင်ဖြစ်သူက ရှေ့နေဖြစ်ပါတယ်။ မိခင်က ကျောင်းဆရာမတစ်ယောက်ပါ။ ဖိလစ်ပိုင်နိုင်ငံ Davao City က ကျောင်းမှာ သူဟာ ဘွဲ့ရတဲ့အထိ ပညာသင်ကြားခဲ့ပါတယ်။ နိုင်ငံရေး သိပ္ပံဘွဲ့နဲ့ ဥပဒေဘွဲ့တို့ကို ရရှိပြီးနောက် ၁၉၇၇ ခုနှစ်အထိ ဥပဒေ အကြံ ပေးအရာရှိအဖြစ် လုပ်ခဲ့ပါတယ်။ သူ ငယ်ရွယ်စဉ်က ခရစ်ယာန် ဘုန်း တော်ကြီးတစ်ပါးရဲ့လိင်ပိုင်းဆိုင်ရာ စော်ကားမှုခံခဲ့ရတယ်လို့ ဆိုပါတယ်။

❐

## မြို့တော်ဝန်ဒူတာတေး

ဒူတာတေး မြို့တော်ဝန်အဖြစ်ဆောင်ရွက်ခဲ့တဲ့ Davao မြို့ဟာ ရဲဌာနရဲ့ထုတ်ပြန်ချက်အရ လူသတ်မှုနဲ့မုဒိမ်းမှု အများဆုံးလို့ သိရပါတယ်။ ပြီးတော့ အရွယ်မရောက်သေးတဲ့ ပြည့်တန်ဆာတွေနဲ့ မူးယစ်




မိသားစုနှင့်အတူ ငယ်ဘဝ ဒူတာတေး (ဝဲ-ဒုတိယ) အား တွေ့ရစဉ်

ဆေးပြဿနာတွေကလည်း အတော်များပြားပါတယ်။ ဒါကို ဒူတာတေး က သူ့လက်ထက်မှာ ကမ္ဘာ့လုံခြုံစိတ်ချရမှုအရှိဆုံး မြို့တော်တစ်ခုဖြစ် အောင် လုပ်ဆောင်မယ်လို့ ကြွေးကြော်ခဲ့ပါတယ်။

သူ သမ္မတဖြစ်ပြီး မူးယစ်ဆေးဝါးပြဿနာနဲ့ ပတ်သက် လို့ ကိုင် တွယ်ရာမှာ ရက်စက်တဲ့လုပ်ဆောင်ချက်ရှိခဲ့ပေမဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ထုတ် ဖော်ဘီးမဂ္ဂဇင်းထဲမှာ ကမ္ဘာ့ဩဇာအရှိဆုံးပုဂ္ဂိုလ် ၁၀၀ ထဲ သူက ၇၀ဦးမြောက်အဖြစ် စာရင်းဝင်ခဲ့ပါတယ်။

❐



## ဝါသနာ

သူဟာ စက်ဘီးနဲ့ဆိုင်ကယ်ကို ရူးသွပ်သူဖြစ်ပေမဲ့ ဇိမ်ခံမော်တော်ကားကိုတော့ မုန်းတီးသူဖြစ်ပါတယ်။ ဟိုအရင်က ဟာလီဒေဗီဆန် တစ်ပတ်ရစ်ဆိုင်ကယ်ကို စီးနင်းခဲ့ပေမဲ့ အခုမှာတော့ Yamaha Virago ဆိုင်ကယ်ကို ပိုင်ဆိုင်ထားပါတယ်။ ပြီးတော့ သူဟာ ဆေးလိပ်သောက်သူတစ်ယောက်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာဝန်က ကျန်းမာရေးအကြောင်းပြလို့ ဆေးလိပ်ဖြတ်ခိုင်းတာကြောင့် သူဆေးလိပ်ကို ယတိပြတ်ဖြတ်လိုက်တာပါ။ စာပေဖတ်ရှုမှုအနေနဲ့တော့ Robert Ludlum နဲ့ Sidney Sheldon တို့ရဲ့ ဝတ္ထုတွေ ဖတ်လေ့ရှိပါတယ်။

❒

## အိမ်ထောင်ရေး

အရင်က သူ့မှာ အိမ်ထောင်ရှိခဲ့ပါတယ်။ Zimmerman ဆိုတဲ့ လေယာဉ်မယ်အမျိုးနဲ့ အိမ်ထောင်ကျခဲ့ပြီး Paolo, Sara, Baste သားသမီး ၃ ယောက် ထွန်းကားခဲ့ပါတယ်။ အကြီးဆုံးသားဖြစ်သူ Paolo က မော်တော်ကား ပြန်ပေးဆွဲမှုတစ်ခုမှာ ပါဝင်ပတ်သက်တယ် ဆိုပြီး သတင်းထွက်ခဲ့တော့ ဒူတာတေးလည်း နာမည်ပျက်ခဲ့ရပါသေး တယ်။ ဒါပေမဲ့ "ကျွန်တော့်သား Paolo က ရာဇဝတ်မှုထဲပါဝင်ခဲ့တယ် ဆိုရင် သတ်ပစ်လိုက်ပါ"လို့ ဒူတာတေးက ပြောခဲ့ပါတယ်။ တကယ် တမ်းမှာတော့ သူ့သားမပါဝင်ခဲ့ဘူးလို့ သိရပါတယ်။

ယခင်ဇနီးဟောင်းနဲ့ ကွာရှင်းပြီးနောက်မှာ အခုလက်ရှိ Cielito ဆိုတဲ့ဇနီးနဲ့ တရားဝင်ပေါင်းသင်း နေထိုင်ပါတယ်။ ဒူတာတေးမှာ မြေး ၈ ယောက်ရှိပြီး တစ်ဝက်က မွတ်ဆလင် ဘာသာဝင်ဖြစ်ပြီး ကျန်တစ် ဝက်က ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်ကြပါတယ်။ သူဟာ မိရိုးဖလာ ခရစ်ယာန်ဘာသာဝင်တစ် ယောက်ဖြစ်ပေမဲ့ ဘာသာရေး အခမ်းအနား ပွဲတွေ တက်ရောက်လေ့မရှိပါဘူး။



သမ္မတ ဒူတာတေး နှင့် ဒုတိယဇနီး Cielito အား ပါတီပွဲတစ်ခုတွင် တွေ့ရစဉ်

"ကျွန်တော်ဟာ ဘုန်းတော်ကြီးရဲ့ စကားကိုဖြစ်စေ၊ ပညတ်တော် ဆယ်ပါးကိုဖြစ်စေ နားထောင်လိုက်မယ်ဆိုရင် ဘာမှလုပ်လို့ရမှာ မဟုတ်တော့ဘူး" လို့ သူပြောခဲ့ပါတယ်။ "ကျွန်တော်ဟာ ခရစ်ယာန် တစ်ယောက်ဖြစ်ပေမဲ့ အလ္လာအရှင်မြတ်ကိုလည်း ယုံကြည်ပါတယ်" လို့ ၂၀၁၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့က သူပြောခဲ့ပါတယ်။

❐

## ကျန်းမာရေး

ကျန်းမာရေးအားဖြင့် ဒူတာတေးမှာ Buerger's disease သွေးကြောရောင်ရမ်းတဲ့ ရောဂါနဲ့ အစာအိမ်ရောဂါ ရှိပါတယ်။ အစာမျို ပြွန်မှာလည်း ပြဿနာနည်းနည်းရှိပေမဲ့ သူက ဂရုမစိုက်ပါဘူး။

❒



## ကျမ်းသစ္စာ ကျိန်ဆိုခြင်း

မေလ ၉ ရက်က ကျင်းပခဲ့တဲ့ ဖိလစ်ပိုင်ရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့သူ ဒါဗာအိုမြို့တော်ဝန်ဟောင်း ရိုဒရီဂို ဒူတာတေးဟာ ဇွန်လ ၃၀ ရက်က နိုင်ငံတော်သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပါတယ်။

သမ္မတသစ်ဖြစ်လာသူ ဒူတာတေးဟာ နိုင်ငံတွင်း ရာဇဝတ်မှုတွေအပေါ် တင်းကျပ်စွာ ကိုင်တွယ်သွားရေးက သူ့ရဲ့ခြောက်နှစ်တာ သမ္မတသက်တမ်းမှာ အဓိကလုပ်ဆောင်မယ့် ကိစ္စရပ်ဖြစ်တယ်လို့ ပြောကြားထားခဲ့သူဖြစ်ပါတယ်။ ဒူတာတေးရဲ့ အခုကျမ်းသစ္စာကျိန်ဆိုမှု အခမ်းအနားဟာ လူအများအပြားစုရုံးတက်ရောက်ခဲ့တဲ့ ယခင်ဖိလစ်ပိုင်ခေါင်းဆောင်များရဲ့ကျမ်းကျိန်ပွဲတို့နဲ့ မတူဘဲ သမ္မတအိမ်တော်ထဲမှာ ပရိသတ်အနည်းအကျဉ်းကိုသာ ဖိတ်ခေါ်လုပ်ဆောင်ခဲ့တာပါ။

"ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှု၊ ပူးပေါင်းပါဝင်မှု မပါရင် ဘယ်လောက်ပဲ အာဏာပြင်းတဲ့ခေါင်းဆောင်ပဲ ဖြစ်ပါစေ၊ နိုင်ငံရဲ့ အရေးပါအရာရောက်မှုတွေကို အောင်မြင်အောင် ဆောင်ကြဉ်းပေးနိုင်မှာ မဟုတ်ပါဘူး"လို့ ကျမ်းကျိန်ပွဲအခမ်းအနားမှာ သမ္မတသစ်ဒူတာတေးက



၂၀၁၆ ဇွန် ၃၀ ရက်နေ့ သမ္မတသစ် အဖြစ် မစ္စတာ ဒူတာတေး ကျမ်းသစ္စာပြုစဉ်

ပြောကြားခဲ့ပါတယ်။

ဖိလစ်ပိုင်သမ္မတသစ် ဖြစ်လာသူ ဒူတာတေးရဲ့ ရာဇဝတ်မှု တိုက်ဖျက်ရေး အစီအမံတွေထဲမှာ သေဒဏ် ပြစ်ဒဏ်ကို ပြန်လည် ကျင့်သုံးရေး၊ လုံခြုံရေးတပ်ဖွဲ့တွေကို ပစ်ခတ်ဖမ်းဆီးခွင့်ပေးခြင်း၊ မူးယစ်ရာဇာတွေကို အသေဖမ်းဆီးနိုင်ပါက ဆုငွေပေးခြင်း စသည်တို့ ပါဝင်နေပါတယ်။

❒

## အထက်လွှတ်တော်ထဲက တိုက်ပွဲ

သမ္မတဖြစ်ပြီးမကြာမီမှာပဲ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးဟာ ဒါဗာအို မြို့တော်ဝန်ဘဝက တရားရေးဌာန ဝန်ထမ်းတစ်ယောက်ကို အူဇီစက်သေနတ်နဲ့ ပစ်သတ်ခဲ့ဖူးတယ်ဆိုပြီး စွပ်စွဲမှုတွေ ပေါ်ထွက်လာပါတယ်။ အရင်က ဒူတာတေးရဲ့ လက်ဖြောင့်သေနတ် သမားဟောင်းလို့ဆိုတဲ့ Edgar Matobato ဆိုသူက ဆီးနိတ်အထက် လွှတ်တော်ကြားနာပွဲတစ်ခုမှာ အခုလိုစွပ်စွဲပြောကြားလိုက်တာ ဖြစ်ပါတယ်။ Matobato တို့ပါခဲ့တဲ့ ဒီလက်ဖြောင့်လူသတ်သမားတွေကြောင့် ဒါဗာအိုမှာ လူရာချီ သေဆုံးခဲ့ရပါတယ်။

"ကျုပ်တို့အလုပ်က ဆေးသမား၊ မုဒိမ်းသမားတွေနဲ့ လူဆိုးတွေကို ပစ်သတ်ဖို့ပဲ" လို့ သူက ဆိုပါတယ်။ သတ်ရမယ့် သူတွေရဲ့ နာမည်ကိုတောင်မသိဘဲ သမ္မတက သူတို့ကို ခေါ်သတ်ခိုင်းတာပါ၊ ဒီထဲမှာ ဒူတာတေးရဲ့ ပြိုင်ဘက်တွေပါ ပစ်မှတ်ထား သတ်ဖြတ်ခံခဲ့ရတယ်လို့လည်း Matobato က ဆိုပါတယ်။ ပြိုင်ဘက်တစ်ယောက်ရဲ့ သက်တော်စောင့် ၄ ယောက်လည်း အသတ်ခံရတယ်လို့ ထွက်ဆိုပါတယ်။



ဖိလစ်ပိုင် လွှတ်တော်အတွင်းမှ သမ္မတ ဒူတာတေး၏ ပုံရိပ်လွှာ

၁၉၉၃ တုန်းက သူတို့နဲ့ လမ်းမှာရင်ဆိုင်ပစ်ခတ်ခဲ့တဲ့ တရားရေး ဌာနဝန်ထမ်းကို ဒူတာတေးက အသေသတ်ခဲ့တယ်လို့ မာတိုဘာတိုက ပြောပါတယ်။ ဒူတာတေးက ဒီလူကို အူဇီကျည်ကတ် ၂ ကတ်သုံးပြီး ပစ်သတ်တာလို့ ဆိုပါတယ်။ လူတွေကို ကလီစာတွေဖောက်ထုတ်ပြီး ရေထဲချပစ်တာ၊ မိကျောင်းစာ ကျွေးတာမျိုးလို ရက်ရက်စက်စက်တွေ လုပ်ခဲ့တယ်လို့လည်း ဆိုပါတယ်။ သူဟာ ဒူတာတေး သမ္မတ ဖြစ်လာချိန်မှာ သူ့အသက်အန္တရာယ်ကို စိုးရိမ်လို့ ပုန်းနေရတယ်လို့ ဆီးနိတ်လွှတ်တော် ကော်မတီရှေ့မှာ ထွက်ဆိုခဲ့ပါတယ်။

ဒါဗာအိုမှာ ကက်သလစ်ဘုရားကျောင်းတစ်ကျောင်း တိုက်ခိုက်ခံရတာကို လက်တုံ့ပြန်တဲ့အနေနဲ့ ဒူတာတေးက မွတ်ဆလင်ဗလီကို ဗုံးခွဲခိုင်းတယ်လို့လည်း သူက ဆိုပါတယ်။ ဒါဗာအိုမှာ ဒီလို ဥပဒေမဲ့သတ်ဖြတ်နေတာတွေကို ဖိလစ်ပိုင် လူ့အခွင့်အရေးကော်မရှင်က ဖော်ထုတ်ဖို့ ပျက်

ကွက်ခဲ့တယ်လို့လည်း ဆိုပါတယ်။

"ဒီလူပြောနေတာတွေကို မသိဘူး၊ သူ့ကို လူတစ်စုက အသုံးချနေတာ ဖြစ်မယ်"လို့ ဒူတာတေးရဲ့သား ကာလိုက ပြောပါတယ်။ အထက်လွှတ်တော် ကြားနာပွဲကို ခေါင်းဆောင်တဲ့ အမျိုးသမီး Leila de Lima ဟာလည်း ဒူတာတေးကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူ ဖြစ်ပါတယ်။ သူ့ကို မူးယစ်ရာဇာတွေနဲ့ ဆက်သွယ်တယ်လို့လည်း စွပ်စွဲပါတယ်။

မာတိုဘာတိုကို အခုလိုထွက်ဆိုခွင့် ပြုတာနဲ့ ပတ်သက်ပြီး ဒါဟာ သမ္မတကို ဖယ်ရှားဖို့ ကြံစည်တာလားဆိုပြီး ဒူတာတေး ဘက်တော်သား လွှတ်တော်အမတ်တွေက ပြန်လှန်မေးခွန်းထုတ်ကြပါတယ်။

ဒူတာတေး လက်ထက် ဒါဗာအိုမှာ မှုခင်းတွေ ကျဆင်းခဲ့တာမို့ ဒါကို တစ်နိုင်ငံလုံးအဆင့်ရောက်အောင် လုပ်မယ်ဆိုပြီး ကြွေးကြော်နေတာပါ။ သူ့လက်ထက်မှာ မူးယစ်ဆေးသမား ၃၀၀၀ ကျော် သတ်ဖြတ်ခံခဲ့ရတာမို့ နိုင်ငံတကာ အသိုက်အဝန်းမှာ ဝေဖန်ခံခဲ့ရပါတယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အခုလိုနောက်ကြောင်းပြန် စုံစမ်းမှုတွေ လုပ်တာဟာ ဘယ်မှ ခရီးရောက်မှာ မဟုတ်ပါဘူးလို့ သမ္မတဒူတာတေးရဲ့ ပြောခွင့်ရပုဂ္ဂိုလ်က တုံ့ပြန်ခဲ့ပါတယ်။

❒

## ဖိလစ်ပိုင် သမ္မတ လစာ

အကယ်၍များ အချိန်တွေကိုသာ နောက်ပြန်ဆွဲလို့ရမယ်ဆိုရင် လက်ရှိရာထူးကို ရယူချင်စိတ်ရှိတော့မှာ မဟုတ် ဘူးလို့ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ဖွင့်ဟပြောဆိုသွားခဲ့ကြောင်း ဒီဇင်ဘာ ၁၄၊ ၂၀၁၆ သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

လက်ရှိသမ္မတတာဝန်ကို ရယူထားရခြင်းမှာ လွန်စွာခေါကုန် လက်ပန်းကျစရာကောင်းနေပြီး လစာရရှိမှုနှုန်းမှာလည်း နည်းပါးလှ တယ်လို့ ဒူတာတေးက ညည်းတွားပြောဆိုပါတယ်။

ဒီဇင်ဘာလ ၁၂ ရက် မနီလာမြို့ သမ္မတအိမ်တော်မှာ ကျင်းပတဲ့ အခမ်းအနားတစ်ခုမှာ ဒူတာတေးက "နောက် ခြောက်နှစ်အထိ ကျွန်တော် ဒီနေရာမှာ ဆက်ရှိနေနိုင်မလားဆိုတာ ကျွန်တော်ကိုယ်တိုင်လည်း မသိ သေးပါဘူး၊ ကျွန်တော် ဒီနေရာကနေဆင်းဖို့ အဆင့်သင့်ပါပဲ၊ သမ္မတပဲ ဖြစ်ဖြစ် ရာထူးအာဏာပဲဖြစ်ဖြစ် ဘာကိုမှ အစွဲအလမ်းမထားတတ်ပါ ဘူး" လို့လည်း ပြောခဲ့ပါတယ်။

လက်ရှိ ဖိလစ်ပိုင်သမ္မတတစ်ဦးရဲ့ လစဉ်ရရှိနေတဲ့ လစာနှုန်းထား

ပီဆို ၁၃၀,၀၀၀ (ဒေါ်လာ ၂,၆၀၀)က အလွန်နည်းပါးလွန်းတဲ့ ပမာဏ ဖြစ်တယ်လို့ထင်မိကြောင်းလည်း ပြောခဲ့ပါသေးတယ်။ ဒါပေမဲ့ ရွေး ကောက်ပွဲမဲဆွယ်ကာလက ပြည်သူတွေကို ပေးထားခဲ့တဲ့ ကတိကဝတ် အားလုံးကိုတော့ ပြည့်မြောက်အောင် ဖြည့်ဆည်းပေးသွားချင်တယ်လို့ သူက ဆက်ပြောခဲ့ပါတယ်။

❒

## မူးယစ်နှိမ်နင်းရေး ဇာတ်ဝင်ခန်းများ

လူတိုင်း ထိတ်လန့်တုန်လှုပ်နေကြရသည်။ ထိုအထဲတွင် ဘက်ချီ ဆာဗေးဒါးတစ်ယောက်လည်း ပါဝင်သည်။ သူ့ယောက်ျားအလှည့် ဘယ်တော့ကျလာလိမ့်မလဲဟု ထိတ်လန့်စိုးရိမ်နေခဲ့ရသည်မှာ ကြာခဲ့ပြီ။

ဖိလစ်ပိုင်နိုင်ငံတွင် သမ္မတဒူတာတေး တက်လာပြီးကတည်းက မူးယစ်စစ်ပွဲဟုကြေညာကာ ပြည်သူတွေကို တိုက်ပွဲဆင်ခဲ့သည်။ ပြည်တွင်းထုတ် သတင်းစာများတွင်လည်း နေ့တိုင်းသေဆုံးစာရင်းများကို ထုတ်ပြန်ရသည့် နေရာတစ်ရာက အမြဲယူထားသည်။ မူးယစ်ဆေးရောင်းသူ၊ သုံးစွဲနေသူများကို ရဲတွေ ပစ်သတ်သည်က တစ်မျိုး၊ မည်သူမှန်း မသိလိုက်ရသော သေနတ်သမားတွေက ပစ်သတ်လိုက်ပြန်ပြီဆိုသည့် သတင်းကတစ်နည်း၊ သတင်းတွေ နေ့စဉ်တက်နေသည်။ လမ်းဘေးတွင် ပိုးစိုးပက်စက် လဲကျနေသူများ၏ ရင်ဘတ်ပေါ်တွင် လည်း "ကျွန်တော် ဆေးသမားပါ။ ကျွန်တော့်လို မဖြစ်ကြပါစေနဲ့" ဆိုသည့် စာတန်းတွေ တင်ထားသည်။

ပစ်ပြီ၊ သေပြီဆိုသည့် သတင်းထွက်ပေါ်လာတိုင်း ဘက်ချီတစ်

ယောက် သူ့ယောက်ျား မဟုတ်ပါစေနှင့် ဆုတောင်းနေရသည်။ သူနှင့် ဆယ်နှစ်ကျော်ပေါင်းသင်းလာခဲ့သည့် ယောက်ျားဖြစ်သူနှင့် ကလေး သုံးယောက် ရထားပြီ။ သူမ စိုးရိမ်နေသည်မှာ ယောက်ျားဖြစ်သူက ဆေးသမား၊ ဆေးစွဲနေသောကြောင့် ဖြစ်သည်။

"ကျွန်မ သူ့ကို အမြဲပြောတယ်။ ညဘက်အပြင် မထွက်ပါနဲ့လို့"

သူမ၏ ခင်ပွန်းဖြစ်သူ မာဆဲလိုကလည်း "မစိုးရိမ်ပါနဲ့ မိန်းမရာ။ ငါပြန်လာမှာပါ။ အိုကေပါတယ်"ဟု အမြဲပြန်ပြောတတ်သည်။

ခင်ပွန်းဖြစ်သူ မာဆဲလိုက တက္ကစီကားမောင်းသည်။ ကားသမား ဆိုသည့်အတိုင်း ညဘက်အိပ်မငိုက်ရန် ကြံဆောင်ရင်းက သူတို့ဒေသ အခေါ် ရှာဘူးဆေးစွဲတော့သည်။ သူနှင့် အပေါင်းပါကားသမားများ အခေါ် ရှာဘူးဆိုသည့် မက်သ် အမ်ဖီတမင်းဆေးပြားများသုံးကာ သူ ကားမောင်း နေခဲ့သည်မှာ ၂ နှစ်ကျော် ကြာခဲ့ပြီ။

သမ္မတအဖြစ် စည်းရုံးလှုပ်ရှားစဉ်ကာလများတွင် ဒူတာတေးက မူးယစ်ဆေးသည် နိုင်ငံတော်အတွက် သေရေး၊ ရှင်ရေးကိစ္စတစ်ခုလို ဖြစ်နေပြီး နိုင်ငံတော်ကို ခြိမ်းခြောက်နေပြီဟု စည်းရုံးပြောဆိုခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ဆယ်စုနှစ် တစ်စုအတွင်း အကျင့်ပျက်ခြစားမှုများ၊ ရာဇဝတ်မှုများကို ထိတ်လန့်စွာခံစားနေကြရသဖြင့် သူ့အပြောကို မိန်းမောသွားခဲ့ကြသည်။

၂၀၀၄ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံတွင် မူးယစ်ဆေးသုံးစွဲသူပေါင်း ၆ ဒသမ ၇ သန်း ရှိခဲ့ရာမှ မိမိအစိုးရလက်ထက် တွင် ၁ ဒသမ ၇ သန်းအထိ ကျဆင်းသွားပြီးဖြစ်ကြောင်း ဒူတာတေး အစိုးရက ဂုဏ်ယူစွာ ထုတ်ပြန်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် မူးယစ်ဆေးသုံးစွဲနေသည့် လူဦးရေ မှာ အစိုးရ ထုတ်ပြန်ချက်အရ ၂ ရာခိုင်နှုန်းခန့်သာ ရှိတော့သည်။ ထိုနှုန်းသည် အမေရိကန်ပြည်ထောင်စု သို့မဟုတ် ဩစတြေးလျနိုင်ငံ



ဒူတာတေးလက်ထက် မူးယစ်သားကောင်များကို ဖမ်းဆီးလာနေပုံ

တို့နှင့် နှိုင်းယှဉ်လိုက်မည် ဆိုလျှင် မပြောပလောက်သည့် အရေအတွက် ဖြစ်သည်။ အာရှရှိထိုင်း၊ ကမ္ဘောဒီးယားတို့နှင့်ယှဉ်လျှင်ပင် မဆိုစလောက် အရေအတွက် ဖြစ်သွားသည်။

ဖိလစ်ပိုင်နိုင်ငံသည် မူးယစ်ဆေးကြောင့် ချောက်ထဲကျလုလု အနေအထားဖြစ်နေပြီဆိုသည့် ဒူတာတေး၏ ပြောစကားသည် လက်ရှိအနေအထားတွင် စိုးရိမ်ထိတ်လန့်စရာ ဖြစ်နေသေးသလော တွေးစရာဖြစ်လာသည်။ ဒူတာတေးသည် မူးယစ်ဆေးဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဒါဗာအိုမြို့တွင် မြို့တော်ဝန်ဘဝဖြင့် တာဝန်ထမ်းဆောင်စဉ်ကတည်းက လုပ်ဆောင်ခဲ့သူ ဖြစ်သည်။ ဒါဗာအိုမြို့တော်ဝန်ဘဝက သူ့ကိုယ်သူရဲတပ်ဖွဲ့၏ အကြီးအကဲတစ်ယောက်အသွင်ဖြင့်ဟာလေဒေးဗစ်ဆန်ကြီးကိုစီးပြီး ရာဇဝတ်မှုများကို နှိမ်နင်းခဲ့သူလည်း ဖြစ်သည်။ သူ့ကိုယ်သူလည်း 'ဒူတာတေး ဟာရီ' ဟု လည်းကောင်း၊ 'ပြစ်ဒဏ်ပေးသူ' ဟုလည်းကောင်း ဂုဏ်ယူစွာ အမည်ပြောင်ပေးပြီး သူအုပ်ချုပ်ခဲ့သည့် ဒါဗာအိုတွင် ကြမ်းရမ်းစွာ စီရင်စိုးမိုးခဲ့သူတစ်ဦး ဖြစ်သည်။

ဒါဗာအိုတွင် သူအုပ်ချုပ်ခဲ့စဉ်က မြို့တွင်းကို ဆိုင်ကယ်စီးသူများနှင့် လှည့်လည်ပြီး 'ဒါဗာအို သေမင်းတပ်' ဟုဆိုကာ ထိတ်လန့်အောင် လှုပ်ရှားခဲ့ဖူးသည်။ သူ၏ သေမင်းတပ်ကြောင့် ဒါဗာအိုမြို့တွင် လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ရသည်။

ဒူတာတေးက အသံကျယ်ကျယ် ထုတ်ဖော်ပြောဆိုတတ်သည်။ သူပြောသည်ကို ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မီဒီယာတွေကလည်း ကိုးကားပြီး အကြီးအကျယ် ဖြစ်အောင် ထုတ်ဖော်ပေးတတ်သည်။ သူက မူးယစ်ဆေးဖြင့် သံသယရှိသူများကို ကိုယ့်မှာ သေနတ်ရှိလျှင် ကိုယ်တိုင်စီရင်ပစ်လိုက်ဟု ရဲတွေကို လှုံ့ဆော်နိုးဆွပေးသည်။

မေလ ၇ ရက်နေ့ သမ္မတစည်းရုံးလှုံ့ဆော်ပွဲတွင် သူက–

"ခင်ဗျားတို့ထဲမှာ မူးယစ်ဆေး သုံးနေတဲ့သူတွေရှိနေရင် ခွေးမသားတွေလို့ ပြောချင်တယ်။ ခင်ဗျားတို့ကို ကျုပ် ကိုယ်တိုင်သတ်မယ်။ သည်းမခံဘူး။ ကျုပ်မှာ ခွင့်လွှတ်ပေးဖို့ မရှိဘူး"ဟု ရိုင်းစိုင်းစွာ ပြောခဲ့သည်။

ဇွန်လ ၃၀ ရက်နေ့ သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက်တွင်လည်း မူးယစ်ဆေး စစ်ဆင်ရေးကို သူပြောထားသည့်အတိုင်း စတင်လုပ်ဆောင်တော့သည်။ သူက စစ်ဆင်ရေးကို 'နှစ်လုံးပြူး' ဟု အမည်ပေးပြီး စတင်လှုပ်ရှားခဲ့ခြင်း ဖြစ်သည်။

ရဲတွေက သံသယရှိပြီး စောင့်ကြည့်နေရသည့် စာရင်းတွေ ထုတ်ပြန်ပေးထားသည်။ ထိုအထဲတွင် သုံးစွဲသူတွေ၊ ရောင်းချသူတွေလည်း ပါသည်။ လုံခြုံရေးစစ်သားတွေ တစ်အိမ်တက်ဆင်း စီးနင်းတိုက်ခိုက်ရှာဖွေမှုတွေ စတင်တွေ့မြင်လာရသည်။

ဗာဂီလန်တီသည် အလုပ်သွားရာမှ အိမ်ပြန်ရောက်မလာတော့။ မာဆဲလိုအိမ်အနီးတွင် ဆိုက်ကားသမား လင်မယားနှစ်ယောက် သေဆုံး

နေကြသည်။ နောက်တစ်နေ့တွင် လူတစ်ယောက်က လည်ပင်းပြတ်လျက် သေနေပြန်သည်။ သူ့ကိုယ်ပေါ်တွင် "ကျွန်တော် မူးယစ်ဆေးစွဲနေသည့် သူခိုးပါ"ဆိုသော စာတန်းကို တွေ့လိုက်ကြရသည်။

မာဆဲလို မိသားစုသည် နေ့တိုင်း ပစ်သံခတ်သံ သေနတ်သံနှင့် လူသေများကြားတွင် နေထိုင်ရသည်ကို ကြောက်လာသည်။ သူကိုယ်တိုင်က သုံးဘီးမောင်းသမား ဖြစ်သည်။ သုံးဘီးတက္ကစီဆွဲပြီး သူ့သားနှစ်ယောက်နှင့် မွေးကင်းစကလေးတစ်ယောက်တို့ကို ပြုစုပျိုးထောင်နေရသည်။ သူ့မိခင်ကလည်း သူ့ကို မူးယစ်ဆေးမသုံးပါနှင့်ဟု စိုးရိမ်ကြီးစွာ နေ့စဉ်တိုက်တွန်းနေရှာသည်။

မာဆဲလိုသည် မူးယစ်ဆေးဖြတ်မည်ဟု ကတိပေးထားသည်။ မဖြတ်လျှင်လည်း သူ့လည်ပင်းလာဖြတ်မည့် သူတွေက ဝိုင်းနေပြီ ဖြစ်သည်။ သူက မိန်းမဖြစ်သူ ဘက်ချီကိုလည်း–

"မစိုးရိမ်ပါနဲ့တော့ကွာ။ ခုဆို ငါသုံးမှ မသုံးတော့တာ"ဟု ပြောသည်။

အစိုးရ ထုတ်ပြန်ချက်အရ မာဆဲလိုကဲ့သို့ မူးယစ်ဆေး ဖြတ်ပါပြီဟု ပြောနေသူပေါင်း ဖိလစ်ပိုင်တွင် ၇ သန်းကျော် ရှိသည်။ ထိုသူများကို "အညံ့ခံသူများ"အဖြစ် သတ်မှတ်ထားသည်။ သူတို့က နောက်ဘယ်တော့မှ မူးယစ်ဆေး မသုံးတော့ကြောင်း ဝန်ခံကတိပေးပြီး ကြောက်ကြောက်နှင့် နေထိုင်ကြရသည်။ မာဆဲလိုကလည်း သူ့ကို ဘယ်လိုပြောပြော အရှုံးပေးအညံ့ခံပါပြီဟု လက်နက်ချကာ ငြိမ်ဝပ်ပိပြားစွာ နေထိုင်ပြရသည်။

ထိုအချိန်တွင် သေဆုံးသူဦးရေကလည်း တဖြည်းဖြည်း မြင့်တက်လာသည်။ ဒူတာတေး အာဏာရလာပြီးနောက် အစိုးရအဖြစ် တာဝန်ယူပြီးကတည်းက မူးယစ်ဆေး အကြောင်းပြပြီး သတ်ဖြတ်ခဲ့သူ ဦးရေမှာ

၁၅၇၈ ဦး ဖြစ်ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ပျောက်သူတွေလည်း သေဖို့များသည်။ အစိုးရတာရားဝင် မထုတ်ပြန်သည့်အကြောင်းပြချက်မရှိဘဲ သေဆုံးခဲ့သူပေါင်း ၂၁၅၁ ဦးခန့် ရှိနေသေးသည်။

ရဲတပ်ဖွဲ့က ရာဇဝတ်မှုများ သိသိသာသာ လျော့ကျသွားကြောင်း ဝန်ခံသည်။ ဖိလစ်ပိုင်နိုင်ငံတွင် သေဒဏ်ချမှတ်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်မှာ ဆယ်စုနှစ်တစ်စု နီးပါးကြာခဲ့ပြီ။ သို့သော် ဒူတာတေးတက်လာပြီးမှ ကိုယ်တိုင်တရားစီရင်ပြီး သတ်ဖြတ်ကာ သေဒဏ်ပေးလိုက်ကြသည်မှာ တောင်ပုံရာပုံဖြစ်နေသည်။

သမ္မတကိုယ်တိုင်က မြှောက်ပေးသည်။ တရားလက်လွတ် သတ်ဖြတ်မှုတွက အတင့်ရဲလာသည်။ ဥပဒေအတိုင်း အရေးယူမည်မဟုတ်။ မူးယစ်ဆေးနှင့် ပတ်သက်သူမှန်သမျှကို ပစ်သတ်ဆိုလိုက်သောကြောင့် မှန်းလျှင်လည်း မူးယစ်ဆေးကြောင့် ဖြစ်နေရသူတွေ များစွာဖြစ်လာကြောင်း လူ့အခွင့်အရေးအဖွဲ့မှ ဂျိုး လူးဝစ် မာတင်က ပြောကြားသည်။

စက်တင်ဘာ ၅ ရက်နေ့က မာဆဲလိုသည် သူ့တက္ကစီကို လမ်းဘေးဈေးဆိုင်တစ်ဆိုင်အနီးတွင် ရပ်ထားသည်။ မနက်ခင်းတွင် သူ့မိသားစုကော်ဖီသောက်ရန် အစားအစာများ ဝယ်ရန်ဖြစ်သည်။ ဆိုင်၌အလုပ်လုပ်နေသော မာလ်ဗင် ဘာလင်ဂတန်ဆိုသူက မာဆဲလိုကို ပစ္စည်းတွေလှမ်းပေးရင် ပိုက်ဆံအမ်းနေချိန် ဖြစ်သည်။ ထိုအချိန်တွင် သေနတ်သံတွေ ပေါ်ထွက်လာသည်။

သေနတ်ပစ်ခံရချိန်မှာ နံနက် ၁၀ နာရီ ၅ မိနစ် အချိန်တွင် ဖြစ်သည်။ မာဆဲလိုသည် ကြောက်လန့်ပြီး ၁၅ ကိုက် လောက်အကွာကို ထွက်ပြေးသွားသည်။ သေနတ်သံတွေ ထပ်ပေါ်လာပြန်သည်။ သူလဲကျသွားသည်။ ဆိုင်ရှင်က လှဲချလိုက်သောကြောင့် လွတ်သွားသည်။ အနက်ရောင် ဝတ်စုံဝတ်ထားသည့် လူနှစ်ယောက်က မော်တော်ဆိုင်ကယ်

ပေါ်မှ သေနတ်များဖြင့် ပစ်နေခြင်းဖြစ်သည်။ သူတို့မျက်နှာများကို ဆိုင်ကယ်စီး ဦးထုပ်များဆောင်းကာ ကာကွယ်ထားသည်။

မာဆဲလို လဲကျသွားသည့် နေရာသည် အိမ်နှင့် ငါးမိနစ်ခန့် လမ်းလျှောက်သွားလျှင် ရောက်နိုင်သည့် နေရာဖြစ်သည်။ ဆိုင်ရှင်က သူ၏ဇနီးဖြစ်သူထံ သတင်းသွားပို့သည်။ ကလေးတွေရောက်လာပြီး သူတို့အဖေကို မေးကြသည်။ မိသားစုတစ်စု ကမ္ဘာပျက်ခဲ့ရသည့် နေ့တစ်နေ့ ဖြစ်သွားတော့သည်။

သူတို့လိုက်သွားချိန်တွင် မာဆဲလိုသည် သွေးအိုင်ထဲတွင် မှောက်လျက်သား လဲကျသေဆုံးနေပြီ ဖြစ်သည်။ သူ့လက်ထဲတွင် ရှာဘူဆေးပြားများကို တွေ့ရသည်။ အခင်းဖြစ်ချိန်က ကားထဲတွင် မာဆဲလို၏ ယောက္ခမဖြစ်သူ ရှိနေသည်။ သူ့သားလဲကျပြီး သေဆုံးနေချိန်တွင် လက်ထဲ၌ ဘာဆေးပြားမှမရှိဟု ဆိုသည်။ နောက်မှ မာဆဲလိုလက်ထဲကို ဘယ်သူတွေက ဆေးပြားတွေ ထည့်သွားမှန်း မည်သူမှ မသိကြပေ။

မာဆဲလို၏ဇနီးဖြစ်သူသည် အကူအညီအော်တောင်း နေသော်လည်း မည်သူမှထွက်မလာရဲကြ။ နောက်ပိုင်းရဲတွေ ရောက်လာကြသည်။ သုံးရက်လုံးလုံး ဘက်ချီတစ်ယောက် ဝမ်းနည်းပြီး ငိုကြွေးနေမိတော့သည်။

"ကျွန်မ တစ်နေ့နေ့ ဒီလိုအဖြစ်မျိုး ဖြစ်လာတော့မယ် ဆိုတာ မျှော်လင့်ထားပြီးသားပါ။ ဆုတောင်းနေရုံက လွဲပြီးတော့ ဘာမှလည်း မတတ်နိုင်ပါဘူး"ဟု သူမက ဆိုလိုက်သည်။

အသုဘအိမ်ရှေ့တွင် မာဆဲလို၏ တက္ကစီကားလေး ရပ်ထားသည်။ ကားထဲတွင် လူမရှိ။ တိတ်ဆိတ်နေသည့် ဝန်းကျင်တွင် ထိတ်လန့်စရာ ကောင်းနေသည်။ ကားရှေ့ခန်း မီတာတံတွင် အနီရောင်နှင့် အပြာရောင် လက်ပတ်လေးတစ်ခုကို ချည်နှောင်ထားသည်။ ထိုလက်ပတ်သည်

သမ္မတဒူတာတေးမတက်မီက ရွေးကောက်ပွဲအတွက် လှုံ့ဆော်စည်းရုံးရေး ဆင်းနေချိန်တွင် ဒူတာတေးကို ထောက်ခံသည့်အနေနှင့် သူကိုယ်တိုင် အမှတ်တရပတ်ထားသည့် လက်ပတ်လေးတစ်ခု ဖြစ်သည်။လက်ပတ်ပေါ်တွင် ထင်ရှားစွာရေးထားသည့်စာလုံးမှာ 'ဒူတာတေး' ဟူ၍ ဖြစ်သည်။

(Ref : In Philippine drug war, a family struggles to stay safe, Todd Pitman, AP)

❒

## မူးယစ်ဆေးရဲ့သားကောင်များ

ဖိလစ်ပိုင်နိုင်ငံမှာ မူးယစ်ဆေးနဲ့ ပတ်သက်ပြီး သံသယရှိသူတွေကို အစစ်ဆေး၊ အမေးမြန်းမရှိ သတ်ဖြတ်နှိမ်နင်းနေတဲ့ စစ်ဆေးရေးတွေအတွင်း သေဆုံးရသူတွေထဲမှာ ၆ နှစ်အရွယ်ကလေးငယ်တစ်ဦးလည်း ပါဝင်သွားခဲ့တယ်လို့ CNN သတင်းမှာ ဖော်ပြခဲ့ပါတယ်။

တံခါးခေါက်သံကြားလို့ သူ့ခင်ပွန်းက ဘယ်သူလဲဆိုပြီး တံခါး



သွားဖွင့်ပေးပြီး မကြာမီမှာပဲ သေနတ်သံ ၂ချက် ကြားလိုက်ရပြီး ခင်ပွန်းနဲ့ ၆ နှစ်အရွယ်သားငယ်တို့ သေဆုံးနေတာကို တွေ့လိုက်ရကြောင်း မနီလာမြို့မှာနေထိုင်တဲ့ အသက် ၂၉ နှစ်အရွယ် အဲလီဇာဘက်နာဇာရိုက ပြောပါတယ်။

နာဇာရိုဟာ သေနတ်နဲ့ပစ်ခံရပြီး သေဆုံးသွားခဲ့တဲ့ ခင်ပွန်းဖြစ်သူရဲ့ ကိုယ်ဝန်ကို လွယ်ထားရဆဲ ဖြစ်ပါတယ်။ သေနတ်သမားတွေကတော့ ပစ်ခတ်ပြီးနောက်မှာ ချက်ချင်းပဲ ပြန်ထွက်သွားခဲ့တယ်လို့ နာဇာရိုက ပြောပါတယ်။ သမ္မတဒူတာတေး တက်လာပြီးနောက် မူးယစ်ဆေးဝါး နှိမ်နင်းရေးအတွက် ဆင်နွှဲလာခဲ့တဲ့ စစ်ဆင်ရေးအတွင်းမှာ သေဆုံးရတဲ့ အရေအတွက်ဟာ စုစုပေါင်း ၅၉၀၀ကျော်ရှိနေပြီလို့ သတင်းတွေက ဆိုပါတယ်။

ဒူတာတေးရဲ့ လုပ်ရပ်တွေဟာ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု အဖြစ် ရောက်ရှိလာပြီဖြစ်ပြီး ဒူတာတေးအနေနဲ့ မူးယစ်ဆေးနှိမ်နင်း တာကို အကြောင်းပြလို့ သူ့ရဲ့နိုင်ငံရေး ပြိုင်ဘက်တွေကိုပါ ရှင်းပစ်နေ တယ်လို့လည်း ဝေဖန်သံတွေ ထွက်ပေါ်လျက် ရှိပါတယ်။

နာဇာရိုရဲ့ခင်ပွန်းဖြစ်ပြီး ၆ နှစ်အရွယ် သားငယ်နဲ့အတူ သေဆုံး သွားခဲ့တဲ့ ဒိုမင်ဂိုဟာ ဖိလစ်ပိုင် အခြေခံ လူတန်းစားတွေကြား အသုံးများ တဲ့ ရှာဘူးလို့ခေါ်တဲ့ ဆေးဝါးတစ်မျိုးကို အသက် ၂၉ နှစ်အရွယ်မှာ စတင်သုံးစွဲခဲ့သူဖြစ်ပေမဲ့ ဒူတာတေးရဲ့မူးယစ်ဆေးနှိမ်နင်းမှုတွေ စတင်တဲ့ အချိန်မှာ ဆက်လက်မသုံးစွဲတော့ဘဲ ကိုယ်တိုင်ရဲတပ်ဖွဲ့ထံ သွားရောက် အဖမ်းခံခဲ့ရာ ရဲတပ်ဖွဲ့က ထွက်ဆိုချက်သာယူပြီး ပြန်လွှတ်ပေးထားသူ ဖြစ်တယ်လို့ ဒိုမင်ဂိုရဲ့ မိခင်က ပြောကြားထားပါတယ်။

❒

## လူသတ်ဖူးတဲ့ သမ္မတ

ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ရာဇဝတ်ကောင်အဖြစ် သံသယ ရှိသူတွေကို ကိုယ်တိုင်သတ်ဖြတ်ခဲ့ဖူးကြောင်း ပြောကြားလိုက်ပါတယ်။ သူမြို့တော်ဝန်ဘဝတုန်းက ရဲတွေကို နမူနာဆောင်ရွက်ပြတဲ့အနေနဲ့



ရာဇဝတ်မှုကျူးလွန်သူတွေကို သူကိုယ်တိုင် သတ်ဖြတ်ပြခဲ့ဖူးတယ်လို့ ဒူတာတေးက ပြောပါတယ်။

ရဲတပ်ဖွဲ့ဝင်တွေနဲ့ အခြားအထူးအဖွဲ့တွေပူးပေါင်းပြီး လူပေါင်း ထောင်ချီကွပ်မျက်ခဲ့တဲ့ မူးယစ်ဆေးနှိမ်နင်းရေး စစ်ဆင်ရေးနဲ့ ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံပွဲမှာ သမ္မတဒူတာတေးက အခုလို ပြောကြားခဲ့တာပါ။

သမ္မတ ဒူတာတေးက ရာဇဝတ်မှု နှိမ်နင်းရေးနဲ့ပတ်သက်ပြီး သူ့ရဲ့ လုပ်ဆောင်ပုံတွေကို ဝေဖန်ကြတဲ့ လူ့အခွင့်အရေးအဖွဲ့များနဲ့ အမေရိကန် သမ္မတအိုဘားမားတို့ကိုလည်း လက်ရှိသူ့ရဲ့လုပ်ဆောင်မှုတွေကို ရပ်တန့်မှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါသေးတယ်။

❒

## မာရှယ်လော ထုတ်ဖို့ပြင်ပြီ

ဖိလစ်ပိုင်သမ္မတ ဒူတာတေးက မာရှယ်လော ကျင့်သုံးနိုင်ခြေ ခန့်မှန်းချက်များကို ပယ်ချခဲ့ပြီး တစ်လခန့်အကြာမှာ မူးယစ်ဆေး အန္တရာယ် အလွန်ကြီးလာခဲ့ရင် စစ်အုပ်ချုပ်ရေး ဥပဒေထုတ်ပြန်မယ် လို့ပြောကြားလိုက်ကြောင်း Reuters သတင်းမှာ ဖော်ပြခဲ့ပါတယ်။ ဒူတာတေးဟာ အာဏာရလာ ခဲ့ပြီးကတည်းက ရက်စက်ကြမ်းတမ်းတဲ့ မူးယစ်ဆေးဝါး စစ်ဆင်ရေးကို အဓိကထားပြီး လုပ်ဆောင်ခဲ့တာ ဖြစ်ပါ တယ်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ နောက်ပိုင်းရဲတပ်ဖွဲ့ စစ်ဆင်ရေးများနဲ့ အလွတ်တမ်း သုတ်သင်ရေးသမားတို့ရဲ့လက်ချက်ကြောင့် လူပေါင်း ၆၀၀၀ ခန့် သေဆုံးခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။ အာဏာပိုင်များထံ လာရောက်အဖမ်းခံတဲ့ မူးယစ်ဆေးရောင်းသူနဲ့ သုံးစွဲသူအရေအတွက်မှာ လည်း တစ်သန်းခန့် ရှိနေပြီလို့ ဆိုပါတယ်။

တောင်ပိုင်း မြို့တော်ဒါဗိုမှာ ကုန်သည်ကြီးများ အသင်းဝင်တွေနဲ့ တွေ့ဆုံခဲ့တဲ့ ဒူတာတေးက သူ့အနေနဲ့ ဖိလစ်ပိုင်နိုင်ငံမှာ လူပေါင်း လေး သန်းခန့်ကို ဒုက္ခပေးနေတဲ့မူးယစ်ဆေးအပါအဝင် ခြိမ်းခြောက်မှု ရန်စွယ်



အလွတ်တမ်း သုတ်သင်ရေးသမားများကြောင့် သေဆုံးသေခဲ့ရသူတစ်ဦးအား တွေ့ရစဉ်

များမှ တိုင်းပြည်ကို အကာအကွယ်ပေးသွားမယ်ဖြစ်ကြောင်းနဲ့ အန္တရာယ်ကြီးလာခဲ့ရင် မာရှယ်လော ချမှတ်ကျင့်သုံးမယ်လို့ ပြောကြားခဲ့ တာဖြစ်ပါတယ်။

"ဘယ်သူကမှ ကျုပ်ကို မရပ်တန့်နိုင်ဘူး။ ကျုပ်တို့ တိုင်းပြည်ဟာ ဘယ်လိုအကန့်အသတ်မဆို ကျော်လွှားသွားမယ်" လို့ ဒူတာတေးက အထက်တရားရုံးနဲ့ ကွန်ဂရက်လွှတ်တော်ကို ရည်ညွှန်းပြောဆိုခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံဟာ ၁၉၇၀ ပြည့်နှစ်များ အစောပိုင်းတုန်းက မာရှယ်လောခေါ် စစ်အုပ်ချုပ်ရေးဒဏ်ကို ခါးစည်းခံခဲ့ရပြီး ဒီမိုကရေစီ ပြန်လည်ကျင့်သုံးရေး၊ လူ့အခွင့်အရေး ကာကွယ်ရေးတို့ကို စည်းရုံးလှုပ်ရှားခဲ့ရတဲ့ သမိုင်းမှတ်တမ်း ရှိခဲ့ပါတယ်။

❐

## တကယ်လုပ်မယ့် ဒူတာတေး

အငြင်းပွားစရာ ပြင်းထန်တဲ့ ဝေဖန်စကားတွေနဲ့ ခြိမ်းခြောက်စကားတွေ မကြာခဏပြောကြားခဲ့တဲ့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက သူဟာ အရင်တုန်းက လူတစ်ယောက်ကို ရဟတ်ယာဉ်ပေါ်ကနေ တွန်းချပစ်ခဲ့ဖူးတယ်လို့ ပြောကြားလိုက်ပြန်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ဒူတာတေးဟာ ပြည်သူ့ဘဏ္ဍာငွေတွေကို အလွဲသုံးစားလုပ်တဲ့ အစိုးရအရာရှိတွေကို သတိပေးစကား ပြောကြားရင်း အဲဒီလို ပြောကြားခဲ့တာဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစားလုပ်သူ ဘယ်သူ့ကိုမဆို ရဟတ်ယာဉ်နဲ့ တင်သွားပြီး လေထဲမှာ ပျံနေတုန်း တွန်းချပစ်မယ်လို့ ဒူတာတေးက ပြောကြားခဲ့ပြီး သူ့အနေနဲ့ အရင်တုန်းကလည်း ဒီလိုလုပ်ခဲ့ဖူးပြီးသား ဖြစ်တယ်လို့ ပြောကြားလိုက်တာပါ။

"ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစားလုပ်တဲ့ ဘယ်သူ့ကိုမဆို မနီလာကိုအသွားမှာ ရဟတ်ယာဉ်နဲ့ ခေါ်သွားပြီး လေထဲရောက်မှ တွန်းချပစ်မယ်။ ကျွန်တော် တကယ်လုပ်မှာ။ အရင်တုန်းကလည်း လုပ်ဖူးပြီးသား၊ နောက်တစ်ခါလည်း ထပ်လုပ်နိုင်တယ်'လို့ ဒူတာတေးက ရုပ်သံကနေ

တစ်ဆင့် တိုက်ရိုက်မိန့်ခွန်း ပြောကြားနေတုန်းမှာ ပြောခဲ့တာဖြစ်ပါတယ်။

ဒါဟာ ဒူတာတေးအနေနဲ့ သူကိုယ်တိုင် လူသတ်ဖူးကြောင်း ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားတာ မဟုတ်ဘဲ စီးပွားရေး ဆွေးနွေးပွဲတစ်ရပ်မှာ လူတစ်ယောက်ကို သူကိုယ်တိုင် ကွပ်မျက်ခဲ့ဖူးကြောင်း ထုတ်ဖော် ပြောကြားခဲ့ပါသေးတယ်။

❐

## အနိုင်းမဲ့ နိုင်ငံရေးရာ လွှမ်းမိုးသူ

တာဝန်ထမ်းဆောင်ပြီး သုံးလအကြာမှာတော့ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးဟာ အနိုင်းမဲ့နိုင်ငံရေးရာ လွှမ်းမိုးမှုကို ချုပ်ကိုင်ထားနိုင်နေသူ ဖြစ်ပါတယ်။ အချို့သော ညွှန်းကိန်းများအရဆိုလျှင် ဒူတာတေးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ခန့်တုန်းကနိဂုံးချုပ်သွားခဲ့သူ ဖိလစ်ပိုင်အာဏာရှင် ဖာဒီနန်မားကို့စ်နောက်ပိုင်း ဩဇာအကြီးမားဆုံးသော ဖိလစ်ပိုင်ခေါင်းဆောင်ဖြစ်နေပါတယ်။ ပြီးတော့ ဒူတာတေးဟာ ဖိလစ်ပိုင်ပြည်တွင်း နိုင်ငံရေးအခင်းအကျင်းနဲ့ နိုင်ငံခြားရေးမူဝါဒကို အလုံးစုံပြောင်းလဲနိုင်တဲ့ ထူးခြားလှတဲ့အနေအထားတစ်ရပ်ကိုလည်း ပိုင်ဆိုင်ထားပါတယ်။

အစဉ်အလာ နိုင်ငံရေးသမားတွေကို ဖိလစ်ပိုင်ပြည်သူတွေက စိတ်ပျက်နေချိန်မှာ ပြင်ပလူတစ်ဦးဖြစ်တဲ့ စကားကို မာမာထန်ထန် ပြောလေ့ရှိတဲ့ ဒူတာတေးတစ်ယောက်ဟာဖြင့် ၂၀၁၆ ခုနှစ် မေလရွေးကောက်ပွဲမှာ သမ္မတအဖြစ် ရွေးကောက် ခံခဲ့ရပါတယ်။ အဲဒီအချိန်ကစလို့ အာဏာကို ဒူတာတေးက လျင်လျင်မြန်မြန်ချုပ်ကိုင်လာတော့တယ်။ နိုင်းရအားဖြင့်

အားနည်းတဲ့ နိုင်ငံရေးပါတီတစ်ခု ဖြစ်တဲ့ PDP-Laban ပါတီမှ လာသူ ဖြစ်သော်လည်း၊ လွှတ်တော်တွင်း မဟာမိတ်များရဲ့ကူညီမှုကြောင့် လူများစုရဲ့ထောက်ခံမှုကို ဒူတာတေးက ပိုင်ဆိုင်ထားပါတယ်။ ဖိလစ်ပိုင်တရားရုံးချုပ် တရားသူကြီး ၁၅ ဦး အနက် ၁၁ ဦးကို လာမယ့်နှစ်များအတွင်း ခန့်အပ်ဖို့ ဒူတာတေးက စီမံထားပြီး တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်မှုတွေကို တင်းတင်းမာမာ ချေမှုန်းမှုမှတစ်ဆင့် ဖိလစ်ပိုင်တရားဥပဒေစိုးမိုးမှု လုပ်ဆောင်မယ်လို့ ကြွေးကြော်တာကလည်း ဒူတာတေး အပေါ် ထောက်ခံမှု မြင့်တက်လာနေတာပါ။

ဖိလစ်ပိုင် လက်နက်ကိုင်တပ်ဖွဲ့တွေကတောင်မှ ဒူတာတေးကို သဘောကျနေပါတယ်။ တစ်လတာ အချိန်အတွင်း စစ်စခန်းပေါင်း ၁၄ ခုကို ဒူတာတေး သွားရောက်လည်ပတ်ခဲ့သလို စစ်မှုထမ်းလစာ နှစ်ဆတိုးပေးမယ်လို့ ကတိပြုထားခဲ့ပါတယ်။ ပြီးတော့ အကျိုးအမြတ်ခံစားခွင့်ကိုလည်း တိုးချဲ့ပေးမယ်လို့ ဆိုပါတယ်။ စစ်မှုထမ်းမိသားစုဝင်တွေအတွက် ထောက်ပံ့မှု ပိုလုပ်ပေးမယ်၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အရေးပေါ်ဆေးဝါးကုသမှုတို့ကိုလည်း အဆင့်မြင့်တင်ပေးမယ်လို့ ပြောပါတယ်။

ဖိလစ်ပိုင်ပြည်သူတွေကလည်း ဒူတာတေးကို ကြောက်ခမန်းလိလိ ထောက်ခံလျက်ရှိတာပါ။ ရွေးကောက်ပွဲ မတိုင်ခင် ကာလတုန်းက ဒူတာတေးအပေါ် ထောက်ခံမှုဟာ ဖိလစ်ပိုင်သမိုင်းမှာ အနိမ့်ဆုံးနှုန်းထားရှိခဲ့ပေမယ့်လည်း လက်ရှိမှာတော့ လူထုထောက်ခံမှု ၉၁ ရာခိုင်နှုန်းအထိ ရရှိထားပြီး စံချိန်တင် အမြင့်ဆုံးနှုန်းထား ဖြစ်ပါတယ်။ ဒူတာတေးရဲ့ မူးယစ်ဆန့်ကျင်ရေး စစ်ပွဲအပေါ် အပြည်ပြည်ဆိုင်ရာစိုးရိမ်မှုနဲ့ သံတမန်ရေးမဆန်တဲ့ အပြုအမူတွေကြောင့်တော့ ဖိလစ်ပိုင် လူထုထောက်ခံမှုကို လက်ရှိအချိန်မှာ ပြောင်းလဲစေမယ့်ပုံ မပေါ်သေးပါဘူး။

အခုလို လူအများစု ထောက်ခံမှုကြောင့်ပင် ဖိလစ်ပိုင် နိုင်ငံခြားရေး မူဝါဒပြန်လည်ပြောင်းလဲရေး လုပ်ဆောင်နိုင်မယ့် လုပ်ပိုင်ခွင့်ကို ဒူတာတေး ပိုင်ဆိုင်လာတော့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကာလအတွင်း ဒူတာတေး ဟာ သံတမန်ရေးရာ မလုပ်သင့် မလုပ်အပ်တာတွေကို တစ်ခုပြီး တစ်ခု လုပ်ဆောင်လျက်ရှိခဲ့ပါတယ်။ တရုတ်ကို သံတမန်ရေးနည်းအရ ညှို့ယူ ဖမ်းစားနိုင်ဖို့ လုပ်ဆောင်ခြင်း၊ ဥရောပသမဂ္ဂနဲ့အမေရိကန်တို့ကို ထူးထူး ခြားခြား အပြစ်တင်ပြောကြားခြင်း စသည်တို့ လုပ်ဆောင်ခဲ့ပါတယ်။ ဒီလုပ်ဆောင်ချက်တွေကို တစ်ခုချင်းအနေနှင့် ကြည့်ရင် မရေမရာ ဖြစ်နေ သော်လည်း အားလုံးကို ခြုံကြည့်လျှင် ဖိလစ်ပိုင်နိုင်ငံရဲ့ သမိုင်းဝင် အစဉ်အလာ မဟာမိတ် အမေရိကန်ပြည်ထောင်စုနဲ့ ခပ်ခွာခွာနေဖြစ်စေဖို့ လုပ်ဆောင်လာတာကို တွေ့နိုင်ပါတယ်။

လစ်ဘရယ် ဒီမိုကရေစီနိုင်ငံတွေမှာ ထက်မြက်တဲ့နိုင်ငံရေး ကိုယ်စားလှယ်တွေတောင်မှ အာဏာစတင်ရယူပြီးနောက်ပိုင်း အဖွဲ့ အစည်းအမျိုးမျိုးရဲ့ပုံသွင်းမှုအောက်မှာ ပျော့ပျောင်းသွားရလေ့ ရှိပါ တယ်။ ရုံးအဖွဲ့များရဲ့ အစဉ်အလာ လုပ်ထုံး လုပ်နည်းတွေ၊ ဗျူရိုကရေစီ စနစ်ရဲ့ ထူထူထဲထဲ စည်းမျဉ်းတွေက နိုင်ငံရေးသမားတွေကို ပုံစံသွင်းဖို့ စောင့်ကြိုနေတာပါ။ မိမိကိုယ်ကိုယ် ရိုင်းပျသူလို့ ဝန်ခံပြောဆိုထားတဲ့ ဒူတာတေးတောင်မှ ဒီအချက်ကို အသိအမှတ် ပြုထားပါတယ်။ ဒါ ကြောင့် သမ္မတရာထူး လက်မခံခင် 'ကျွန်တော် သမ္မတဖြစ်လာတဲ့အခါ ပုံစံပြောင်းလဲမှုတွေ ပေါ်ပေါက်လာနိုင်ပါတယ်'လို့ ပြောကြားထားခဲ့ ပါတယ်။

နိုင်ငံရဲ့ အခြေခံစိန်ခေါ်မှုတွေကို ခပ်ကြမ်းကြမ်းခေါင်းဆောင်မျိုး ကသာ ဖြေရှင်းနိုင်မယ်လို့ ယူဆယုံကြည်နေကြတဲ့ ဖိလစ်ပိုင် မဲဆန္ဒရှင် တွေရဲ့ယုံကြည်မှုက ဒူတာတေးကို မွေးထုတ်လိုက်တာဖြစ်ပါတယ်။

ဒူတာတေးအနေနဲ့လည်း အဲဒီပုံရိပ်ကို ထိန်းနိုင်ဖို့ အသည်းအသန် ကြိုးပမ်းနေပါတယ်။ ထောက်ခံသူသန်းပေါင်းများစွာအကြားမှာ သမ္မတရဲ့ ခက်ထန်တဲ့ ကိုယ်ရည်ကိုယ်သွေး၊ အာဏာအစဉ်အလာတို့ကို ဆက်တိုက်ငြင်းပယ်မှု၊ နိုင်ငံခြားခေါင်းဆောင်များအပါအဝင် အိလစ်ခ်များကို ပွင့်ပွင့်လင်းလင်း ရန်လိုနေမှုတွေဟာ ကြီးမားတဲ့အပြောင်းအလဲတွေကို ယူဆောင်လာနိုင်တဲ့ "မဟာခေါင်းဆောင်ကြီး"ဆိုတဲ့ ပုံရိပ်ကို ခိုင်မြဲနေစေပါတယ်။

❐

## ပြဿနာပေါင်းစုံနဲ့ ဒူတာတေး

လူထုကြား ကျယ်ကျယ်ပြန့်ပြန့် သတင်းပျံ့နေတဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ပွဲကို ကြည့်ရင် တရားရေးနဲ့ ဗျူရိုကရေစီရေးရာ စည်းမျဉ်းတွေကို ဒူတာတေးက ပရိယာယ်သုံးရှောင်ရှားလိုက်ပြီး အမျိုးသားရဲတပ်ဖွဲ့နဲ့စစ်တပ်ကိုပါ အသုံးပြုလို့ နိုင်ငံ့လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုလို့သတ်မှတ်ထားတဲ့ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေကို ချေမှုန်းခဲ့တာ ဖြစ်ပါတယ်။ဒီလုပ်ဆောင်ချက်တွေဟာ နိုင်ငံကို မူးယစ်နိုင်ငံမဖြစ်စေရေး တားဆီးဖို့ လိုအပ်တဲ့လုပ်ရပ်လို့ ဒူတာတေးက ခံယူထားတာပါ။ ဒါပေမဲ့ ဖိလစ်ပိုင်လစ်ဘရယ်ပညာတတ်အုပ်စုတွေ၊ လူ့အခွင့်အရေးအဖွဲ့တွေ၊ အနောက်နိုင်ငံတွေနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့များအပါအဝင် မီဒီယာအများစုက ဒီလုပ်ဆောင်မှုတွေဟာ အန္တရာယ်များလွန်းတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုအဖြစ် သတ်မှတ်ထားကြပါတယ်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အကြမ်းဖက်လုပ်ဆောင်မှုတွေကြောင့် စီးပွားရေးမှာ ဆိုးကျိုးပေါ်ပေါက်လာနိုင်တယ်လို့ ပညာရှင်တွေ

က သတိပေးထားကြသလို ဖိလစ်ပိုင် ပီဆိုငွေကြေးကလည်း ၇နှစ်အတွင်း အနိမ့်ဆုံးနှုန်း ရောက်ရှိနေတာပါ။ ဒါပေမဲ့ အခုလိုဖိအားတွေကို လက်မြှောက်အရှုံးပေးမယ့်အစား ရာထူးလက်ခံပြီး သုံးလမှ ခြောက်လအတွင်း နိုင်ငံတွင်းမှာရှိတဲ့ မူးယစ်အရိပ်မည်းကို အမြစ်ဖြတ်ပစ်မယ်လို့ ဒူတာတေးက ကတိပြုခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲသလို သို့သော် ကတိအတိုင်း လုပ်ဖို့ အချိန်သတ်မှတ်ချက်မလုံလောက်မှန်းသိတဲ့အခါ နောက်ထပ် အချိန်ခြောက်လထပ်တိုးပေးဖို့ ဒူတာတေးက တောင်းဆိုလိုက်ပြန်ပါတယ်။ လူထုထောက်ခံမှုသာ ရရှိထားရင် အနောက်နိုင်ငံတွေက ဘယ်လိုပဲဝေဖန်နေပါစေ၊ ဂရုမစိုက်ဘဲ ဆက်လက်လုပ်ဆောင်မယ်ဆိုတာ ဒီအချက်က ဖော်ပြလိုက်တာ ဖြစ်ပါတယ်။

မူးယစ်ရောင်းဝယ်သူပေါင်း ၆၀၀,၀၀၀ ခန့်နဲ့ သုံးစွဲသူတွေ အစိုးရထံ အသိပေးရောက်ရှိလာပြီးနောက် မှုခင်းဖြစ်ပွားမှုနှုန်း ထက်ဝက်ခန့် ကျဆင်းသွားခြင်းဟာ လက်ရှိမူဝါဒရဲ့ အောင်ပွဲပဲလို့ ဖိလစ်ပိုင်အစိုးရက ကြွေးကြော်ထားပါတယ်။ အစိုးရအဖွဲ့က မူးယစ်ပြန်လည်ထူထောင်ရေးစင်တာတွေကို စတင်တည်ထောင်နေတာကြောင့် မူးယစ်စစ်ပွဲကို ရာဇဝတ်မှုပိုင်းဆိုင်ရာ အပြစ်ပေးမှုမှ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အပြစ်ပေးမှုအဖြစ် ပြောင်းလဲလာနိုင်တယ်လို့ အချို့က ခန့်မှန်းနေကြပါတယ်။

တကယ်တော့ ဒူတာတေးမှာ ဖြေရှင်းဖို့ကိစ္စတစ်ခုတည်းရှိတဲ့ သမ္မတတစ်ဦး မဟုတ်ပါဘူး။ မူးယစ်ဆေးဝါးအရေး သာမကဘဲ အခြားနယ်ပယ်တွေမှာလည်း ဒူတာတေးဟာ တက်ကြွစွာ ဦးဆောင်ဖြေရှင်းနည်းကို ကျင့်သုံးလျက်ရှိသူပါ။ ဖိလစ်ပိုင်နိုင်ငံဟာ အဆိုးရွားဆုံးယာဉ်ကြောပိတ်ဆို့မှုဒဏ်ကို ခံစားရလျက်ရှိပြီး အခြေခံအဆောက်အဦတည်ဆောက်ရေးကို အရှိန်မြှင့် လုပ်ဆောင်မယ်လို့ အုပ်ချုပ်ရေးအဖွဲ့က ပြောထားပါတယ်။ ပို့ဆောင်ရေးကွန်ရက်တွေကို ပြန်လည်ဖွဲ့စည်းနိုင်ရေး




မှာ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံသူတွေက စိတ်ဝင်စား ကြောင်း ပြောကြပါတယ်။

သဘာဝပတ်ဝန်းကျင်နဲ့ သယံဇာတဌာနကို ဦးဆောင်ဖို့အတွက် လည်း အတွေ့အကြုံရင့်ကျက်တဲ့ သဘာဝပတ်ဝန်းကျင် ပညာရှင်တစ်ဦး ကို ဒူတာတေးက ခန့်ထားလိုက်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်း မျဉ်းနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စည်းမျဉ်းတွေကို ချိုးဖောက်တယ်လို့ စွပ်စွဲခံထားရတဲ့ ကုမ္ပဏီလိုင်စင်တွေကို ပိတ်သိမ်းခဲ့ပါတယ်။ လယ်ယာ မြေ ပြုပြင်ပြောင်းလဲရေး၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဌာနတို့ကို ဦး ဆောင်နိုင်ဖို့လည်း တက်ကြွတဲ့ဝန်ထမ်းသစ်တွေကို ခန့်အပ်ခဲ့ပါတယ်။

စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလည်း ဒူတာတေးရဲ့ လုပ်ငန်း စဉ်ထဲ ပါဝင်ပါတယ်။ အာဏာကြီးသူတွေနဲ့ အလွန်အမင်း ချမ်းသာသူ တွေသာ ကြီးစိုးထားတဲ့ ဖိလစ်ပိုင် စီးပွားရေးနယ်ပယ်ဟာ ဒူတာတေး

အတွက် ထိပ်တိုက်တွေ့နေရပြီး၊ ထိပ်တန်းစီးပွားရေးပညာရှင်တစ်ဦး ဦးဆောင်တဲ့ ယှဉ်ပြိုင်မှုဆိုင်ရာကော်မရှင်တစ်ခုကို တည်ထောင်လိုက်တာကြောင့် မျှတတဲ့ပြိုင်ဆိုင်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်စေမယ့် မူဝါဒအပြောင်းအလဲ ပေါ်ပေါက်လာနိုင်တယ်လို့ ဆိုကြပါတယ်။

အချို့သော စီးပွားရေး ပညာရှင်များနဲ့ ရင်းနှီးမြှုပ်နှံသူတွေက ဒူတာတေးရဲ့လုပ်ကိုင်ပုံတွေကို ယေဘုယျအားဖြင့် ဆန့်ကျင်ပြီး လူထုကြားထဲ ချီးကျူးပြောကြားဖို့ တွန့်ဆုတ်နေကြပေမဲ့ အမြစ်တွယ်နေတဲ့ အကျိုးစီးပွားတွေကို ဖယ်ရှားရေးမှာ ဒူတာတေးလို ခေါင်းဆောင်မျိုးသာ လုပ်ဆောင်နိုင်မယ်လို့ ယူဆနေကြပါတယ်။

ဒူတာတေးရဲ့နိုင်ငံခြားရေးမူဝါဒ ပြန်လည်ပုံဖော်မှုဟာ စိတ်ဝင်စားဖွယ် အကောင်းဆုံးလုပ်ဆောင်ချက် ဖြစ်နေပါတယ်။ အမေရိကန်လိုလားသူ အမြင့်ဆုံးနှုန်းထားရှိနေတဲ့ ဖိလစ်ပိုင်နိုင်ငံမှာ အမှီအခိုကင်းတဲ့ လွတ်လပ်မှုပိုရရေးကိုလိုလားတယ်လို့ ဒူတာတေးက ပြောပါတယ်။

"ဖိလစ်ပိုင်အတွက် လမ်းကြောင်းသစ်ကို ကျွန်တော် ဖန်တီးသွားမှာပါ။ အမေရိကန်အပေါ် မှီခိုနေမှာ မဟုတ်ပါဘူး" လို့ ရွေးကောက်ပွဲအပြီးမှာ ဒူတာတေးက ကြွေးကြော်ခဲ့ပါတယ်။ နှစ်နိုင်ငံကြား လုံခြုံရေးသဘောတူညီချက်ကို ဆက်လက်ထားရှိမယ်လို့ ကတိပြုထားသော်လည်း ဖိလစ်ပိုင် စစ်စခန်းများအတွင်း အမေရိကန်တပ်ဖွဲ့ဝင်တွေ ဝင်ရောက်ခွင့်ကို ကန့်သတ်မယ်လို့ အရိပ်အမြွက်ပြောကြားနေသလို၊ အကြမ်းဖက်မှုဆိုင်ရာ တန်ပြန်စစ်ဆင်ရေးမှာ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်တွေကို အကြံပေးနေတဲ့ အမေရိကန်အထူးတပ်တွေကို မောင်းထုတ်မယ်လို့ ဆိုပါတယ်။

မိမိကိုယ်ကိုယ် ဆိုရှယ်လစ်ဝါဒီတစ်ဦးလို ပုံဖော်ထားတဲ့ ဒူတာတေးဟာ တစ်ခါတစ်ရံ နယ်ချဲ့စနစ် ဆန့်ကျင်ရေးကို ပြောကြားလေ့ရှိပြန်ပါတယ်။ တကယ်တော့ အမေရိကန်ပြည်ထောင်စုဟာ ဒူတာတေးအတွက်

မရှိမဖြစ် မဟာမိတ်တစ်ဦး မဟုတ်ပါဘူး။ ဖိလစ်ပိုင်နိုင်ငံကိုပေးအပ်နေတဲ့ အမေရိကန်စစ်ရေး အကူအညီဆိုတာတွေဟာ ဥရောပနဲ့ အရှေ့အလယ်ပိုင်း နိုင်ငံတွေကို ပေးအပ်တဲ့ပမာဏနဲ့ယှဉ်ရင် အသေးအမွှားသာ ဖြစ်ပါတယ်။ ပြီးတော့ အမေရိကန်–ဖိလစ်ပိုင် နှစ်နိုင်ငံ အပြန်အလှန် ကာကွယ်ရေး သဘောတူစာချုပ်ဟာ တောင်တရုတ်ပင်လယ်အငြင်းပွားမှုနဲ့ ပတ်သက်ခြင်းရှိမရှိကိုလည်း ဝါရှင်တန်က မေးခွန်းထုတ်နေပါတယ်။ ဒါပေမဲ့ ဖိလစ်ပိုင်စစ်တပ် ဖွဲ့စည်းမှုနဲ့ လက်နက်တပ်ဆင်မှုတွေဟာ ဝါရှင်တန်ရဲ့ ပုံစံသွင်းမှုအောက်မှာ ရှိနေတာဖြစ်လို့ နှစ်နိုင်ငံစစ်ရေးပူးပေါင်းမှုပုံစံ အပြောင်းအလဲဖြစ်ဖို့က မလွယ်လှပါဘူး။

လက်ရှိ လူ့အခွင့်အရေးနယ်ပယ်နဲ့ပတ်သက်ပြီး သဘောထားကွဲလွဲမှု ပေါ်ပေါက်နေခြင်းဟာ အမေရိကန်နဲ့ဖိလစ်ပိုင် သံတမန်ဆက်ဆံရေးကို လှိုက်စားနေတာကတော့ အသေအချာပါပဲ။ မူးယစ်ဆေးဝါးစစ်ပွဲအပေါ် ဝေဖန်မှုမှန်သမျှကို ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုအဖြစ် ဒူတာတေး က ယူဆထားပါတယ်။

အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းရေးတရားရုံးက တောင်တရုတ် အငြင်းပွားမှုမှာ ဖိလစ်ပိုင်ကို အသာပေးဆုံးဖြတ်လိုက်ပေမယ့် လည်း အဲဒီဆုံးဖြတ်ချက်ကိုအသုံးပြုပြီး ပေကျင်းကို ဖိအားပေးဖို့ မနီလာက မလိုလားပါဘူး။ ပြီးတော့ အာဆီယံညီလာခံလို အပြည်ပြည်ဆိုင်ရာ အစည်းအဝေးတွေမှာ တောင်တရုတ်အငြင်းပွားမှုကို ဒူတာတေး က ဘေးဖယ်ထားပြီး တရုတ်နဲ့သဘောတူညီချက်များရရှိရေးကိုသာ ဦးစားပေးနေတာ ဖြစ်ပါတယ်။ တောင်တရုတ်ပင်လယ်တွင်း အမေရိကန်နဲ့ အခြားသော မဟာမိတ်နိုင်ငံတွေ ရေကြောင်းပူးပေါင်းကင်းလှည့်မှု ရပ်ဆိုင်းပေးဖို့ ဒူတာတေးက တောင်းဆိုခဲ့ပါတယ်။

ဖိလစ်ပိုင်နဲ့တရုတ်ကြား ဆက်ဆံရေး ကောင်းမွန်နေတာကြောင့်

သည်ဟိတ်တရားရုံး ဆုံးဖြတ်ချက်ကို ပေကျင်း လိုက်နာစေရေး ဖိအား ပေးဖို့ ဝါရှင်တန်မှာ အခက်ကြုံနေရပါတယ်။ အပြောင်းအလဲမြန်တဲ့ ဒူတာတေးရဲ့ ဦးဆောင်မှုအောက်မှာ ဖိလစ်ပိုင်နိုင်ငံခြားရေးမူဝါဒဟာ မည်သည့်ဘက်ကို ဦးတည်နေကြောင်း ခန့်မှန်းရခက်နေပါတယ်။ အမေရိကန်–ဖိလစ်ပိုင် ဆက်ဆံရေး ပုံစံသစ်တစ်ခုချမှတ်ဖို့ ဖိလစ်ပိုင် သမ္မတ ဒူတာတေးက ဆုံးဖြတ်ထားပုံ ရပါတယ်။ ဒါပေမဲ့ ဆက်ဆံရေး သစ်ဟာ အရင်ကလို မထိရဲမကိုင်ရဲတဲ့ပုံစံမျိုး မဟုတ်တာတော့ သေချာ လှပါတယ်။

❒

## ကျုပ် ရက်စက်တော့မယ်

ဒီစကားကို ပြောလိုက်သူကတော့ ဖိလစ်ပိုင်နိုင်ငံရဲ့ လက်ရှိသမ္မတ ရိုဒရီဂို ဒူတာတေး ကိုယ်တိုင် ဖြစ်ပါတယ်။ မင်ဒါနာအို ကျွန်းပေါ်မှာ ဆူပူမငြိမ်သက်မှုများဖြစ်ပြီးနောက် စစ်အုပ်ချုပ်ရေးကို အရေးပေါ် ကြေညာပြီး၊ သူက အခုလို ပြောကြားလိုက်တာပါ။

"ကျုပ် ရက်စက်တော့မယ်"

ဒူတာတေးတစ်ယောက် မော်စကိုမြို့ကို ၅ရက်တာ ခရီးသွားနေစဉ်မှာ ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းရှိ မွတ်ဆလင် အများစုနေထိုင်ရာဒေသဖြစ်တဲ့ မာရာဝီမြို့ကို အကြမ်းဖက်သမားတွေက သိမ်းပိုက်လိုက်ကြပါတယ်။ အစပိုင်းမှာတုန်းက ဖိလစ်ပိုင်စစ်တပ်က အခြေအနေကို ထိန်းသိမ်းထားလိုက်နိုင်ပြီလို့ သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ အခြေအနေက ပိုပြီး ဆိုးရွားလာပါတယ်။ မွတ်ဆလင် အကြမ်းဖက်သမားတွေက ခရစ်ယာန်ဘုန်းတော်ကြီးနဲ့ အရပ်သားတွေကို ပြန်ပေးဆွဲပြီး ဓားစာခံလုပ်ထားပါတယ်။ အဲဒါပြီးတော့ အကြမ်းဖက်သမားတွေက မင်ဒါနာအိုဒေသကို အစ္စလာမ္မစ်နိုင်ငံတော် (ဝီလာရက်) လို့

သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်တာမှာ အခြေအနေတွေက ပိုပြီး ရှုပ်ထွေးကုန်ပါတော့တယ်။

၂၀၁၇ မေလ ၂၄ ရက်နေ့က အကြမ်းဖက်သမားတို့ မာရာဝီမြို့ကို သိမ်းပိုက်ပြီးနောက် ဖိလစ်ပိုင်စစ်တပ်ရဲ့ ပြောရေးဆိုခွင့် ရှိသူတွေက နိုင်ငံအတွင်း ISIS တွေ ရှိကြောင်းပြောဖို့ငြင်းဆန်ခဲ့ကြပါတယ်။

"ပြတ်ပြတ်သားသား ပြောပါ့မယ်။ ဖိလစ်ပိုင်မှာ ISIS ဆိုတာ မရှိပါဘူး' လို့ ဗိုလ်မှူးကြီး အက်ဂတ်အေရီဗာလိုက ပြောကြားခဲ့ပါတယ်။

'ကျွန်တော်တို့က သူတို့ကို ISIS လို့ ခေါ်လိုက်ရင် နာမည်ကြီးအောင် လုပ်ပေးသလို ဖြစ်သွားမှာပေါ့' လို့လည်း အေရီဗာလိုက ဆိုပါတယ်။ သူတို့ကို မော်တီလက်နက်ကိုင်အုပ်စုတစ်ခုအနေနဲ့သာ အစိုးရက သတ်မှတ်ထားတာပါ။ အဲဒီ အဖွဲ့ဟာ အဘူဆေယက်ဖ်အဖွဲ့နဲ့လည်း မဟာမိတ်ဖွဲ့ထားပြီး တောင်ပိုင်း မင်ဒါနာအိုဒေသမှာ လှုပ်ရှားနေကြတာ ဖြစ်ပါတယ်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးက စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ကြေညာလိုက်ပြီး နောက်တစ်နေ့မှာ မာရာဝီမြို့ကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ကြပါတယ်။ အဲဒီမြို့ဟာ မွတ်ဆလင်အများစုနေထိုင်ရာမြို့ကြီးဖြစ်ပြီး လူဦးရေ နှစ်သိန်းခန့်ရှိတဲ့ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးက ဖိလစ်ပိုင်နိုင်ငံမှာ ISIS တွေမရှိပါဘူးလို့ ပြောပေမဲ့လည်း သမ္မတက ISIL (The Islamic State of Iraq and the Levant) အကြမ်းဖက်သမားများ ရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဗိုလ်မှူးကြီး အေရီဗာလိုနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့စကားကို သမ္မတ ဒူတာတေးက ပြောလိုက်တာပါ။ ရုရှားနိုင်ငံမှ ချက်ချင်းပြန်လာခဲ့တဲ့ ဒူတာတေးက–

"အစိုးရအနေနဲ့ ပြဿနာကို အဆုံးသတ်မယ်။ ကျွန်တော် ISIS တွေနဲ့ မကစားဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့က နေရာအနှံ့ ရှိနေနိုင်တာပဲ။ ဘာဖြစ်လာမယ်ဆိုတာ မှန်းလို့မရဘူး။ အရှေ့အလယ်ပိုင်းဒေသမှာလိုမဖြစ်အောင် သတိထားရမယ်' လို့ မနီလာမြို့မှာ သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

မော်စကိုမှာကတည်းက ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဒယ်လ်ဖင်လိုရန်ဇာနာက သူ့ကို သတိပေးခဲ့ပါတယ်။ မော်တီ သူပုန်တွေနဲ့ ISIL တွေဟာ အတူတူဖြစ်တယ်လို့ သတိပေးခဲ့တာပါ။ သူပုန်တွေရဲ့ နောက်ကွယ်မှာ နိုင်ငံတကာ ကျောထောက်နောက်ခံတွေ ရှိနေတယ်လို့လည်း ဝန်ကြီး က ပြောပြခဲ့ပါတယ်။

သတင်းစာရှင်းလင်းပွဲမှာတော့ ဒူတာတေးက မာရာဝီမြို့အနီးကို တာဝန်ယူထားတဲ့ ရဲမှူးကြီးတစ်ယောက် ခေါင်းဖြတ်အသတ်ခံလိုက်ရတယ်လို့ သတင်းထုတ်ပြန်ပါတယ်။ အကြမ်းဖက်သမားတွေ သိမ်းပိုက်ထားတဲ့ဒေသတွေမှာ အရပ်သားတွေကို ဖမ်းဆီးထိန်းသိမ်းထားမှုတွေ ရှိနေကြောင်းလည်း သိရပါတယ်။ ဖြစ်ချင်တော့ ဒူတာတေးပြောတဲ့ ခေါင်းဖြတ်စီရင်ခံရတဲ့ ရဲမှူးသတင်းက သတင်းမှားကြီးတစ်ခု ဖြစ်နေတာပါ။ အဲဒီရဲမှူး အသက်ရှင်နေပါတယ်လို့ Washington Post သတင်းစာက ဝေဖန်လိုက်ပါတယ်။

မာရာဝီမြို့ကို မေလ ၂၃ ရက်နေ့ကတည်းက ပထမဆုံးစစ်ဆင်ရေးကို စတင်ခဲ့ပါတယ်။ သမ္မတရုံး သတင်းထုတ်ပြန် ရေးဌာနက အဘူဆေယက်ဖ်အဖွဲ့ခေါင်းဆောင် အိုက်စ်နီလွန် ဟာပီလွန်နဲ့ သူ့နောက်လိုက် ၁၅ ဦးခန့်ကို ပစ်မှတ်ထားပြီး လိုက်လံတိုက်ခိုက်နေတယ်လို့ သတင်းထုတ်ပြန်ပါတယ်။

ဇွန်လ ၁ ရက်နေ့မှာတော့ ဒူတာတေးက သူပုန်အဖွဲ့ဟာ ISIS

အဖွဲ့စစ်စစ်ဖြစ်ကြောင်း အတည်ပြုပြောဆို လိုက်ပါတယ်။ သူတို့က နှစ်ပေါင်းများစွာ အစီအစဉ်ဆွဲပြီး တိုက်ခိုက်မှုကို လုပ်ရုံမက နိုင်ငံခြားမှ အကြမ်းဖက်သမားများကိုလည်း တိုက်ခိုက်မှုတွင် ပါဝင်စေခဲ့တယ်လို့ ဆိုပါတယ်။

တိုက်ပွဲသတင်းတွေဟာ ပိုပြီး စိတ်ဝင်စားစရာ ကောင်းလာပါတယ်။ အကြမ်းဖက်သမား ၁၂၀ ခန့်ကို အသေဖမ်းဆီးရမိခဲ့တယ်။ အဲဒီထဲမှာ မလေးရှားနှစ်ဦး၊ အင်ဒိုနီးရှားနှစ်ဦး၊ ဆော်ဒီနှစ်ဦး၊ ယီမင်နဲ့ ချေချန်တစ်ဦးစီ အသေဖမ်းဆီးမိကြောင်း ကာကွယ်ရေးဌာန အကြီးအကဲ လော်ရန်ဇာနာက ပြောပါတယ်။ သူက အကြမ်းဖက်တိုက်ခိုက်သူ ၅၀ မှ ၁၀၀ ကြား ကျန်ရှိနိုင်သေးကြောင်းလည်း သတင်းထုတ်ပြန်ခဲ့ပါတယ်။

ဒါပေမဲ့ ဇွန်လ ၃ ရက်နေ့ သတင်းထုတ်ပြန်ချက်မှာတော့ အရေအတွက်က ပြောင်းလဲသွားပြန်တယ်။ မြို့ကို သိမ်းပိုက်ထားတဲ့ သူပုန်အရေအတွက်က ပြည်တွင်းပြည်ပ အကြမ်းဖက်သမား ၅၀၀ ခန့် ရှိမယ်လို့ ဆိုပါတယ်။သူပုန်သေဆုံးမှု ၁၂၀ ခန့် ရှိလာကြောင်း ထုတ်ပြန်နေချိန်မှာ နောက်ထပ် ၅၀၀ ခန့် ကျန်နေသေးတယ်လို့ အစိုးရရဲ့ ထုတ်ပြန်ချက်က စိုးရိမ်စရာ ဖြစ်လာပါတယ်။ ပြီးတော့ မေလ ၂၉ ရက်နေ့က အစိုးရတပ်တွေအနေနဲ့ မာရာဝီကို ထိန်းချုပ်နိုင်ပြီလို့ ဆိုထားပေမဲ့လည်း အခြေအနေက မရေရာသေးဘူး ဖြစ်နေပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရဆိုရင် မာရှယ်လောထုတ်ပြန်ခွင့် သတ်မှတ်ရက်မှာ ရက်ပေါင်း ၆၀ သာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒူတာတေးက လွှတ်တော်ကို နှစ်လထက်ပိုပြီး မာရှယ်လောကို သတ်မှတ်ခွင့်ပေးဖို့ တောင်းဆိုထားခဲ့ပါတယ်။ ကာကွယ်ရေးဝန်ကြီးက တစ်ပတ်အတွင်း အားလုံးပြီးသွားမယ်လို့ ပြောခဲ့ပေမဲ့အခြေအနေကတော့ မငြိမ်းအေးနိုင်သေးသည့်အနေအထားမှာ ရောက်နေသေးတာပါ။

တိုက်ပွဲတွေဖြစ်ပွားပြီး သေဆုံးနှုန်းက မြင့်တက်လာခဲ့ပါတယ်။ အရပ်သားနဲ့စစ်သားစုစုပေါင်း ၁၇၈ ဦးခန့် ရှိမယ်လို့ ဆိုပါတယ်။အရပ်သားတစ်ဦး စနိုက်ပါနဲ့အပစ်ခံရပြီး သေဆုံးခဲ့ပါတယ်။ စစ်တပ်က အရပ်သား ၁၈၁ ဦးကို ကယ်တင်နိုင်ခဲ့ပါတယ်။ ဇွန်လ ၃ ရက်နေ့အထိ စစ်သား ၁၁ ဦးကျ ဆုံးခဲ့တယ်လို့ အစိုးရက သတင်းထုတ်ပြန်ပါတယ်။ မာရာဝီမြို့မှာ နေထိုင်တဲ့ အရပ်သားနှစ်သိန်းလောက် ပြောင်းရွှေ့ပေးကြဖို့ ဖိအားအပေးခံရပါတယ်။

❒

## အပစ်အခတ် ခေတ္တရပ်စဲခြင်း

၂၀၁၇ ဇွန်လ ၄ ရက်နေ့ရောက်တော့ ဖိလစ်ပိုင်အစိုးရနဲ့ ISIL အကြမ်းဖက်သမားတွေကြားမှာ စစ်ပြေငြိမ်းဖို့ သဘော တူညီချက်ရသွားပုံပါပဲ။ မာရာဝီတစ်ဝိုက်မှာ တိတ်ဆိတ်နေပါတယ်။ သမ္မတ ဒူတာတေးကို MNLF (Moro National Liberation Front) တပ်ဖွဲ့ဝင် ၂၀၀၀ က အကူအညီပေးမယ်လို့သဘောတူပြီး သမ္မတနဲ့ သဘောတူလက်မှတ် ရေးထိုးလိုက်တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

အကြမ်းဖက်သမားတွေနဲ့ ဖိလစ်ပိုင်အစိုးရတို့ ဇွန်လ ၄ ရက်နေ့ မနက် ၈နာရီမှစတင်ပြီး အပစ်အခတ်ရပ်စဲဖို့ သဘောတူညီခဲ့ကြပါတယ်။ အဲဒီအချိန်အတွင်း ဖိလစ်ပိုင်စစ်တပ်က အရပ်သားပြည်သူတွေကို ဘေးလွတ်ရာ ပြောင်းရွှေ့ပေးမှာဖြစ်လို့ အခုလိုအပစ်အခတ်ရပ်စဲရတာပါ။ ဒါပေမဲ့ ပြဿနာက အေးချမ်းပြီလို့တော့ ယတိပြတ်မဆိုနိုင်သေးပါဘူး။

ဇွန်လ ၄ ရက်နေ့ မနက် ၉ နာရီမှာ အရပ်သားတွေကို စတင်ပြောင်းရွှေ့ပေးခဲ့ကြပါတယ်။ အရပ်သား ၁၇၉ ဦးကို ကယ်တင်နိုင်ခဲ့ပါတယ်။ ကယ်ဆယ်မှုဖြစ်စဉ်မှာ စစ်သား ၂ ဦး ဒဏ်ရာရခဲ့ပြီး ကယ်ဆယ်နိုင်ခဲ့တဲ့

အရပ်သားစုစုပေါင်း ၂၀၀၀ ခန့်သာ ရှိပါတယ်။ စစ်တပ်က တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၀ မှ ၂၈ ဦးအထိရှိကြောင်း အစိုးရက ထုတ်ပြန်ပါတယ်။ အများစုမှာ အစိုးရရဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရတာ ဖြစ်ပါတယ်။

မာရာဝီ အရေးအခင်း နောက်ကွယ်မှာ ISIS အကြမ်းဖက်သမားတွေ ကြိုးကိုင်နေတာ သေချာသလောက် ဖြစ်တယ်လို့ ကာကွယ်ရေးဝန်ကြီး လော်ရန်ဇာနာက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဇွန်လ ၄ ရက်နေ့က ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ လော်ရန်ဇာနာက –

"ကျွန်တော်တို့ ဒီပြဿနာကို ဖန်တီးသူတွေဟာ အိုင်အက်စ်တွေဖြစ်ကြောင်း ယုံကြည်ထားပါတယ်။ ကျွန်တော်တို့ စစ်တပ်ကလည်း သူတို့ကို လိုက်လံနှိမ်နင်းနေပါတယ်။ ဒါပေမဲ့ အကြမ်းဖက်သမားတွေဟာ တောတောင်တွေထဲမှာ ပုန်းအောင်းနေတုန်းပဲ။ သူတို့နောက်ဆုံးကျည်ကုန်တဲ့အထိတိုက်ခိုက်မယ့်ပုံပေါ်တယ်"လို့ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံမှာ မော်တီအုပ်စု ထကြွသောင်းကျန်းနေတာ ၂၀၁၃ ခုနှစ်ခန့်ကတည်းက ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ ဒါဗာအိုမြို့တော်ကို ဗုံးနဲ့တိုက်ခိုက်မှု နှစ်ကြိမ်တိုင်တိုင် လုပ်ဆောင်ခဲ့ပါတယ်။ အခု ထကြွသောင်းကျန်းမှုတွေကလည်း သူတို့နဲ့ပတ်သက်နေ တာပါ။

သမ္မတ ဒူတာတေး ယခင်က မြို့တော်ဝန်အဖြစ် အုပ်ချုပ်ခဲ့တဲ့ ဒါဗာအိုမြို့ကို ပစ်မှတ်ထားပြီး တိုက်ခိုက်ကတည်းက ဒူတာတေးကို စိန်ခေါ်နေပြီလို့ ယူဆစရာ ဖြစ်နေပါတယ်။ မင်ဒါနာအိုမြို့မှာ ISIS အကြမ်းဖက် ပူးပေါင်းတိုက်ခိုက်ရေး သမားပေါင်း ၁၂၀၀ ခန့်အထိ ရှိနေပြီလို့ အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး ရာမီဇတ်ရာကူဒါရဲ့ ဆိုထားချက်က စိုးရိမ်စရာ ဖြစ်နေပါတယ်။

❒

## အမှုနဲ့ ကြုံဆိုခံရသူ သမ္မတ

ဖိလစ်ပိုင်အစိုးရရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဆောင်ရွက်မှုအတွင်း တရားလွန် အခွင့်အာဏာသုံးပြီး လူတွေ ထောင်ချီ သတ်ဖြတ်ခဲ့သူတွေအပေါ် နိုင်ငံတကာ တရားရုံး ICC အနေနဲ့ တရားစွဲဆိုသွားနိုင်ခွင့် ရှိတယ်လို့ ICC ကိုယ်စားပြု အကျိုးဆောင်ရှေ့နေ Fatou Bensouda က ၂၀၁၆ အောက်တိုဘာ ၁၆ ရက်နေ့မှာ ပြောလိုက်ပါတယ်။

ဖိလစ်ပိုင်သမ္မတ Rodrigo Duterte အာဏာရလာ ကတည်းက မူးယစ်ဆေးနဲ့ ပတ်သက်သူတွေကို နှိမ်နင်းလာတာမှာ လူပေါင်း ၃၀၀၀ လောက် သေဆုံးခဲ့ပြီး အဲဒီထဲက ၁၅၀၀ လောက်ဟာ မူးယစ်ဆေးနဲ့ ပတ်သက်တဲ့ သံသယရှိခံရသူတွေ ဖြစ်ပါတယ်။

ဖိလစ်ပိုင်အာဏာပိုင်တွေအနေနဲ့လည်း သတ်ဖြတ်မှုတွေအပေါ် လစ်လျူရှုထားပုံရတာကြောင့်အထူး စိုးရိမ်ကြောင်း ICC ရှေ့နေ Bensouda ကပြောပါတယ်။ ၂၀၁၁ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံဟာ ICC ကို အဖွဲ့ဝင်အဖြစ် ဝင်ရောက်လာတာကြောင့် အရပ်သားတွေအပေါ်

စနစ်တကျ တိုက်ခိုက်ကျူးလွန်မှုတွေ ရှိလာလျှင် ICC အနေနဲ့ စွဲချက်တင်နိုင်ကြောင်းလည်း သူက ပြောပါတယ်။

သမ္မတ Duterte ရဲ့ ပြန်ကြားရေးအရာရှိ Martin Andanar ကတော့ စုံစမ်းစစ်ဆေးမှုတွေလုပ်လာရင် သမ္မတက သူ့အနေနဲ့ တာဝန်ယူဖြေရှင်းသွားမှာဖြစ်တယ်လို့ ပြောဆိုထားကြောင်းနဲ့ သေဆုံးသူအများစုဟာ ရဲတွေရဲ့ မူးယစ်ဆေးနှိမ်နင်းမှု လုပ်ပိုင်ခွင့်ဘောင်အတွင်းကသာ ဆောင်ရွက်ရင်း သေဆုံးတာဖြစ်ကြောင်း ပြောဆိုပါတယ်။

ဖိလစ်ပိုင် သမ္မတ ရိုဒရီဂိုဒူတာတေးရဲ့တင်းကျပ်တဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးပေါ်လစီကို ပွင့်ပွင့်လင်းလင်း ဝေဖန်မှုလုပ်တဲ့ လူကို ရာထူးတစ်ခုကနေ ဖယ်ရှားခံလိုက်ရပါတယ်။ လွှတ်တော်အမတ် Leila de Lima ဟာ မူးယစ်ဆေးဝါး ပေါ်လစီကြောင့် လူထောင်နဲ့ချီ မတရားအသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေး ကော်မရှင်ရဲ့ ဥက္ကဋ္ဌအဖြစ်ကနေ ဖယ်ရှားခံရတာ ဖြစ်ပါတယ်။



ဖိလစ်ပိုင် ဌာနတစ်ခုတွင် သမ္မတ ဒူတာတေး မိန့်ခွန်းပြောကြားစဉ်

သမ္မတ ဒူတာတေးရဲ့ မဟာမိတ်တွေက သူ့ကို ဖယ်ရှားဖို့ မဲပေးခဲ့ရာက ဖယ်ရှားခံရတာလို့လည်း လွှတ်တော်အမတ် Leila de Lima က ပြောပါတယ်။ အဲဒီကော်မရှင်ဟာ အရင်တစ်ပတ်တုန်းကပဲ လွှတ်တော်မှာ ကြားနာမှုတစ်ခုလုပ်ခဲ့ပြီး အဲဒီကြားနာမှုအတွင်း လူတွေ အများအပြား သတ်ဖူးတယ်ဆိုတဲ့ လူတစ်ယောက်ရဲ့ပြောပြချက်အရ ရိုဒရီဂို ဒူတာတေး သမ္မတ မဖြစ်ခင်တုန်းက လူသတ်မှုကျူးလွန်ခဲ့ဖူးတယ်လို့ ထွက်ဆိုတာကို ကြားနာခဲ့ပါတယ်။

ရိုဒရီဂို ဒူတာတေးက Davao မြို့တော်ဝန်အဖြစ် ဆောင်ရွက်တုန်းက လူပေါင်း ရာနဲ့ချီကို သတ်ပစ်ဖို့ အမိန့်ပေးခဲ့လို့ သူကိုယ်တိုင် လူပေါင်း ၅၀ လောက် သတ်ပေးခဲ့တဲ့အကြောင်း၊ နောက်ပိုင်းမှာတော့ အမျိုးသမီးတစ်ယောက်ကို ဒူတာတေးကိုယ်တိုင် သတ်ပစ်တာတောင် ရှိတယ်လို့ ထွက်ဆိုခဲ့တာဖြစ်ပါတယ်။ သမ္မတဒူတာတေးကို ထောက်ခံတဲ့လွှတ်တော်အမတ်တွေကတော့ ဒီလိုစုံစမ်းစစ်ဆေးမှုတွေဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ ဂုဏ်သိက္ခာကိုသာ ကျဆင်းစေတယ်လို့ ပြောဆိုနေကြပါတယ်။

❒

## သမ္မတဖြစ်ပြီး ၆ လ အကြာ

လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် လူချင်းမတူကြသလို အမြင်တွေကလည်း ကွာခြားတယ်။ ဘယ်လောက်ပဲစိတ်တိုစရာ ကောင်းကောင်း၊ ဒါမှမဟုတ် ကသိကအောက် ဖြစ်လောက်အောင် မိုက်မဲ၊ ဒါမှမဟုတ် ပေါတောတောနဲ့ ရယ်စရာကောင်းရင်တောင် သူ့လုပ်ရပ်အရ သည်းခံသင့်ရင် သည်းခံရပါလိမ့်မယ်။ ဒီတော့ မိုက်ရူးရဲဖြစ်နေတဲ့ လူတစ်ယောက်ကို နည်းနည်းပါးပါးတော့ သည်းခံသင့်တယ်။ အဲဒီလူကတော့ တခြားသူ မဟုတ်ပါဘူး။ ဖိလစ်ပိုင်သမ္မတ ဒူတာတေးပဲ ဖြစ်ပါတယ်။

မိုကရူးရဲလုပ်တတ်သူ၊ အယုတ္တအနတ္တထွက်တတ်သူ၊ လူမျိုးရေးဝါဒီ၊ အဂတိလိုက်စားသူ၊ ပုံမှန်ယဉ်ကျေးတဲ့ အပြုအမူကို စော်ကားတဲ့သူတွေဟာ နောက်ဆုံးတော့ ဘဝနေဝင်ချိန် စောတတ်ပါတယ်။ ဒူတာတေးဟာ ဒီမကောင်းမှုတွေကိုလုပ်ခဲ့ပြီး ဒါတွေကို နောင်တမရတဲ့ပုံပေါ်နေရင် သူဟာ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်အနေနဲ့ ဆက်လက်တည်ရှိ နေမယ့်ရက်တွေ စောစောစီးစီး ပြီးဆုံးလိမ့်မယ်လို့ ဆိုရပါ

မယ်။

သူ့လိုပဲ ဖိလစ်ပိုင်သမ္မတဖြစ်ခဲ့တဲ့ ဂျိုးဇက် အက်စထရာဒါ(Joseph Estrada) နဲ့ ဒူတာတေးတို့နှစ်ယောက်ဟာ ဆင်တူတယ်လို့ ပြောလို့ရပါတယ်။ အက်စထရာဒါဟာ ဒူတာတေးလိုပဲ စကားကို တဲ့တိုးပြောတတ်ပြီး သာမန်လူထုရဲ့အကျိုးကို ရည်မျှော်တဲ့ဝါဒီ တစ်ယောက်ဖြစ်သလို မိန်းမလိုက်စားသူလည်း ဖြစ်ပါတယ်။

၁၉၉၈ ခုနှစ် သမ္မတရာထူးကို မရယူခင်က သူဟာ မြို့တစ်မြို့ရဲ့ မြို့တော်ဝန်အဖြစ် နှစ်အတော်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်ပါတယ်။ အက်စထရာဒါဟာ နိုင်ငံပိုင်ဘဏ္ဍာက ဒေါ်လာသန်း ၈၀ လောက်တန်ဖိုးရှိတဲ့ ရွှေငွေပစ္စည်းတွေကို သူ့ကိုယ်ကျိုးအတွက် ယူခဲ့ပါတယ်။ အဲဒါကြောင့်ပဲ အက်စထရာဒါဟာ သမ္မတသက်တမ်းရဲ့ တစ်ဝက်လောက်တောင်မခံဘဲ စွပ်စွဲပြစ်တင်ခံရပြီး သမ္မတရာထူးက ဖြုတ်ချခံခဲ့ရပါတယ်။

ဒူတာတေးဟာ သမ္မတအဖြစ်နဲ့ ခြောက်လရှိပြီဖြစ်လို့ မကြာခင်မှာ အက်စထရာဒါလို ကံကြမ္မာမျိုးနဲ့ ကြုံတွေ့နိုင်တယ်လို့ ထင်ကြေးပေးနေကြပါတယ်။ ဥပမာပြောရရင် သြစတြေးလျ ကာကွယ်ရေးတက္ကသိုလ်က လေးစားခြင်းခံရတဲ့ စိစစ်လေ့လာသူ Carlyle Thayer က အမေရိကန်ကိုဗဟိုမဏ္ဍိုင်ပြုတဲ့ ဖိလစ်ပိုင်နိုင်ငံကို တရုတ်နိုင်ငံ နယ်ပယ်အတွင်း ဝင်လိုက်တဲ့ လုပ်ရပ်ဟာ ပြိုကွဲပျက်ပြားလာနိုင်တယ်လို့ ဆိုတယ်။

သေချာတာကတော့ ဒူတာတေးရဲ့ စိတ်ဆတ်၊ စိတ်မြန်တာတွေကြောင့် တရုတ်ဟာ မနီလာနဲ့ ယာယီပြဿနာပေါ်လာခဲ့ရင် ဒူတာတေး နောက်တစ်နေရာဆီ ခြေဦးလှည့်သွားမှာကို တရုတ်က သတိထားနေမှာ ဖြစ်ပါတယ်။ ဒူတာတေးဟာ သမ္မတသက်တမ်း အပြည့်ရှိနေမှာလား၊

ပြီးတော့ ဖိလစ်ပိုင် နိုင်ငံဟာ တည်ငြိမ်နေမှာလားဆိုတာကို တရုတ်အနေနဲ့ ခန့်မှန်း တွက်ချက်ရမှာဖြစ်တယ်လို့ Thayer က ပြောပါတယ်။

ဒီကိစ္စနှစ်ခုစလုံးဟာ အထူးပဲသံသယ ရှိစရာဖြစ်နေတယ်။ ဒူတာတေးပေကျင်းကို ရောက်တုန်းက အမေရိကန်နိုင်ငံကနေ ခွဲခွာခြင်းကို အမွှမ်းတင်ခဲ့တဲ့အတွက် တရုတ်နိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံရဲ့ အထူးသံတမန်ဖြစ်တဲ့ သမ္မတဟောင်း Fidel Ramos က ဒူတာတေးကို စွန့်ခွာသွားခဲ့ပါတယ်။ ကုလသမဂ္ဂ ခုံရုံးကတောင် တရုတ်ပင်လယ်အတွင်း ဖိလစ်ပိုင်နိုင်ငံရဲ့ပိုင်ဆိုင်ခွင့်ကို အတည်ပြုခဲ့ပြီး တရုတ်နိုင်ငံရဲ့ ပိုင်ဆိုင်ခွင့်ကို ပယ်ချလိုက်ပြီးနောက်မှာ ဒူတာတေးက သူရှိသေကြည်ညိုတဲ့ ရာမို့စ်ကို ဟောင်ကောင်စေလွှတ်ကာ သဘောတူညီချက် ရှာခဲ့ပါတယ်။

ပထမတော့ အားလုံးအဆင်ပြေတော့မလိုလိုရှိခဲ့ပြီး ယဉ်ကျေးရည်မွန်တဲ့၊ ကိုယ်ကျင့်တရားကောင်းတဲ့၊ အသက် ၈၈ နှစ်ရှိပြီဖြစ်တဲ့ ရာမို့စ်ဟာ သူ့သမ္မတရဲ့ စရိုက်ကြမ်းတဲ့စကားတွေကို တဖြည်းဖြည်းနဲ့ စိတ်ကုန်လာရုံတင်မကဘူး၊ မူးယစ်ဆေးဝါး သုံးစွဲနေသူတွေလို့ သံသယရှိတဲ့လူတွေကို မျိုးဖြုတ်ဖျာကိုလည်း စိတ်ကုန်လာခဲ့ပုံရပါတယ်။ ဒီတော့ လက်နက်ကိုင်တပ်တွေရဲ့ စစ်ဦးစီးချုပ်ဟောင်း ရာမို့စ်ဟာ အရင်လကရေးသားခဲ့တဲ့အိတ်ဖွင့်ပေးစာမှာ အမေရိကန်နဲ့ ကုလသမဂ္ဂတို့အပေါ် ဒူတာတေးရဲ့ ထိုးနှက်ချက်တွေကိုပယ်ပယ်နယ်နယ် ဝေဖန်ရှုတ်ချခဲ့ကာ သမ္မတ ဒူတာတေးရဲ့သမ္မတသက်တမ်း ရက် ၁၀၀ ဟာ အလွန်စိတ်ပျက်စရာ ကောင်းတယ်လို့ ပြောခဲ့ပါတယ်။

အောက်တိုဘာလ ၃၀ ရက် နောက် တစ်ကြိမ်ရေးသားခဲ့တဲ့ ဝေဖန်ရှုတ်ချချက်စာမှာ ရာမို့စ်က ဒူတာတေးဟာ သူ့ပါးစပ်ထဲကို သေနတ်နဲ့ ပစ်နေပြီး အမေရိကန်အပေါ် အကြောင်းမဲ့အပုပ်ချရာမှာ ဖိလစ်ပိုင်နိုင်ငံသား ၁၀၁ ဒသမ ၅ သန်းကို သူနဲ့တစ်ပါတည်း ဆွဲခေါ်သွားတယ်လို့

စွပ်စွဲထားပါတယ်။

ဒါမျိုးရေးတာ ရာမို့စ်တစ်ယောက်တည်း မဟုတ်ပါဘူး။ ဖိလစ်ပိုင်အထက်လွှတ်တော်အမတ်နဲ့ ပြန်ကြားရေး ဝန်ကြီးဟောင်းဖြစ်တဲ့ Francisco Tatad ဟာလည်း ကျွဲမြီးတိုကာ သတင်းစာတွေဆီ ရေးသားခဲ့ပါသေးတယ်။ ဂျိုးဇက်စတာလင်၊ ဆက်ဒမ်ဟူစိန်နဲ့ အဒေါ့ဖ်ဟစ်တလာတို့ရဲ့လုပ်ရပ်တွေကို ဒူတာတေးက အတုခိုးချင်တယ်လို့ ပြောဆိုခဲ့ပြီးနောက် ဒီလူဆိုးကြီးသုံးယောက်ရဲ့ဘဝတွေကို ဆန်းစစ်ခဲ့ပြီး ဒီခေါင်းဆောင်တွေမှာ တူတဲ့အချက်သုံးခုရှိတယ်လို့ Tatad က ကောက်ချက်ချခဲ့ပါတယ်။ သူတို့ဟာ တခြားလူတွေ ထိခိုက်နစ်နာတာနဲ့ သိက္ခာကျတာတွေကို ဂရုမစိုက်တာ၊ ဝေဖန်မှုကို သည်းမခံတာ၊ ပြီးတော့ နိုင်ငံအပေါ် သူတို့ရဲ့အရေးပါလိုစိတ် အလွန်အမင်းရှိကြတယ်ဆိုတဲ့ အချက်တွေပါပဲ။

ဒူတာတေးဟာ ဒီလို ပင်ကိုလက္ခဏာမျိုးရှိတာကို ဖြစ်ရပ်အတော်များများနဲ့ သက်သေပြသခဲ့ပါတယ်။ ပိုပြီးဆိုးတာက သမ္မတ မဆန်လွန်းတဲ့အပြုအမူနဲ့ သူ့ကိုယ်သူ အမွှမ်းတင်လွန်းအားကြီးတာပဲ ဖြစ်ပါတယ်။ သူ့ရဲ့အောက်တန်းကျတာကို သူကိုယ်တိုင် နှစ်သက်နေတာကြောင့် အကြောင်းအရာတစ်ခုပြောတဲ့အခါမှာ ဆဲရေးတိုင်းထွာတဲ့ စကားမပါဘဲ မပြောတတ်တော့ဘူးလို့ ဒူတာတေးကို ရည်ရွယ်ကာ Tatad က ပြောခဲ့ပါတယ်။

ဖိလစ်ပိုင်နဲ့ အမေရိကန်နိုင်ငံတို့ရဲ့ သမိုင်းဝင်မဟာမိတ်ကို ပယ်ဖျက်မယ်လို့ ဒူတာတေးရဲ့အတိအလင်းပြောကြားမှုနဲ့ လုံခြုံရေးအတွက် တရုတ်နဲ့ ရုရှားတို့နဲ့ အစားထိုးမယ်ဆိုတာကတော့ နိုင်ငံရေး၊ စီးပွားရေး၊ သို့မဟုတ် မဟာဗျူဟာအရ လုံးဝ အဓိပ္ပာယ်မရှိပါဘူး။ ဆယ်စု နှစ်ပေါင်းများစွာရှိတဲ့ စစ်ဘက်ဆိုင်ရာမိတ်ဖက်၊ နည်းဗျူဟာဆိုင်ရာ ကျွမ်းကျင်မှု၊ တွဲဖက်သုံးနိုင်တဲ့ လက်နက်အမျိုးမျိုး၊ တွက်ဆလို့ရတဲ့ ထောက်ပံ့

ပို့ဆောင်ရေးနဲ့ စစ်သားချင်း ရဲဘော်ရဲဘက်စိတ်ရှိတာတွေကို စွန့်ပစ်မှာလားလို့ ဒေါသထွက်ပြီး စိတ်ရှုပ်ထွေးနေတဲ့ ရာမို့စ်ကပြောခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံဟာ တစ်ချိန်က အမေရိကန် ကိုလိုနီဖြစ်ခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ ၁၉၄၆ ခုနှစ်က အမေရိကန်ဟာ မိမိဆန္ဒအလျောက် ထွက်ခွာသွားခဲ့ပြီးနောက်ပိုင်း မနီလာအစိုးရရဲ့မေတ္တာရပ်ခံချက်အရ ကလပ်နဲ့ ဆူးဘစ် ပင်လယ်အော် (Clark and Subic Bay) စစ်စခန်းတို့ကနေ ၁၉၉၀ ပြည့်နှစ်မှာ အေးချမ်းစွာရုပ်သိမ်းခဲ့ပါတယ်။ မတူညီတဲ့အချက်ကတော့ ဒူတာတေးရဲ့မိတ်ဆွေအသစ်ဖြစ်တဲ့ တရုတ်ဟာ ဖိလစ်ပိုင်ကမ်းလွန်ကျွန်းတွေကို ပိုင်ဆိုင်တယ်လို့ ပွင့်ပွင့်လင်းလင်းပဲ ပြောဆိုကာမကြာသေးခင်နှစ်အတွင်းက ဒီဒေသကိုဝါးမျိုဖို့ ရန်လိုတဲ့လှုပ်ရှားမှုတွေပြုလုပ်ခဲ့ပါတယ်။

ဒူတာတေးရဲ့စော်ကားမှုတွေကြောင့် ကျွဲမြီးတိုသွားတဲ့ အမေရိကန်တွေက ဖိလစ်ပိုင်နိုင်ငံထံ ရိုင်ဖယ်သေနတ်တွေ ပေးတာကို ရပ်ဆိုင်းချင်ရပ်ဆိုင်းမယ်လို့ပြောတဲ့အခါမှာ ဒူတာတေးက အမေရိကန်တွေကိုမျောက်တွေ၊ လူ့အန္ဓတွေလို့ ခေါ်ဆို လိုက်ပြီး မရောင်းရင်လည်းရတယ်။ ဒီမှာလက်လုပ်သေနတ်တွေ အများကြီးရှိတယ်လို့ တုံ့ပြန်ပြောခဲ့ပါတယ်။

❐

## ဖိလစ်ပိုင်ရဲ့လိင်ကျွန်ပြဿနာ

အစပိုင်းကတော့ သူက သိပ်ပြီးတော့ ကြင်နာတာပဲ။ တကယ့်နတ်သားတစ်ပါးလား မှတ်ရတယ်။ နောက်မှ သူ့ကို မကောင်းဆိုးဝါးမှန်း သိရတယ်'ဟု အွန်လိုင်းအတွက် လိင်ဖျော်ဖြေရေးလုပ်ငန်း လုပ်ဆောင်ရန် သိမ်းသွင်းသူ အသက် ၁၉ နှစ်အရွယ် လူငယ်တစ်ယောက်အကြောင်းကို ကောင်မလေးတစ်ယောက်က ပြောပြနေခြင်းဖြစ်သည်။

ကောင်မလေးက မင်ဒါနာအိုကျွန်းမှဖြစ်သည်။ မကောင်းသည့် ခေါင်းလုပ်ငန်းကို လုပ်စားနေသော ထိုလူငယ်က ဆင်းရဲသည့် မိဘတွေထံမှ ကောင်မလေးကို ပညာသင်ပေးမည်ဆိုပြီး ခေါ်ထုတ်ခဲ့သည်မှာ လွန်ခဲ့သော ငါးနှစ်ခန့်ကတည်းကဖြစ်သည်။ သို့သော် သူ အမှန်တကယ် လုပ်နေရသည့် လုပ်ငန်းက တီဗီကင်မရာများရှေ့တွင် ခုန်ပေါက်ကပြနေရခြင်းသာ ဖြစ်သည်။

"သမီးက သမီးကိုယ်သမီး အွန်လိုင်းပေါ်မှာ မော်ဒယ်လ် တစ်ယောက်ဖြစ်နေမှန်းတောင် မသိလိုက်ပါဘူး"ဟု ပြောပြသည်။ သူနှင့်အတူ အခြားကောင်မလေး ၆ ယောက်ခန့်ကလည်း ကင်မရာများ

ရှေ့တွင် သရုပ်ဆောင်ပြရသည့် အလုပ်တွေကို လုပ်ကြရသည်။ ထိုအထဲတွင် လေးဖက်သွားအရွယ် ကလေးနှစ်ယောက်လည်း ပါဝင်သည်။ သူတို့ကို အင်္ဂလိပ်စကားကောင်းစေရန်ဆိုကာ ကျောင်းတက်ခိုင်းသည်။ သူတို့ကို အလှအပပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် မော်ဒယ်လ်များအဖြစ် အသုံးချနေခြင်း ဖြစ်သည်ဟု ပြောပြသည်။

ကလေးများကို ထိုသို့မွေးထားပြီး အသုံးချနေသည့် ဇာတ်လမ်းပေါင်းများစွာရှိသည်။ မနီလာမြို့ပြင်တွင်လည်း Centre of Hope ဆိုသည့် ကလေးစောင့်ရှောက်ရေးဂေဟာ တစ်ခုရှိသည်။ အလွန် သန့်ရှင်းပြီး သားသားနားနားပြင်ထားသည့် ဂေဟာတစ်ခုလည်း ဖြစ်သည်။ ခရစ္စမတ်သစ်ပင်တွေထားပြီး မီးလုံးမီးအိမ်များကိုလည်း လှပစွာ ထွန်းညှိထားသည်။ ဆရာများ၊ လူမှုရေးလုပ်သားများ၊ စိတ်ပညာရှင်များလည်း ထိုဂေဟာတွင် ပါတီပွဲလုပ်တိုင်း တက်ရောက်ချီးမြှင့်ကြသည်။

ထိုဂေဟာတွင် နေထိုင်ခိုလှုံနေကြသူအများစုမှာ လူငယ်လေးတွေဖြစ်သည်။ သူတို့သည် နှစ်ထပ်ခုတင် အိပ်စင်လေးတွေနှင့် အိပ်ရသည်။ အဆောင်နေကျောင်းသားများအတိုင်းဖြစ်ပြီး သန့်ရှင်းသပ်ရပ်စွာ နေထိုင်ကြရသည်။ သူတို့အဆောင်မှာ လူတွေသတိမထားမိနိုင်သော ဂိတ်တံခါးတစ်ခု၏နောက်တွင်ရှိသည်။ ထိုအဆောင်ထဲတွင် မိန်းကလေး ၅၀ နှင့် ယောကျ်ားလေးတစ်ယောက် ရှိသည်။ သူတို့ကို ဘာတွေခိုင်းပြီး ဘာတွေလုပ်နေမှန်း မိဘများပင်မသိ။ သို့သော် သူတို့က မိဘတွေအတွက် ငွေရှာပေးနေကြသူများ ဖြစ်နေသည်။

အွန်လိုင်းပေါ်တွင် လိင်အသားပေးဖျော်ဖြေမှုဆိုင်ရာပုံများ ဗီဒီယိုများတင်မှုသည် ဈေးကွက်ကြီးတစ်ခုလို ဖြစ်လာသည်။ ကမ္ဘာပေါ်တွင် လစဉ် ဘီလျံနှင့်ချီသောပုံများကို ရှာဖွေကြည့်နိုင်သည့် နေရာတစ်ခု

ဖြစ်နေပြီး ယင်းတို့အထဲတွင် မသိနားမလည်သည့် ကလေးငယ်တွေက ဓားစာခံများ ဖြစ်နေရရှာသည်။ တရားမဝင်၊ ကိုယ်ကျင့်တရားနှင့်မညီ၊ ရာဇဝတ်မှုဟု မည်မျှပြောဆိုသည်ဖြစ်စေ အွန်လိုင်းပေါ်ရှိ ချွတ်ဖော်ဈေးကွက်ကြီးမှာ တိုးတက်စည်ကားနေသည်သာ ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဖော်ချွတ်ဓာတ်ပုံများ၊ ဗီဒီယိုများအပြင် တိုက်ရိုက်လွှင့်လုပ်ငန်းများထဲ၌ လေးဖက်သွားအရွယ် ကလေးငယ်ပါ မရှောင် လုပ်ဆောင်နေကြသည်ကို တားဆီးနိုင်ခြင်းမရှိ ဖြစ်နေသည်။ ပညာရှင်များက ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့လိင်ပိုင်းဆိုင်ရာပုံများ၊ ဗီဒီယိုများကို အဓိကထုတ်လုပ်သည့် နေရာတစ်နေရာ ဖြစ်နေပြီဟုပင် စွပ်စွဲထားသည်။ အဘယ်ကြောင့် ထိုသို့ဆိုထားသနည်း။

သမိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာများက ထိုသို့ မဟုတ်ကဟုတ်က လုပ်ငန်းကို ပေါ်ပေါက်စေရန် အထောက်အကူပြုနေကြောင်း ရှင်းပြထားသည်။ ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်တို့လက်အောက်တွင် နှစ်ရှည်လများ နေခဲ့ရသောကြောင့် အင်္ဂလိပ်စကားကျွမ်းကျင်စွာတတ်ကြသည်။ ထို့ကြောင့် ကလေးသူငယ်များကို မတော်မတရားလုပ်ငန်းများတွင် ခိုင်းစေလိုသူများအနေနှင့် အင်္ဂလိပ်လို ကောင်းစွာဆက်သွယ်နိုင်ကြသည်။

ထို့ပြင် ဖိလစ်ပိုင်၌ အင်တာနက်သုံးစွဲမှုနှုန်းနှင့် သုံးစွဲနိုင်မှု အနေအထားတွေကလည်း ဖွံ့ဖြိုးတိုးတက်နေသည်။ ဖိလစ်ပိုင်လူဦးရေ၏ ၅၅ ရာခိုင်နှုန်းခန့် အင်တာနက်သုံးစွဲနိုင်နေပြီ ဖြစ်သည်။ ၂၀၀၉ ခုနှစ်က ၉ ရာခိုင်နှုန်းသာ ရှိရာမှ ခုန်တက်သွားခြင်းဖြစ်ရာ အွန်လိုင်းအတွက် ဈေးကွက်တစ်ခုကို ဖော်ဆောင်ရန် မြို့ပြနှင့်ဝေးကွာသည့်နေရာများတွင် ဂေဟာများအမည်ခံ ဆိုက်ဘာလိင်လုပ်ငန်းဆိုင်ရာစခန်းများကို ထူထောင်ကြတော့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် မူးယစ်ဆေးသုံးစွဲမှုများကလည်း အလွန်မြင့်မား သည်။ မည်မျှ ပစ်ခတ်နှိမ်နင်းသည်ဆိုစေ အမြစ်ပြတ်အောင် မဖြတ်နိုင် သေးပေ။ ထို့ကြောင့် မူးယစ်ဆေးစွဲနေသည့် လူငယ်များအနေနှင့် ငွေရ လျှင် ဘာမဆိုလုပ်မည့် အနေအထားမျိုးတွေလည်း ရှိနေသည်။

ရဲတပ်ဖွဲ့အနေနှင့်လည်း မကောင်းမှုလုပ်နေသည့် ဗီဒီယိုရိုက်ကူး သည့်နေရာဟု သံသယဖြစ်၍ ဝင်ဖမ်းမည်ဆိုလျှင်လည်း သူတို့တွင် အထောက်အထားများနှင့် အကြောင်းပြစရာတွေ အများကြီးရှိနေသည်။ ဆိုက်ဘာကဖေး၊ ပါတီပွဲစသည်ဖြင့် အကြောင်းမျိုးစုံပြနိုင်သည့် အနေ အထားတွင်ရှိနေသည်။ အချို့မှာ ဂေဟာ၊ စောင့်ရှောက်ရေးအမည်များပင် ခံထားသေးသည်။ ထိုနေရာများသို့ရောက်လာကြသူတွေက ချမ်းသာ သည့် အမေရိကနှင့် ဩစတြေးလျနိုင်ငံများမှ လူတွေဖြစ်နေကြောင်း တွေ့နေရသည်။ Centre of Hope မှ ကလေးမလေးတစ်ယောက်ကို ဒတ်ချ်လူမျိုးတစ်ယောက်အား ရောင်းစားလိုက်သည်။ ထိုဒတ်ချ်က ကောင်မလေးကို စီးကရက်မီးနှင့်ထိုးပြီး နှိပ်စက်နေပုံများကို ကလေး၏ ဖခင်ဖြစ်သူတင်ပြမှ သိကြရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကလေးတို့ကို မတော်မတရား လိင်ပိုင်းဆိုင်ရာ ကျူးလွန်နေမှုများအား ဗီဒီယိုများ ရိုက်ကူး ထုတ်လွှင့်သည့် အချက်အချာ ဗဟိုနိုင်ငံကြီးတစ်နိုင်ငံဖြစ်နေကြောင်း Philstar သတင်းတွင်လည်း ဖော်ပြထားသည်။ ၂၀၁၇ ခုနှစ် ဇွန်လအတွင်းက ဖိလစ်ပိုင်တွင် လိင်ပိုင်း ဆိုင်ရာ မတော်မတရား ဗီဒီယိုရိုက်ကူးခြင်းခံရသည့် ကလေး ၄ ယောက် ထဲမှ တစ်ဦးကို ထုတ်ဖော်နိုင်ခဲ့ကြောင်း ကုလသမဂ္ဂ ကလေးသူငယ် ဆိုင်ရာအဖွဲ့ UNICEF နှင့် ဖိလစ်ပိုင်အစိုးရတို့က ထုတ်ဖော် ဝန်ခံခဲ့ သည်။

အသက် ၁၃ နှစ်မှ ၂၄ နှစ်အတွင်း ကလေးများကို သုတေသနလုပ်

ကြည့်ရာတွင် ကလေးအများစုသည် လိင်ပိုင်းဆိုင်ရာစော်ကားမှုကို အများဆုံး ခံနေကြရသည်။ အထူးသဖြင့် မိဘမဲ့ဂေဟာ၊ ကလေးသူငယ်နှင့် အမျိုးသမီးများ စောင့်ရှောက်ရေးဂေဟာများတွင် နေထိုင်မှီခိုကြရသည့်ကလေးတွေက အဆိုးဆုံးခံစားနေရသူများ ဖြစ်နေသည်။ ယောကျ်ားလေးများက မိန်းကလေးများထက်ပင် အရေအတွက်ပိုများပြီး လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံနေကြရသည်။ အသက် ၁၃ နှစ်မှ ၁၇ နှစ်အတွင်း ကလေးများက လိင်ပိုင်းဆိုင်ရာ အဓမ္မကျင့်မှုများကို အများဆုံးခံနေကြရကြောင်း UNICEF အစီရင်ခံစာ ၂၀၁၇ ခုတွင် ဖော်ပြထားသည်။

UNICEF အစီရင်ခံစာတွင် ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့လိင်ပိုင်းဆိုင်ရာ ဗီဒီယိုများကို အများဆုံး ထုတ်လွှင့်တင်ပေးနေသည့် နေရာတစ်နေရာဖြစ်လာပြီဟုလည်း ဖော်ပြထားသည်။ ကလေးကုန်ကူးသူများသည် အွန်လိုင်းပေါ်တွင် ဈေးကွက်တစ်ခုကိုထူထောင်ပြီး ကလေးများ၏ လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေမှုများကို တင်ဆက်ပေးရင်း စီးပွားရှာမှုများပါ ပြုလုပ်နေကြသည်။

ကလေးသူငယ်များကို မွေးထားပြီး ဘိ (Den) အဖြစ် ထောင်ထားသည့် နေရာပေါင်းများစွာကို ဖိလစ်ပိုင်နိုင်ငံ မနီလာ၊ စီဘူးနှင့် ဒါဗာအိုမြို့များတွင် တွေ့ရသည်။ သူတို့က အခန်းလေးတစ်ခန်းကို စတူဒီယိုအဖြစ်အသုံးပြုပြီး ကင်မရာ၊ လက်ပ်တော့နှင့် အင်တာနက်ရှိလျှင် အဆင်ပြေသောကြောင့် အရင်းအနှီးများစွာ မစိုက်ရဘဲ အကျိုးအမြတ်များစွာ ရှာနိုင်သည့် လုပ်ငန်းတွေလည်း ဖြစ်နေသည်။

ဖိလစ်ပိုင်နိုင်ငံ၏ဘိများထဲသို့ ရောက်ကုန်ကြသည့် ကလေးအများစုသည် ဆင်းရဲခြင်း၏ ဓားစာခံများဖြစ်သည်။ ကလေးတစ်ယောက် ချွတ်ဖော်တစ်ခန်းလောက်ပါလိုက်လျှင် ပီဆို ၁၅၀ (၃ ဒေါ်လာ) ခန့်သာ

ရသော်လည်း စားဝတ်နေရေးအတွက် လုပ်ဆောင်နေကြသည်သာ ဖြစ်သည်။ ဤလုပ်ငန်း လုပ်ဆောင်ရန်အတွက် မိဘများကိုယ်တိုင် မိမိတို့သားသမီးများကို ခေါ်လာပြီး သရုပ်ဆောင်ခိုင်းနေမှုများ ရှိနေကြောင်းလည်း တွေ့ရသည်။

ဖိလစ်ပိုင်သမ္မတ အကွီနိုလက်ထက်က Cybercrime Prevention Act of 2012 ဆိုသည့် ဥပဒေကို ထုတ်ပြန် ပြဋ္ဌာန်းပေးခဲ့ပြီးသားဖြစ်သည်။ သို့သော် ဥပဒေထုတ်ပြီးနောက် ကလေးသူငယ်များအပေါ် လိင်လုပ်ငန်းဆိုင်ရာ အသုံးချမှုများ က ပိုဆိုးလာသည်။ ၂၀၁၃ ခုနှစ်က ကလေးဗီဒီယိုရိုက်မှုဖြင့် ဖမ်းမိသည့် အမှုပေါင်း ၅၇ မှုသာ ဖြစ်သော်လည်း ၂၀၁၇ ခုနှစ်တွင် ၁၆၇ မှု ဖြစ်လာကြောင်း UNICEF အစီရင်ခံစာတွင် ဖော်ပြထားသည်။ သို့သော် ဖမ်း၍မမိသည့် အမှုပေါင်းများစွာ၊ လုပ်ငန်းပေါင်းများစွာကလည်း ရှိနေဆဲဖြစ်သည်။

လက်ရှိ သမ္မတ ဒူတာတေးသည် ၂၀၁၄ ခုနှစ်က ဒါဗာအိုမြို့၌ မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ သူကိုယ်တိုင် အုပ်ချုပ်ခဲ့သည့်မြို့တွင် ကလေးလိင်ပိုင်းဆိုင်ရာ ဗီဒီယိုတွေ ထွက်နေသည် ဆိုသဖြင့် သူက -

"အဲဒီကောင်တွေကိုယ်တိုင် ဒါဟာ ရာဇဝတ်မှုတစ်ခုပါလားဆိုတာ မျက်ဝါးထင်ထင် မြင်သွားရအောင် ကျုပ် လုပ်ပြမယ်" ဟု ကြိမ်းဝါးခဲ့သည်။ သူကိုယ်တိုင် ကလေးသူငယ်များကို လူကုန်ကူးသူများအား သေဒဏ်ပေးရန် တောင်းဆိုခဲ့ သည်။ ထိုအမှုသည် မူးယစ်ဆေးအမှုထက် ဆိုးသည်ဟုလည်း သူက ဆိုသည်။ သူက မူးယစ်ဆေးသမားတွေကို တွေ့ရာသင်္ချိုင်း ပစ်သတ်ခိုင်းထားသူလည်း ဖြစ်သည်။ သို့သော် မူးယစ်ဆေးကိုသာ အာရုံစိုက်ပြီး ကလေးသူငယ် လိင်ပိုင်းဆိုင်ရာစော်ကားခြင်းခံနေရာမှုများကို ထိရောက်စွာအရေးယူနိုင်သည့်ဘက်သို့ မလှည့်နိုင်သေး

သဖြင့် ယနေ့အထိ အကောင်အတည်တော့ မပေါ်သေးပေ။

ဩစတြေးလျရဲတပ်ဖွဲ့ကလည်း ဖိလစ်ပိုင်အာဏာပိုင်များကို မိန်းကလေးလေးယောက်နှင့် အမျိုးသမီးကြီးသုံးယောက်ကို ဖမ်းပေးပြီး ကူညီခဲ့ဖူးသည်။ ထိုသူတွေက ဗီဒီယိုရိုက်ပြီး အမေရိကနှင့် ဩစတြေးလျ နိုင်ငံများတွင် ဖြန့်ချိပေးနေ သူတွေဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ တောင်ဘက် ၇၁၇ ကီလိုမီတာကွာဝေးသည့်နေရာ ဘာကိုလော့မြို့တွင် ဩစတြေးလျ ရဲအရာရှိ အာလင်း တိုရန်ဒိုကိုယ်တိုင် ညီအစ်မ သုံးယောက်ဖြစ်သည့် အသက် ၈ နှစ်၊ ၉ နှစ်နှင့် ၁၂ နှစ်သမီးလေးများကို အိမ်တစ်အိမ်၌ မတော်မတရားဗီဒီယိုများ ရိုက်ရန် စီစဉ်နေခြင်းအား ဖမ်းဆီးပေးခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာ၌ အမျိုးသမီးကြီးသုံးဦးကိုပါ ဖမ်းဆီးနိုင်ခဲ့သည်။

ကလေးများကို ဗီဒီယိုရှေ့တွင် ရပ်ခိုင်းပြီး အဝတ်အစားတွေ ချွတ်ခိုင်းသည်။ ထို့နောက် လေ့ကျင့်သင်ကြားပေးသည်ဆိုပြီး မတော်မတရားတွေ လုပ်သည်။ ထိုသို့ လုပ်နေခြင်းများကို ဗီဒီယိုရိုက်ကူးထားသည်။ ဩစတြေးလျရဲတပ်ဖွဲ့နှင့် အမေရိကန် FBI တို့ ပူးပေါင်းပြီး ထိုလုပ်ငန်းကို ၂၀၁၇ ခုနှစ် မေလ ၅ ရက်နေ့က ဖော်ထုတ်ပြနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးသုံးယောက်ကို ကလေးသူငယ် လူကုန်ကူးမှု၊ မတော်မတရားနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာပုံများ ထုတ်လုပ်မှု၊ အင်တာနက်ဆိုင်ရာ ပြစ်မှုကျူးလွန်မှုများနှင့် တရားစွဲထားသည်။ အာလင်းက–

"ကလေးတွေက လုံးဝအပြစ်ကင်းတယ်။ ဘာမှမသိဘူး"ဟု ထုတ်ဖော်ပြောကြားသည်။ သူတို့သည် ညီအစ်မအရင်းများဖြစ်ကြပြီး ဖခင်မရှိ။ မိခင်မှဆိုးမနှင့် နေထိုင်ရပြီး အလွန်ဆင်းရဲကြသည်။

"အလွန်ရက်စက်ယုတ်မာသည့် ဤလုပ်ငန်းသည် စီးပွားရေး လုပ်ငန်းကြီးတစ်ခုအနေနှင့်မည်မျှကြီးထွားနေဦးမည်ဟု မဆိုနိုင်ပေ။ ဘီလီယံ




ပေါင်းများစွာ ထိုက်တန်သည့် ဈေးကွက်ကြီးတစ်ခုဖြစ်နေသည်ကတော့ အမှန်ဖြစ်သည်။ မိဘများကိုယ်တိုင် ဤကိစ္စတွင်ပါဝင်နေပြီး အချို့မှာ မိမိတို့အိမ်မှာပင် ရိုက်ကူးရေးကို ခွင့်ပြုနေကြသည်"ဟု UNICEF အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် မူးယစ်ဆေးနှိမ်နင်းရန် သမ္မတ ဒူတာတေးက ကြမ်းရမ်းပြသည်။ ဝိုင်းအော်ကြသည်။ နောက်ထပ် ပြဿနာတစ်ခုက ကမ္ဘာ့လိင်ဗီဒီယိုအများဆုံး ထုတ်လုပ်သည့်နိုင်ငံဟု စွပ်စွဲမှုခံနေရခြင်း ဖြစ်သည်။ ဒူတာတေး ဘာလုပ်မည်နည်း။ စောင့်ကြည့်ရပေဦးတော့မည်။

□

## စစ်တပ်နဲ့ ရှင်းမယ်

မူးယစ်ဆေးဝါး နှိမ်နင်းရေးစစ်ပွဲမှာ ဆိုးသွမ်းရဲတွေကိုဖမ်းဆီးခွင့် အပါအဝင် စစ်တပ်ပါဝင်ရမယ့်ကဏ္ဍကို ရှင်းလင်းစွာ ထုတ်ပြန်ပေးဖို့ သမ္မတဒူတာတေးကို ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီးဌာနက တောင်းဆိုခဲ့ပါတယ်။ သမ္မတက မူးယစ်ဆေးဝါးစစ်ပွဲမှာ စစ်တပ်က ကူညီစေလို ကြောင်းနဲ့ အဂတိလိုက်စားတဲ့ရဲတွေကို ဖမ်းဆီးပေးစေလိုကြောင်း စစ်ဗိုလ်ချုပ်တွေကို ပြောဆိုခဲ့မှုနဲ့ပတ်သက်ပြီး တရားဝင်အမိန့်အဖြစ် ထုတ်ပြန်ပေးဖို့ စစ်တပ်က တောင်းဆိုခဲ့တာဖြစ်ပါတယ်။

"ဒီကိစ္စကိုပဲ နှုတ်မိန့်နဲ့ညွှန်ကြားပြီးရင် တရားဝင်အမိန့် ထုတ်ပြန် ပေးဖို့ လိုအပ်ပါတယ်"လို့ ကာကွယ်ရေးဝန်ကြီး ဌာနက ကြေညာချက် ထုတ်ပြန်ပါတယ်။ မူးယစ်ရဲတပ်ဖွဲ့က တောင်ကိုရီးယား လုပ်ငန်းရှင် တစ်ဦးကို သတ်ဖြတ်လိုက်ပြီး နောက်မှာ ရဲချုပ်က ရဲတပ်ဖွဲ့ရဲ့ မူးယစ်ဆေး နှိမ်နင်းရေးစီမံချက်ကို ရပ်ဆိုင်းထားရန် ညွှန်ကြားထားပါတယ်။ အဲသလို ရပ်ဆိုင်းမှုကြောင့် လစ်ဟာသွားတဲ့နေရာကို စစ်တပ်က ဝင်ဖြည့်ပေးဖို့ ဒူတာတေးက ပြောဆိုခဲ့တာပါ။

Amnesty လူ့အခွင့်အရေးအုပ်စုရဲ့ အစီရင်ခံစာမှာတော့ "ရဲတပ်ဖွဲ့ဟာ မူးယစ်နှိမ်နင်းရေးစစ်ပွဲကို မြေအောက် ရာဇဝတ်ဂိုဏ်းသဖွယ် ပြုမူဆောင်ရွက်နေကြောင်း၊ အကြမ်းဖက် နှိမ်နင်းရုံသာမကဘဲ ငွေပေးပြီး သတ်ခိုင်းတဲ့အပြင် အလောင်းတွေကို အသုဘအိမ်သို့ပို့ဆောင်မှုများ ပြုလုပ်နေကြောင်း၊ ၎င်းလုပ်ရပ်များကို အာဏာပိုင်တွေက စနစ်တကျ လုပ်ကိုင်နေပုံရပြီး လူသားတို့အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုများ ဖြစ်ပေါ်လာစေနိုင်ကြောင်း" ဖော်ပြထားပါတယ်။

သမ္မတ ဒူတာတေးရဲ့ မူးယစ်နှိမ်နင်းရေးစစ်ပွဲ စတင်ပြီးနောက်ပိုင်း လူပေါင်း ၇၆၀၀ ကျော်သေဆုံးခဲ့ရာ ၂၅၀၀ ခန့်မှာ ရဲတပ်ဖွဲ့ရဲ့ စစ်ဆင်ရေးတွေမှာ သေဆုံးခဲ့ရတာဖြစ်ပြီး ကျန်အများစုကတော့ တက်ကြွလှုပ်ရှားတဲ့ အဖွဲ့တွေ လက်ချက်နဲ့သေဆုံးခဲ့ကြရတာ ဖြစ်ပါတယ်။

သမ္မတဒူတာတေးက မူးယစ်နှိမ်နင်းရေးစစ်ပွဲကို ရဲတပ်ဖွဲ့အား ဦးဆောင်စေခဲ့တဲ့အချိန်မှာ အဂတိလိုက်စားမှု ပြဿနာကို ကောင်းစွာ



သိရှိပေမဲ့လည်း ရွေးချယ်စရာမရှိခဲ့ဘူးလို့ သူ့ရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဌာနအနေနဲ့ ရဲတပ်ဖွဲ့မပါဘဲ စီမံချက်ကိုဦးဆောင်ရခြင်းဟာ စိန်ခေါ်မှုတစ်ခုဖြစ်ပေမဲ့ အခြားသက်ဆိုင်ရာ ဌာနများရဲ့ အကူအညီနဲ့ကိုင်တွယ်နိုင်ပြီး စစ်တပ်နဲ့လည်း အကြိမ်များစွာ တွေ့ဆုံဆွေးနွေးထားပြီး ဖြစ်တယ်လို့ ပြောရေးဆိုခွင့်ရှိသူ ဒဲရစ်ကာရီယွန်က ပြောပါတယ်။

ဒူတာတေးကို ပြတ်ပြတ်သားသား ဆန့်ကျင်သူ ဆီးနိတ်အမတ် လိုင်လာဒီလိုင်မာက 'သတ်ဖြတ်မှုများကို ရပ်ဆိုင်း သင့်ကြောင်း၊ ရဲတပ်ဖွဲ့က ရပ်တန့်လိုက်တာကို စစ်တပ်ဆွဲခေါ်ခိုင်းစေခြင်းဟာ မှားယွင်းကြောင်း' မှတ်ချက်ပေးပါတယ်။

❐

## စွဲချက်အတင်ခံရတဲ့ ဒူတာတေး

မူးယစ်ဆေးဝါးနှိမ်နင်းရေး စီမံချက်အတွင်း လူအမြောက်အမြား သတ်ဖြတ်မှုကြောင့် သမ္မတဒူတာတေးနဲ့ အကြီးတန်း တာဝန်ရှိသူတွေကို ဖိလစ်ပိုင်ရှေ့နေတစ်ဦးက နိုင်ငံတကာခုံရုံးမှာ စွဲချက်တင်လိုက်ပြီလို့ Reuters သတင်းမှာ ဖော်ပြထား ပါတယ်။

စာမျက်နှာ ၇၇ ခုပါရှိတဲ့ စွဲချက်ထဲမှာ ဒူတာတေးဟာ လူသား တို့အပေါ် ရာဇဝတ်မှုများကို အကြိမ်ကြိမ်၊ အဆက်မပြတ် ကျူးလွန်ခဲ့ပြီး သူ့လက်ထက်မှာ မူးယစ်ဆေးဝါး ဆက်စပ်တရားခံတွေကို သတ်ဖြတ်မှု ဟာ လေ့ထုံးစံသဖွယ် ဖြစ်လာခဲ့တယ်လို့ ရှေ့နေဂျူဒီဆာဘီယိုက တင်ပြ ထားတာပါ။ တရားစွဲထားသူ ရှေ့နေ ဆာဘီယိုဆိုတာက ဒူတာတေးရဲ့ လူသတ်မိန့်တွေကို ဆောင်ရွက်ရာမှာ ပါဝင်ခဲ့ရသူလို့ ဆီးနိတ်လွှတ် တော်မှာထွက်ဆိုထားတဲ့ အက်ဂါမာတိုဘာတိုရဲ့ ရှေ့နေပဲဖြစ်ပါတယ်။

ဒူတာတေးနဲ့ပတ်သက်ပြီး နိုင်ငံတကာခုံရုံးကို ပထမဆုံး တင်သွင်း တဲ့စွဲချက်ဟာ မာတိုဘာတိုနဲ့ အငြိမ်းစား ရဲအရာရှိ အာတူရိုလာစကာနာ တို့ရဲ့ ထွက်ဆိုချက်တွေ၊ လူ့အခွင့်အရေးအုပ်စုရဲ့ အစီရင်ခံစာတွေ၊ Reuters

သတင်းဌာနရဲ့ ထုတ်ပြန်ချက်တွေကို အခြေခံထားတာ ဖြစ်ပါတယ်။
တိုင်ကြားချက်ထဲမှာ ဒူတာတေးနဲ့အကြီးတန်းတာဝန်ရှိသူ ၁၁ ဦး တို့ဟာ လူအမြောက်အမြား သတ်ဖြတ်မှုအတွက် တာဝန်ရှိကြောင်း စွပ်စွဲထားပြီး စုံစမ်းစစ်ဆေးဖို့၊ ဖမ်းဝရမ်းထုတ်ဖို့၊ ပြစ်ဒဏ်စီရင်ဖို့ တောင်းဆိုထားပါတယ်။ ဒါပေမဲ့ မာတို ဘာတိုရဲ့ ဆီးနိတ်ထွက်ဆိုချက်တွေဟာ အထောက်အထားမရှိဘူးလို့ ဆီးနိတ်အမတ်တွေက သတ်မှတ်ကြပြီး သမ္မတရဲ့ဘက်တော်သားတွေကလည်း လုပ်ဇာတ်ဖြစ်တယ်လို့ ဆိုကြပါတယ်။
ဖိလစ်ပိုင်နိုင်ငံမှာ ဒူတာတေး အာဏာရလာပြီးနောက်ပိုင်း မူးယစ်ဆေးဝါး နှိမ်နင်းရေး စီမံချက်အတွင်း လူပေါင်း ၉၀၀၀ ကျော် သေဆုံးခဲ့ပြီး ယင်းတို့အနက် သုံးပုံတစ်ပုံခန့်ဟာ စီးနင်းမှုများအတွင်း ခုခံကာကွယ်ပစ်ခတ်ခဲ့ရခြင်းဖြစ်တယ်လို့ ရဲတပ်ဖွဲ့က ကာကွယ်ပြောဆိုလျက် ရှိပါတယ်။ အသတ်ခံရသူတွေအနက် သုံးပုံနှစ်ပုံဟာ ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းထားတဲ့ လက်မရွံ့သမားတွေနဲ့ လက်မရွံ့အဖြစ်ပုံဖျက်ထားသူတွေရဲ့ လက်ချက်ဖြစ်တယ်လို့ လူ့အခွင့်အရေးအုပ်စုတွေက ပြောကြားကြပေမဲ့လည်း ရဲတပ်ဖွဲ့က ငြင်းဆိုထားပါတယ်။
ဒူတာတေးကလည်း လက်မရွံ့အဖွဲ့နဲ့ပတ်သက်မှုကို အမြဲငြင်းဆိုခဲ့ပြီး မူးယစ်ဆေးဝါး တရားခံတွေကို စီရင်ရာမှာ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ဖို့ ရဲတွေကို မှာကြားထားကြောင်း ကာကွယ်ပြောဆိုပါတယ်။
နိုင်ငံတကာခုံရုံး အမှုလိုက်ရှေ့နေများရုံးမှ ကြေညာချက်မှာ ဒီတိုင်ကြားစာကို လက်ခံရရှိကြောင်းနဲ့သင့်လျော်သလို ပိုင်းခြားသုံးသပ်မည်ဖြစ်ကြောင်း၊ မည်သို့ ကောက်ချက်ချကြောင်းကို အကြောင်းရင်းများနှင့်တကွ အသိပေးမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။
ဒူတာတေးရဲ့ ပြောရေးဆိုခွင့်ရှိသူ အန်နက်စတိုအေဘယ်လာက

ဒီစွဲချက်ဟာ သမ္မတကို သိက္ခာချဖို့ သက်သက်လုပ်ကြံတာလို့ ပြောပါတယ်။

တိုင်ကြားခြင်းဆိုတာ နိုင်ငံတကာ ခုံရုံးရဲ့ ရှည်လျားလှတဲ့ လုပ်ငန်းစဉ်ထဲက ပထမဦးဆုံးအဆင့်တစ်ခုဖြစ်ပြီး ခုံရုံးက စစ်ဆေးပိုင်ခွင့် ရှိ၊ မရှိ ဆုံးဖြတ်ခြင်း၊ ကနဦးလေ့လာမှု ပြုလုပ်ရန် ဆုံးဖြတ်ခြင်း၊ တရားဝင်စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် တရားသူကြီးကို တောင်းဆိုခြင်းစသဖြင့် အဆင့်ဆင့် ဆောင်ရွက်ရတာပါ။

ဒူတာတေးကတော့ နိုင်ငံတကာ ခုံရုံးက စစ်ဆေးမယ့်ကိစ္စကို ကြိုဆိုတယ်လို့ ပြောပါတယ်။ ICC အမှုလိုက်ရှေ့နေ ဖာတူးဘန် ဆူဒါက ဖိလစ်ပိုင်နိုင်ငံမှ ဖြစ်ရပ်များကို ကနဦးစုံစမ်းလေ့လာမှု ပြုလုပ်ရန် လို၊ မလို အကဲဖြတ်တဲ့ရှုထောင့်မှ စောင့်ကြည့်နေကြောင်း ပြောဆိုထားပါတယ်။

❒

## စကားလုံးကြမ်းတမ်းသူ

ဖိလစ်ပိုင်သမ္မတဒူတာတေးဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ အလွန်ခင်မင်ရင်းနှီးစွာ ဖုန်းပြောခဲ့ပြီးနောက် အိမ်ဖြူတော်ကို အလည်လာဖို့ ဖိတ်ကြားခြင်းခံရတယ်လို့ BBC သတင်းအရ သိရပါတယ်။ ခေါင်းဆောင်နှစ်ဦးဟာ ၁၂ လအတွင်း လူပေါင်း ၇၀၀၀ ကျော် သုတ်သင်ခံရတဲ့ ဒူတာတေးရဲ့ အငြင်းပွားဖွယ် မူးယစ်ဆေးဝါး နှိမ်နင်းရေးစီမံချက်အကြောင်းကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ပြီးတော့ မြောက်ကိုရီးယားအရေးကိုလည်း ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ ဒူတာတေးရဲ့ခရီးစဉ်ဟာ အမေရိကန်–ဖိလစ်ပိုင် မဟာမိတ်ဖွဲ့မှုရဲ့ အရေးပါမှုကို ဆွေးနွေးဖို့အခွင့်အလမ်းဖြစ်ပြီး အလွန်အပြုသဘောဆောင်တဲ့ဘက်ကို ဦးတည်နေတယ်လို့ အိမ်ဖြူတော်ကြေညာချက်မှာ ပါရှိခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်တုန်းကတော့ ဒူတာတေးက သမ္မတ အိုဘားမားကို လူလွန်မသားလို့ ခေါ်ဝေါ်ခဲ့မှုကြောင့် နှစ်ဦးတွေ့ဆုံမယ့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရဖူးပါတယ်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးဟာ မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်သူ

တွေကို ရက်စက်ကြမ်းတမ်းစွာ သုတ်သင်ကွပ်မျက်နေခြင်းကြောင့် နိုင်ငံတကာရဲ့ ပြစ်တင်ဝေဖန်မှုကို ခံနေရသူဖြစ်ပါတယ်။ အဆိုပါ မူးယစ်ဆေးနှိမ်နင်းမှုအတွင်း ရဲတပ်ဖွဲ့နဲ့ လက်မရွံ့အုပ်စုတွေက မူးယစ်ဆေးဝါးတရားခံ ၇၀၀၀ ကျော်ကို လက်လွတ်စပယ်သတ်ဖြတ်ခဲ့ကြပြီး သံသယရှိသူ ထောင်ပေါင်းများစွာကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြပါတယ်။

သမ္မတထရမ့်နဲ့အသွင်တူတဲ့ ဒူတာတေးဟာ သူအာဏာရလာပြီးနောက် နိုင်ငံတွင်းရှိ မူးယစ်ဆေးသုံးစွဲသူတွေကို သတ်ဖြတ်ရတဲ့အတွက် ပျော်ရွှင်တယ်လို့ ပြောဆိုခဲ့ဖူးပါတယ်။ ဒေါ်နယ်ထရမ့်ကလည်း အငြင်းပွားဖွယ် စကားလုံးတွေ ပြောဆိုရာမှာ အကျွမ်းတဝင်ရှိသူတစ်ဦးဖြစ်ပြီး မက္ကဆီကိုနိုင်ငံကို ရွှေ့ပြောင်းနေထိုင်သူတွေကို မုဒိမ်းသမားတွေဟု ခေါ်ဝေါ်ခဲ့ဖူးတဲ့အပြင် အမျိုးသမီးတွေနဲ့ပတ်သက်ပြီး မဖွယ်မရာစကားလုံးတွေကို ပါးစပ်အရသာခံကာ ထုတ်ဖော်ပြောဆိုခဲ့သူ ဖြစ်ပါတယ်။

❐

## ခပ်ကြမ်းကြမ်းဝေဖန်သူ

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အပေါ်လည်း ကြမ်းတမ်းစွာ ဝေဖန်ခဲ့ကြောင်း Reuters သတင်းက ဖော်ပြခဲ့ပါတယ်။ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်မှာ မြောက်ကိုရီးယားနိုင်ငံရဲ့ တာဝေးပစ်ဒုံးကျည်စမ်းသပ်မှုတွေနဲ့ပတ်သက်တဲ့ နိုင်ငံတကာဆွေးနွေးပွဲများ မကျင်းပမီ ဖိလစ်ပိုင်သမ္မတဒူတာတေးက မှတ်ချက်ပေးခဲ့တာ ဖြစ်ပါတယ်။

ကင်ဂျုံအန်ဟာ "အန္တရာယ်ရှိတဲ့အရုပ်နဲ့ ကစားနေသူသာ ဖြစ်တယ်" လို့လည်း ဝေဖန်လိုက်ပါတယ်။

ဒူတာတေးက အခွန်အရာရှိများနဲ့တွေ့ဆုံရာမှာ ထည့်သွင်းပြောကြားခဲ့တာပါ။ ယခုနှစ် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) အလှည့်ကျ ဥက္ကဋ္ဌဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ ဩဂုတ်လ ၇ ရက်၊ ၂၀၁၇ မှာ အာဆီယံဒေသတွင်းဖိုရမ်ကို လက်ခံကျင်းပခဲ့ပါတယ်။ ဒီဖိုရမ်မှာ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြပြီး ဩစတြေးလျ၊ တရုတ်၊

အိန္ဒိယ၊ ဂျပန်၊ ရုရှား၊ တောင်နဲ့ မြောက် ကိုရီးယား၊ အမေရိကန်တို့ ပါဝင်ကြခဲ့ကြတာ ဖြစ်ပါတယ်။

ခပ်ကြမ်းကြမ်း ပြောဆိုတတ်လေ့ရှိတဲ့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးဟာ မြောက်ကိုရီးယားခေါင်းဆောင်အပေါ် ဝေဖန်ခဲ့တာ ပထမဆုံးအကြိမ် မဟုတ်ပါဘူး။ ၂၀၁၇ ဧပြီလအတွင်းကလည်း ကင်ဂျုံအန်ကို မေးခွန်းထုတ်ခဲ့ပြီး အမေရိကန်အနေနဲ့သည်းခံပေးဖို့၊ ကမ္ဘာကြီး အဆုံးသတ်ဖို့ လိုလားသူ ကင်ဂျုံအန်ရဲ့ ငါးစာကို မဟပ်မိစေလိုကြောင်း ပြောကြားခဲ့ဖူးပါတယ်။

❐

## အပြောကြမ်းတဲ့ သမ္မတ

ဖိလစ်ပိုင်နိုင်ငံမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ဆောင်ပုံကြမ်းတမ်းမှုအပေါ် ပြစ်တင်ဝေဖန်ခဲ့တဲ့ အမေရိကန် သမ္မတ အိုဘားမားကို ဖိလစ်ပိုင်သမ္မတ ဒူတာတေးက "ငရဲကိုသာ သွားသေလိုက်"လို့ ပြောလိုက်ကြောင်း BBC သတင်းအရ သိရပါတယ်။ အလားတူ ပြစ်တင်ဝေဖန်ခဲ့တဲ့ ဥရောပသမဂ္ဂကိုလည်း ဒူတာတေးက "ငရဲမှာ လူပြည့်နေပြီ။ အဝီစိကိုသာ ဂျောင်းတော့"လို့ ပြောလိုက်ပါတယ်။ အမေရိကန်နဲ့ ဖိလစ်ပိုင်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုအပြီးမှာ အခုလို စကားသံတွေ ထွက်လာတာဖြစ်ပါတယ်။ အမေရိကန်ဘက်ကတော့ ဖိလစ်ပိုင်နဲ့ ခိုင်မာတဲ့မဟာမိတ် ဖွဲ့ထားတယ်လို့ ဆိုပါတယ်။

ပြည်တွင်းတာဝန်ရှိသူများနဲ့ စီးပွားရေး လုပ်ငန်းရှင်တွေကို မိန့်ခွန်းပြောကြားရာမှာ ဒူတာတေးက "ကျုပ်တို့ကို ကူညီရမယ့်အစား ပြစ်တင်ဝေဖန်တာကို အရင်ဆုံးလုပ်နေမယ်ဆိုရင် မစ္စတာအိုဘားမားရေ ငရဲကိုသာ သွားသေလိုက်ပါဗျာ"လို့ ပြောကြားလိုက်တာဖြစ်ပါတယ်။

"ကျုပ်လက်ထက်မှာ အမေရိကန်နဲ့ လမ်းခွဲရင်လည်း ခွဲမယ်။



ရုရှားနဲ့တရုတ်ဆီ သွားရင်လည်း သွားမယ်။ အမေရိကန်က လက်နက် ရောင်းမပေးဘူးဆိုရင် ရုရှားကို သွားမယ်။ မပူနဲ့၊ မင်းလိုအပ်တာအားလုံးကို ပေးမယ်လို့ ရုရှားက ပြောထားတယ်။ တရုတ်ကလည်း လာပြီးတော့သာ လက်မှတ်ထိုးလိုက်၊ အားလုံးပို့ပေးလိုက်မယ်လို့ ပြောထားတယ်" သူက ပြောခဲ့ပါတယ်။

အိမ်ဖြူတော် ပြောရေး ဆိုခွင့်ရှိသူ ဂျို့အားနက်စ်က "အမေရိကန် ဖိလစ်ပိုင်ဆက်ဆံရေးဟာ ခိုင်မာပြီး နှစ်နိုင်ငံစလုံးကို အကျိုးဖြစ်ထွန်းစေပါတယ်။ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်ရေးလမ်းကြောင်းတွေကိုလည်း ဖွင့်ထားတုန်းပါပဲ။ ဝါရှင်တန်အနေနဲ့ ဒီခိုင်မာတဲ့မဟာမိတ်ဖွဲ့မှုကို ကာကွယ်နေပေမဲ့လည်း ဥပဒေဘောင်ကျော် သတ်ဖြတ်မှုတွေအပေါ် စိုးရိမ်မှုကို ထုတ်ဖော် ပြောဆိုဖို့ ဝန်လေးနေမှာ မဟုတ်ပါဘူး။ ပြီးတော့ နှစ်နိုင်ငံဆက်ဆံရေး အပေါ် ဖိလစ်ပိုင်အစိုးရဘက်က သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေ ပြုလုပ်မယ်လို့ သံတမန်လမ်းကြောင်းကနေ တရားဝင် ဆက်သွယ်လာတာမျိုး မရှိသေးပါဘူး" လို့ တုံ့ပြန်ပြောကြားပါတယ်။

အမေရိကန် ကိုလိုနီ ဖြစ်ခဲ့ဖူးတဲ့ ဖိလစ်ပိုင်နိုင်ငံဟာ ဝါရှင်တန်နဲ့ ကာလရှည်ကြာ စစ်ရေးဆက်ဆံမှု ရှိခဲ့တာပါ။ ဒူတာတေးက အခု ပူးတွဲစစ်ရေးလေ့ကျင့်မှုဟာ သူ့လက်ထက်မှာ နောက်ဆုံးဖြစ်လိမ့်မယ်လို့ ပြော

ဆိုထားပေမဲ့လည်း ကာကွယ်ရေးဝန်ကြီးက တရားဝင်အမိန့်ကို လက်ခံရရှိခြင်း မရှိသေးပါဘူးလို့ ဆိုပါတယ်။

ဖိလစ်ပိုင်ကို အမေရိကန်စစ်သားတွေ ပိုမိုစေလွှတ်ရေးအတွက် လွန်ခဲ့တဲ့ ၂ နှစ်က လက်မှတ်ထိုးခဲ့တဲ့ ကာကွယ်ရေး စာချုပ်ကိုလည်း ပြန်သုံးသပ်မယ်လို့ ဒူတာတေးက ပြောပါတယ်။ အဲဒီစာချုပ်ဟာ တောင်တရုတ်ပင်လယ်ပြင်မှာ တရုတ်တို့လှုပ်ရှားနေမှုကို ကင်းလှည့်အကဲခတ်နေရတဲ့ အမေရိကန်တို့အတွက် အလွန်အရေးကြီးပါတယ်။ ဒူတာတေးက သမ္မတ အိုဘားမားကို ရိုင်းစိုင်းစွာ ဆဲဆိုပြီးကတည်းက မဟာမိတ်နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာလာခဲ့တယ်လို့ သိရပါတယ်။

❒

## အောက်စ်ဖို့ဒ်ကိုလည်း ဝေဖန်လိုက်ပြန်ပြီ

ဝေဖန်မှုနဲ့ရှုတ်ချပြစ်တင်မှုတွေမှာ ရဲတင်းပြတ်သားလွန်းတဲ့ ဖိလစ်ပိုင် သမ္မတ ဒူတာတေးက ကမ္ဘာ့ထိပ်တန်း ပညာရေးမဏ္ဍိုင်ကြီးတစ်ခုဖြစ်တဲ့ အောက်စ်ဖို့ဒ်တက္ကသိုလ်ကြီးကို ပြင်းထန်တဲ့စကားလုံး အချို့သုံးပြီးတော့ ဝေဖန်လိုက်ပြန်ပါတယ်။အောက်စ်ဖို့ဒ်တက္ကသိုလ်က ဒူတာတေးကို အရင်ဆုံး စွပ်စွဲဝေဖန်လိုက်လို့ ပြန်ပြီးတော့ ချေပဝေဖန်လိုက်တာ ဖြစ်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံခေါင်းဆောင်က သူ့ရဲ့ဆိုရှယ်နဲ့ အွန်လိုင်းစာမျက်နှာတွေမှာ နာမည်ကျော်ကြားလာဖို့အတွက် ပိုက်ဆံပေးကြော်ငြာမှုတွေ ပြုလုပ်ထားတယ်လို့ အောက်စဖို့ဒ်တက္ကသိုလ် လေ့လာစောင့်ကြည့်သူတွေက ဝေဖန်လိုက်တာကြောင့် ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သမ္မတ ဒူတာတေးအနေနဲ့ သူ့ကို စောင့်ကြည့်ဝေဖန်နေတဲ့ အောက်စ်ဖို့ဒ်တက္ကသိုလ်ကို 'ခပ်တုံးတုံး လူအ၊ လူညံ့တွေရဲ့ကျောင်း'လို့ ခပ်ကြမ်းကြမ်း ပြန်လည်တုံ့ပြန်ပြောလိုက်ပါတယ်။

ဖိလစ်ပိုင်သမ္မတဖြစ်လာခဲ့တဲ့ ဒူတာတေးက သူ့ရဲ့ရွေးကောက်ပွဲအချိန်ကာလတွေအတွင်းမှာ လူသိများကျော်ကြားဖို့နဲ့ ဆိုရှယ်နဲ့ အွန်လိုင်း

စာမျက်နှာတွေမှာ ပိုမိုနာမည်ကြီးလာဖို့အတွက် ဒေါ်လာ ၂ သိန်းနီးပါး အသုံးပြုခဲ့တယ်လို့ လေ့လာစစ်တမ်း ကောက်ချက်တွေကို တွေ့ရှိခဲ့ရ တယ်လို့ အောက်စ်ဖို့ဒ်တက္ကသိုလ်က ထုတ်ပြန်ခဲ့ပါတယ်။

ဒါကို အသက် ၇၂ နှစ်အရွယ် ဒူတာတေးအနေနဲ့ ဆိုရှယ်နဲ့ မီဒီယာ တွေမှာ လူသိများလာဖို့ ပိုက်ဆံပေးပြီး ကြော်ငြာ တာမျိုးတွေ လုပ်ဆောင် ခဲ့တာကို ဝန်ခံတယ်ဆိုပေမဲ့ အာဏာရလာတဲ့အချိန်တွေမှာတော့ ဒီလို မျိုး ငွေကြေးသုံးစွဲမှုတွေ မလုပ်တော့ကြောင်းကို ငြင်းဆိုထားပါတယ်။

❐

## သတင်းသမားတွေ လုံခြုံရေး

ဖိလစ်ပိုင်နိုင်ငံမှာ သတင်းစာဆရာ ဂျာနယ်လစ်များရဲ့ လုံခြုံရေးအတွက် အာမခံနိုင်ခြင်း မရှိကြောင်းနဲ့ မိမိကိုယ်ကိုယ်သာ ကာကွယ်ကြဖို့ ဖိလစ်ပိုင်ရွေးကောက်ခံသမ္မတသစ် ရိုဒရီဂို ဒူတာတေးက ၂၀၁၆ ဇွန်လ ၃ ရက်နေ့မှာ သတိပေးပြောကြားလိုက်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ယခင်နှစ်များအတွင်းက ဂျာနယ်လစ်တွေအသတ်ခံရတဲ့ ဖြစ်စဉ်များစွာ ဖြစ်ပွားခဲ့ဖူးပါတယ်။

“ဖိလစ်ပိုင် တစ်နိုင်ငံလုံးမှာရှိတဲ့ ဂျာနယ်လစ်တွေအားလုံးကိုတော့ ကျွန်တော် အကာအကွယ်မပေးနိုင်ပါဘူး၊ ဒီအလုပ်မျိုးဆိုတာက စစ်ထဲဝင်ပြီး စစ်တိုက်ရသလိုပါပဲ၊ တစ်နေ့နေ့မှာ ရှေ့တန်းထွက်ပြီး ကျဆုံးသွားတာမျိုး ကြုံနိုင်ပါတယ်”လို့ သမ္မတ ဒူတာတေးက ဇွန်လ ၂ ရက် သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောကြားသွားပါတယ်။

ဇွန်လ ၂ ရက် သတင်းစာရှင်းလင်းပွဲမှာ ဒူတာတေးက ပြောကြားတာက သူ့အနေနဲ့ ဂျာနယ်လစ် သုံးမျိုးသုံးစားရှိတာကို သိရှိကြောင်း၊ အဲဒါတွေကတော့ အမှန်ကိုသာ ရေးသားတင်ပြပြီး လာဘ်လာဘ လုံးဝ

မယူတဲ့ သတင်းစာဆရာ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ နိုင်ငံရေးသမား များရဲ့ အကျိုးစီးပွားအတွက် ရေးသားဖော်ပြပေးသူနဲ့ ရာဇဝတ်ဂိုဏ်းများ ထံမှ ငွေယူပြီး ရေးသားတင်ပြသူတွေဖြစ်တယ်လို့ ပြောပါတယ်။

လာမယ့် ၂၀၁၆ ဇွန်လ ၃၀ ရက်မှာ စတင်တဲ့ သူ့ရဲ့ခြောက်နှစ်တာ သမ္မတသက်တမ်းအတွင်း အမှန်တကယ် သတင်းစာသမားပီသပြီး အမှန်ကိုသာ တင်ပြသူ ဂျာနယ်လစ်တွေကိုတော့ ကာကွယ်ပေးလိုတဲ့ ဆန္ဒရှိကြောင်း ဒူတာတေးက ပြောကြားခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ဂျာနယ်လစ်တွေရဲ့ အသက် အန္တရာယ် ခြိမ်းခြောက်ခံရမှု အဆိုးဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်နေပြီး ယခင်နှစ် များအတွင်းက ဂျာနယ်လစ် ၁၇၄ ဦးအထိ အသတ်ခံထားရတဲ့ဖြစ်စဉ်များ ရှိထားဖူးပါတယ်။

❒

## ထရမ့်ရဲ့ ဖိလစ်ပိုင်ခရီး

အမေရိကန်ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရမ့် ဖိလစ်ပိုင်နိုင်ငံကို သွားရောက်ဖို့ရှိကြောင်း CNA သတင်းတစ်ရပ်က ဖော်ပြထားပါတယ်။



၂၀၁၇ နိုဝင်ဘာလ အာဆီယံအစည်းအဝေးတွင် ထရမ့်နှင့် ဒူတာတေး ရင်းနှီးစွာ တွေ့ဆုံစဉ်

သမ္မတထရမ့်က အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ ASEAN အစည်းအဝေးတက်ဖို့ ဖိလစ်ပိုင်ကို သွားရောက်ခဲ့တာပါ။

၂၀၁၇ နိုဝင်ဘာလမှာပြုလုပ်တဲ့ အဆိုပါ အစည်းအဝေးကို တက်ရောက်ခဲ့တဲ့ ခရီးစဉ်ဟာ ဒေါ်နယ်ထရမ့်ရဲ့သမ္မတ သက်တမ်းအတွင်း ဖွေဆော်ဦး အရှေ့တောင်အာရှခရီးစဉ်ဖြစ်ပါတယ်။

ဒေါ်နယ်ထရမ့်ဟာ ASEAN အစည်းအဝေးကို တက်ရောက်ဖို့အတွက် နှုတ်ကတိပေးပြီးဖြစ်တယ်လို့ အမေရိကန်နိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး မာစီယာနိုပေနော်က ပွဲကြိုမှာ ပြောပါတယ်။

"အခုအချိန်မှာတော့ သမ္မတထရမ့်က ဖိလစ်ပိုင်ကို နိုဝင်ဘာလမှာ လာရောက်ဖို့ ပြောထားပါတယ်။ သမ္မတဒူတာတေးက သူ့ကို တယ်လီဖုန်းဆက်ဂုဏ်ပြုစကားဆိုတုန်းကလည်း လာမယ်လို့ ပြောထားပါတယ်" လို့ ဖိလစ်ပိုင်သံအမတ်ကြီးက ဆိုခဲ့တာ ဖြစ်ပါတယ်။

❒

## ဒူတာတေးရဲ့မြန်မာနိုင်ငံသို့ ခရီးစဉ်

ဖိလစ်ပိုင်သမ္မတ မစ္စတာရိုဒရီဂို ဒူတာတေးရဲ့ မြန်မာနိုင်ငံ ခရီးစဉ်မှာ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်စတဲ့ နိုင်ငံ့ခေါင်းဆောင်များနဲ့ တွေ့ဆုံသွားမှာဖြစ်တယ်လို့ နိုင်ငံတော် သမ္မတရုံးက ၂၀၁၇ မတ်လ ၁၈ ရက်နေ့မှာ သတင်းထုတ်ပြန်လိုက်ပါတယ်။ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက မတ်လ ၁၉ ရက် ညနေပိုင်းမှာ နေပြည်တော်ကို ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။

မတ်လ ၂၀ ရက်မှာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့တာ ဖြစ်ပါတယ်။

ဖိလစ်ပိုင် သမ္မတဟာ မြန်မာနိုင်ငံခရီးစဉ်အတွင်း နေပြည်တော်မှာသာ နေထိုင်ခဲ့ပြီး ရန်ကုန်ကို မလာခဲ့ပါဘူး

ဖိလစ်ပိုင်သမ္မတဒူတာတေးဟာ ၂၀၁၆ ခုနှစ် မေလ ၉ ရက် ကျင်းပတဲ့ ဖိလစ်ပိုင်နိုင်ငံ အထွေထွေ ရွေးကောက်ပွဲမှာ သမ္မတအဖြစ် ရွေးချယ်ခံ




ရပြီး ဖိလစ်ပိုင်နိုင်ငံရဲ့ ၁၆ ဦးမြောက်သမ္မတ ဖြစ်လာခဲ့သူပါ။ သမ္မတအဖြစ် တာဝန်ယူပြီးနောက် သူ့ရဲ့ ရွေးကောက်ပွဲကာလ မဲဆွယ်ကတိအတိုင်း မူးယစ်ဆေးဝါးရောင်းဝယ်တဲ့ဂိုဏ်းတွေကို ရှင်းလင်းခဲ့ပါတယ်။

❒

## မြန်မာနိုင်ငံကို အလည်လာသူ

ဖိလစ်ပိုင်သမ္မတ ဒူတာတေးဟာ မြန်မာနိုင်ငံ နေပြည်တော်လေဆိပ်ကို ၂၀၁၇ ခုနှစ် မတ်လ ၁၉ ရက် ညနေ ၆ နာရီကျော်က လေကြောင်းနဲ့ရောက်လာခဲ့ပြီး ပြန်ကြားရေးဝန်ကြီး ဦးဖေမြင့် သွားရောက်ကြိုဆိုခဲ့ပါတယ်။

အသက် ၇၂ နှစ်အရွယ်ရှိ သမ္မတဒူတာတေးဟာ မြန်မာနိုင်ငံ ၂ ရက်ကြာ အလည်အပတ် ခရီးစဉ်အတွင်း ရန်ကုန်မှာမနေဘဲ နေပြည်တော်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့တယ်။ မူးယစ်ဆေး၊ လူကုန်ကူးမှုတွေ နှစ်နိုင်ငံပူးတွဲကာကွယ် တားဆီးဖို့ အဓိကဆွေးနွေးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လည်း အသက် ၇၂ နှစ်ထဲ ရောက်နေပြီဖြစ်ပါတယ်။ နိုင်ငံအရေး၊ အမျိုးသားရေးလုပ်ဆောင်ရင်း ရင်းနှီးမှု၊ တစ်ယောက်အကြောင်းတစ်ယောက် နားလည်မှု၊ အတွေ့အကြုံဖလှယ်မှုတွေ လိုအပ်ပါတယ်။ အသက်အရွယ်ရပေမဲ့ အားမာန်ကောင်းနေဆဲ နိုင်ငံ့ခေါင်းဆောင်နှစ်ဦး ဖြစ်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံဟာ တစ်ချိန်က အာရှတိုက်မှာ ဂျပန်ပြီးရင် ဒုတိယ



၂၀၁၇ မတ်လ မြန်မာနိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်အား ဖိလစ်ပိုင်သမ္မတ ဒူတာတေး လာရောက်တွေ့ဆုံစဉ်

လူနေမှုအမြင့်ဆုံးဖြစ်ခဲ့ဖူးပြီး၊ ၁၉၆၅ ဖာဒီနန်မားကို့စ် အာဏာရှင်လက်အောက်မှာ အနှစ် ၂၀ ကြာခဲ့ပါတယ်။ ခရိုနီတွေလက်အောက်မှာ တိုင်းပြည်ပျက်စီးခဲ့ပါတယ်။ ၁၉၈၆ ခုနှစ်ကတည်းက ပြုပြင်ပြောင်းလဲနေတာ အခု ၂၀၁၆ ခုနှစ်မှာ သမ္မတဒူတာတေးအရွေးခံရပြီး မူးယစ်ဆေးဝါးသုံးစွဲရောင်း သူတွေကို ပစ်သတ်တာကြောင့် နာမည်ကြီးခဲ့ရပါတယ်။ အမေရိကန်နိုင်ငံနဲ့လည်း ဆက်ဆံရေးအဆင်မပြေ၊ တရုတ်ကိုလည်း မကြောက်၊ အမျိုးသားနိုင်ငံရေးကိုပဲ ဦးစားပေးတဲ့ သမ္မတဖြစ်ပါတယ်။

❒

## လူသားဆန်တဲ့ သမ္မတ

မွတ်ဆလင်ဒုက္ခသည်တွေအရေးမှာ လူသားချင်းစာနာမှုနဲ့ ဒုက္ခသည်တွေကို လက်ခံပေးမယ်လို့ ပြောလာသူကတော့ ဖိလစ်ပိုင်သမ္မတကြီး ရိုဒရီဂိုဒူတာတေးပဲ ဖြစ်ပါတယ်။ သမ္မတဒေါ်နယ်ထရမ့်ရဲ့ မွတ်ဆလင်နိုင်ငံ အချို့က ဒုက္ခသည်တွေကို လက်မခံနိုင်ဘူးလို့ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်လိုက်တာမို့ ဒုက္ခသည်အတော်များများဟာ အမေရိကန် ပြည်ဝင်ခွင့် ပိတ်ပင်ခံရပါတော့တယ်။ အဲဒီဒုက္ခသည်တွေကို လက်ခံပေးသွားမယ်လို့ ဒူတာတေးက ပြောကြားထားတာပါ။

"လူသားချင်းစာနာမှုနဲ့ ဘုရားသခင်ရဲ့အလိုတော်အရ ကျွန်တော်တို့ဟာ ညှိနှိုင်းပြင်ဆင်မှုတွေ ပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်"လို့ ဒူတာတေးက ပြောကြားလိုက်ပါတယ်။

"သွားစရာနေရာ မရှိတော့ဘူး၊ ငတ်မွတ်တော့မယ်၊ သေဘေးတွေ့တော့မယ်ဆိုရင် ဖိလစ်ပိုင်နိုင်ငံက ခိုလှုံရာနေရာ ဖြစ်လာပါလိမ့်မယ်"လို့ ဒူတာတေးက ပြောပါတယ်။ ဒုက္ခသည်တွေကို လက်ခံဖို့အတွက် ကွန်ဂရက်ရဲ့ အတည်ပြုချက်တော့ လိုပါတယ်လို့ ဖိလစ်ပိုင် သမ္မတက



ဆိုပါတယ်။

ဖိလစ်ပိုင် သမ္မတဟာ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နဲ့ အလား တူပဲ တင်းတင်းမာမာ ပြောတတ်သူဖြစ်ပြီး အစ္စလာမ္မစ် အစွန်းရောက်တွေ ကို အစိမ်းစားပစ်မယ်လို့အထိ ပြောခဲ့ဖူးပါတယ်။

❒

## ကာတွန်းဇာတ်ကောင် ဒူတာတေး

ဂျပန်အန်နမီလို့ ခေါ်ကြတဲ့ ဂျပန်ပုံစံ ကာတွန်း လှုပ်ရှားမှု ရုပ်ရှင်ပုံစံ ဒီဇိုင်းနဲ့ ဖိလစ်ပိုင်သမ္မတ လူကြမ်းကြီး ရိုဒရီဂို ဒူတာတေးကို ဂုဏ်ပြုထားတဲ့ ဗီဒီယိုလေး Youtube မှာ လူကြည့်များနေပါတယ်။ တစ်မိနစ်ခွဲ လောက်ပဲကြာတဲ့ ဒီဗီဒီယိုကို El President လို့ အမည်ပေးထားပြီး ဒူတာတေးရဲ့ ရိုးရှင်းစွာနေတဲ့ပုံစံနဲ့ ခေါင်းဆောင်တစ်ဦးအဖြစ် ပြတ်သားပုံကို ဖော်ပြထားပါတယ်။

ဗီဒီယိုမှာ ဒူတာတေးဟာ သာမန်ပြည်သူတွေဝတ်ဆင်တဲ့ ဝတ်စုံနဲ့ ညှပ်ဖိနပ်ကို စီးထားပြီးတော့ ပလတ်စတစ်ထိုင်ခုံလေးပေါ်ကနေ မီဒီယာတွေ မေးမြန်းသမျှကို ဖြေနေတဲ့ပုံကိုလည်း သရုပ်ဖော်ထားပါတယ်။



မူးယစ်ဆေးဝါးဂိုဏ်းသားတွေကို သူဘယ်လို ဆော်တယ်၊ နှက်တယ်ဆိုတာကို ဖော်ပြထားပြီး ဖိလစ်ပိုင်ပြည်သူတွေက ဘယ်လောက်ချစ်ကြတယ်ဆိုတာကိုလည်း သရုပ်ဖော်ပြထားပါတယ်။

သမ္မတကြီးဟာ သားရေဂျာကင်ဝတ်ပြီး လက်စွဲတော် မော်တော်ဆိုင်ကယ်နဲ့ ရှေ့ဆုံးက တိုက်ပွဲဝင်နေတာကို ပြထားပါသေးတယ်။ မူးယစ်ဂိုဏ်းသားတွေနဲ့သာမက အစိမ်းရောင်လူဆိုးကြီးနဲ့လည်း တိုက်ခိုက်ပါသေးတယ်။ အစိမ်းရောင် လူဆိုးကြီးဟာ ဒူတာတေးရဲ့ပြိုင်ဘက် လွှတ်တော်အမတ် လိုင်လာဒီလီမာနဲ့တူအောင် ရုပ်ပုံရေးဆွဲထားပါတယ်။ ဒူတာတေးဟာ သူ့ရဲ့ ပြည်ထောင်စု အခြေပြုမိန့်ခွန်းပြောတဲ့ပုံစံလည်း ဗီဒီယိုမှာပါဝင်ပြီး ဂျပန်အစိုးရနဲ့ လက်တွဲသွားမယ်ဆိုတဲ့ သရုပ်ဖော်ချက်တွေကိုလည်း တွေ့ရှိရပါတယ်။

❑

## သွေးစွန်းတဲ့ စစ်တလင်းပြင်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းပေါ်က မာရာဝီမြို့ဟာ အစိုးရတပ်ဖွဲ့များနဲ့ အိုင်အက်စ်တို့အကြား ဖြစ်ပွားခဲ့တဲ့တိုက်ပွဲများကြောင့် သွေးစွန်းတဲ့စစ်တလင်းမြေဖြစ်ခဲ့ရပါတယ်။ မာရာဝီမြို့ရဲ့ တရားဝင်အမည်က မာရာဝီအစ္စလာမ္မစ် မြို့တော်ဖြစ်ပါတယ်။ ကက်သလစ် ခရစ်ယာန်ဘာသာဝင် အများစုနေထိုင်တဲ့ ဖိလစ်ပိုင်နိုင်ငံမှာ အစ္စလာမ်ဘာသာဝင်တွေ နေထိုင်တဲ့ အကြီးဆုံးမွတ်ဆလင်မြို့ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၇ မေလအတွင်းက စတင်ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေကြောင့် သိန်းနဲ့ချီတဲ့ပြည်သူတွေဟာ ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး တိုက်ပွဲအတွင်း လူထောင်ဂဏန်းသေဆုံးခဲ့ရပါတယ်။ မာရာဝီမြို့မှာ ၂၀၁၇ ခုနှစ် မေလ တတိယ ပတ်ကစလို့ တိုက်ပွဲကြီးများဖြစ်ပွားခဲ့တာ အောက်တိုဘာလလယ်လောက်အထိ စုစုပေါင်း ၅ လနီးပါကြာမြင့်ခဲ့ပါတယ်။ အောက်တိုဘာ ၁၆ ရက်မှာ အစိုးရတပ်ဖွဲ့တွေက စစ်သွေးကြွ ခေါင်းဆောင်တပ်မှူးများဖြစ်တဲ့ ဟက်ပီလွန်နဲ့ မောက်(တ်)တို့ ပုန်းအောင်းရာနေရာကို အင်အားသုံးစီးနင်းဝင်ရောက်ပြီး နှစ်ဦးစလုံးကို



၂၀၁၇ မေလအတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည့် မာရာဝီမြို့တွင်းမှ အစိုးရစစ်သားများ ချီတက်လာစဉ်

သုတ်သင်ပစ်ခဲ့ပါတယ်။ နောက်တစ်ရက်ဖြစ်တဲ့ အောက်တိုဘာလ ၁၇ ရက်မှာတော့ သမ္မတဒူတာတေးက မာရာဝီမြို့ကို ပြန်လည်သိမ်းပိုက်လိုက်နိုင်ပြီဖြစ်ကြောင်း၊ စစ်သွေးကြွတို့ ဝန်းရံပိတ်ဆို့ထားမှုမှ လွတ်မြောက်သွားပြီဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ဒါပေမဲ့ တိုက်ပွဲငယ်လေးတွေကတော့ မာရာဝီမြို့ပေါ်မှာ နေရာကွက်ကျား ဆက်လက်ဖြစ်ပေါ်နေခဲ့ပါတယ်။

❐

## စစ်ပွဲကို ခြေရာကောက်ကြည့်ခြင်း

မာရာဝီတိုက်ပွဲကို ခြေရာပြန်ကောက်ရမယ်ဆိုရင်တော့ အိုင်အက်စ်နဲ့ အစိုးရတပ်ဖွဲ့များအကြား ၂၀၁၇ မေ ၂၃ ရက်မှာ ပထမဆုံး ထိတွေ့မှု ဖြစ်ခဲ့ပါတယ်။ စစ်သွေးကြွအဖွဲ့ရဲ့ ထိပ်သီးခေါင်းဆောင် အစ္စနီလွန် ဟက်ပီလွန်ကို အစိုးရ တပ်ဖွဲ့တွေက လက်ရဖမ်းဆီးဖို့အတွက် မြို့ကို ပိတ်ဆို့ဝိုင်းရံထားခဲ့ပါတယ်။ ဒါကို တုံ့ပြန်တဲ့အနေနဲ့ မာရာဝီကို အိုင်အက်စ်တို့ရဲ့ကယ်လီဖိတ်အဖြစ် ကြေညာပြီး ထကြွသောင်းကျန်းပါတယ်။ ကက်သလစ်ချာ့ချ်ကျောင်းတစ်ကျောင်း၊ အကျဉ်းထောင်တစ်ခုနဲ့ စာသင်ကျောင်းနှစ်ကျောင်းကို မီးတင်ရှို့ခဲ့ပြီး မြို့ရဲ့အဓိကလမ်းမကြီးများ၊ တံတားများမှာ အခိုင်အမာ တပ်စွဲခဲ့ကြပါတယ်။ ဒါ့အပြင် ဘုရားဝတ်ပြုဖို့လာတဲ့ ခရစ်ယာန်ဘာသာဝင်တွေနဲ့ မြို့ခံဘာသာခြားတွေကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားပြီး ရဲအရာရှိတစ်ဦးကို ခေါင်းဖြတ်သတ်ခဲ့ပါတယ်။

**မာရာဝီကို စစ်အုပ်ချုပ်ရေးကြေညာခဲ့ပြီး တိုက်ပွဲတွေကို သီတင်းပတ်အနည်းငယ်အတွင်း အဆုံးသတ်မယ်လို့ သမ္မတဒူတာတေးက အများ**

သိကြေညာခဲ့ပါတယ်။ မာရာဝီအိုင်အက်စ်ရဲ့ ခေါင်းဆောင်တွေဖြစ်တဲ့ ဟက်ပီလွန်၊ အဒူလာမောက်(တ်)နဲ့ အိုမာမောက်(တ်) ညီနောင်နှစ်ဦးတို့ဟာ ယခင်ကတည်းက ဓားစာခံပြန်ပေးဆွဲခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်းများကို မကြာမကြာလုပ်လေ့ရှိတဲ့ Abu Sayyaf နဲ့ Maute အဖွဲ့ဝင်များပဲ ဖြစ်ပါတယ်။ မာရာဝီ တိုက်ပွဲမှာ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ မလေးရှားနဲ့ အင်ဒိုနီးရှားက တိုက်ပွဲဝင်လိုသူ မွတ်ဆလင်တွေအပြင် ယီမင်နဲ့ ချေချင်းညာက မွတ်ဆလင်တွေလည်း သွားရောက်ပူးပေါင်းခဲ့ပါတယ်။ စစ်သွေးကြွတွေက ကျောင်းသားလူငယ်လေးတွေကို တပ်သားသစ်အဖြစ် စုဆောင်းခဲ့တယ်ဆိုတဲ့ သက်သေအထောက်အထားတွေကို တွေ့ရတယ်လို့လည်း ဆိုပါတယ်။

❒

## ဂျပန်နိုင်ငံရဲ့အကူအညီ

သမ္မတဒူတာတေးရဲ့ ဂျပန်ခရီးစဉ်အတွင်းမှာ မာရာဝီမြို့ ပြန်လည်ထူထောင်ရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များအတွက် ဂျပန်က ကူညီထောက်ပံ့ဖို့ အောက်တိုဘာ ၃၀ ရက်မှာ ကတိပြုလိုက်ပါတယ်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မာရာဝီမြို့ လွတ်မြောက်ခြင်းအပေါ် ကြိုဆိုခဲ့ပြီး သမ္မတဒူတာတေးရဲ့ ခေါင်းဆောင်မှုကိုလည်း ချီးကျူးထောက်ခံခဲ့ပါတယ်။ ခေါင်းဆောင်နှစ်ဦးတွေ့ဆုံမှုမှာ "မာရာဝီမြို့လွတ်မြောက်ကြောင်း ကြေညာနိုင်ခဲ့တာနဲ့ပတ်သက်လို့ သမ္မတဒူတာတေးရဲ့ခေါင်းဆောင်မှုကို လှိုက်လှဲစွာ လေးစားအသိအမှတ်ပြုပါတယ်။ ဖိလစ်ပိုင်အစိုးရရဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ နိုင်ငံအေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်ချက်တွေကို အပြည့်အဝထောက်ခံအားပေးသွားမှာ ဖြစ်ပါတယ်" လို့ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားခဲ့ပါတယ်။

ဂျပန်နဲ့ ဖိလစ်ပိုင်တို့ဟာ တောင်တရုတ်ပင်လယ်နဲ့ အရှေ့တရုတ်ပင်လယ်အတွင်း ရေပိုင်နက်နဲ့ပတ်သက်လို့ တရုတ်နဲ့ အငြင်းပွားနေတဲ့

နိုင်ငံတွေထဲမှာပါဝင်ပြီး လာမယ့် နိုဝင်ဘာလထဲမှာ ဗီယက်နမ်နိုင်ငံမှာ ကျင်းပပြုလုပ်မယ့် အာရှ–ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး (APEC) အကြိုတွေ့ဆုံခြင်းဖြစ်ပါတယ်။ ဒေသတွင်း အရေးကြီးအစည်းအဝေး ဖြစ်တဲ့ APEC မှာလည်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးဖို့ရှိပါတယ်။

"ဖိလစ်ပိုင်နဲ့ ဂျပန်နှစ်နိုင်ငံစလုံးဟာ အခြေခံ စံတန်ဖိုး၊ မဟာဗျူဟာဆိုင်ရာ အကျိုးစီးပွားမှာ ဘုံတူညီမှုရှိတဲ့ ပင်လယ်ရေကြောင်းကို အဓိကထားတဲ့နိုင်ငံတွေဖြစ်တယ်ဆိုတာ သမ္မတဒူတာတေးနဲ့ ထပ်လောင်းအတည်ပြုခဲ့ပါတယ်'လို့ ရှင်ဇိုအာဘေးက ပြောပါတယ်။

မာရာဝီမြို့ ပြန်လည်ထူထောင်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်များ အပါအဝင်၊ မနီလာမြို့ မြေအောက်ရထားစနစ်၊ စွမ်းအင်ကဏ္ဍ၊ ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် ၅ နှစ်တာအတွင်း ယန်းငွေ ၁ ထရီလီယံ (ဒေါ်လာ ၉ ဘီလီယံ) ကူညီထောက်ပံ့မယ့်အစီအစဉ်အတွက် အသေးစိတ်ညှိနှိုင်း ဆွေးနွေးနေကြတယ်လို့လည်း ဆိုပါတယ်။ မာရာဝီမြို့ကို ပြန်လည်ပြုပြင်ဖို့အတွက် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံလောက် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။

❐

## ဖိလစ်ပိုင် တိုက်ခိုက်မှု မလေးနဲ့စင်ကာပူသားတချို့ပါဝင်

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း Marawi မြို့မှာအိုင်အက်စ် စစ်သွေးကြွတွေနဲ့ ဆက်နွှယ်နေတဲ့ လက်နက်ကိုင်ပုန်ကန်သူတွေထဲမှာ နိုင်ငံရပ်ခြားကလာတဲ့ တိုက်ခိုက်ရေးသမားတွေပါဝင်ပြီး အဲဒီအထဲမှာ စင်ကာပူနိုင်ငံသားတွေပါ ပါဝင်နေတယ်လို့ ဖိလစ်ပိုင်စစ်တပ်က ပြောပါတယ်။

ဖိလစ်ပိုင်နိုင်ငံထဲမှာ နိုင်ငံရပ်ခြားကလာတဲ့ တိုက်ခိုက်ရေးသမားတွေရှိနေတာ ကာလအတော်ကြာနေပြီဖြစ်ပြီး သူတို့ဟာ အကြမ်းဖက်ဝါဒနဲ့ဆက်နွှယ်နေတဲ့ အကြမ်းဖက်မှုတွေ ဖုံးလုပ်တာတွေကို အကူအညီပေးနေတယ်လို့ စစ်တပ်ပြောခွင့်ရ ဗိုလ်မှူးချုပ် Restituto Padilla က သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

Marawi ကို လာရောက်တိုက်ခိုက်သူတွေထဲမှာ မလေးရှားနိုင်ငံသားတွေ စင်ကာပူနိုင်ငံသားတွေပါနေပြီး အများအပြားလည်း သေဆုံးခဲ့ကြတယ်လို့ ပြောပါတယ်။သေဆုံးသူ စစ်သွေးကြွ ၁၂ ဦးရှိကြောင်း အတည်ပြုနိုင်ခဲ့ပြီး အဲဒီထဲကထက်ဝက်လောက်ဟာ မလေးရှား၊ အင်ဒိုနီးရှားနဲ့ တခြားနိုင်ငံတွေက လာရောက်တဲ့ နိုင်ငံခြားသားတွေ ဖြစ်ကြောင်း

ဗိုလ်မှူးချုပ် Padilla က ပြောပါတယ်။

ပြီးခဲ့တဲ့ လအနည်းငယ်လောက်ကတည်းက စစ်ဆင်ရေးတွေအတွင်း သေဆုံးတဲ့ စစ်သွေးကြွတွေထဲမှာ နိုင်ငံခြားသားတွေ ပါဝင်နေတာကိုသိခဲ့ရပြီး ဖိလစ်ပိုင်အစိုးရက အဲဒီနိုင်ငံအစိုးရတွေနဲ့ ဆက်သွယ်ပြီး လိုအပ်တဲ့အကူညီတွေ ရယူခဲ့တာ ဖြစ်ပါတယ်။

ကက်သလစ်ဘာသာဝင် အများအပြားနေထိုင်တဲ့ ဖိလစ်ပိုင်နိုင်ငံမှာ မွတ်ဆလင်မြို့ဖြစ်တဲ့ Marawi ကို Maute အစ္စလာမ္မစ် စစ်သွေးကြွအယောက် ၁၀၀ ကျော်က လမ်းမကြီးတွေ တံတားတွေကိုသိမ်းပြီး အဆောက်အဦတွေကို မီးရှို့၊ ဓားစာခံ ဖမ်းဆီးမှုတွေလုပ်ပြီး မြို့ကို သိမ်းထားခဲ့တာ ဖြစ်ပါတယ်။ သမ္မတ Rodrigo Duterte က အဲဒီမြို့ ရှိရာ ဖိလစ်ပိုင်တောင်ပိုင်း Mindanao ကျွန်းစုအတွက် စစ်အုပ်ချုပ်ရေး ကြေညာခဲ့ပါတယ်။

❒

## စေ့စပ်ညှိနှိုင်းစရာအကြောင်း မရှိဘူး

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ၂၀၁၇ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှာ တရားဝင် ထုတ်ပြန်ပြောဆိုလိုက်တဲ့ အစ္စလာမ္မစ်အစွန်းရောက် သူပုန်များနဲ့ မည်သို့မှ အပေးအယူလုပ်ဖို့အကြောင်းမရှိဘူးဆိုတဲ့စကားကြောင့် ဓားစာခံတွေကို အကြောင်းပြုပြီး အလဲအလှယ်လုပ်ချင်နေတဲ့ သူပုန်တို့ နှုတ်ပိတ်ကုန်ကြပါတယ်။

စစ်သွေးကြွ အစွန်းရောက်သမားတွေဟာ မင်ဒါနာအိုကျွန်းရှိ မာရာဝီမြို့ကို ၂၀၁၇ မေလကတည်းက သိမ်းပိုက်ထားကြတာပါ။ ဖိလစ်ပိုင်အစိုးရကလည်း လေကြောင်းတိုက်ခိုက်မှုကို ရက်ပေါင်း ၁၀၀ ခန့်ပြုလုပ်ခဲ့ပြီး၊ ခြေလျင်တပ်ကလည်း ဆက်တိုက် တိုက်ပွဲတွေ ဆင်နေကြပါတယ်။

"သူပုန်တွေနဲ့ စေ့စပ်ညှိနှိုင်းစရာအကြောင်း မရှိဘူး'

သမ္မတ ဒူတာတေးက သတင်းထောက်တွေကို ယတိပြတ်ပြောလိုက်ပါတယ်။ သတင်းထောက်တွေက သူပုန်ခေါင်းဆောင် အိုမာခရမ်မော်တီက ကမ်းလှမ်းချင်ကြောင်း သတင်းထွက်ပေါ်နေတယ်လို့ မေးမြန်း



၂၀၁၇ မေ ၂၃ ရက်နေ့ မင်ဒါနာအိုကျွန်းကို စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်လိုက်စဉ်က

ရာမှာ သူတို့ဖမ်းဆီးပြန်ပေး ဆွဲထားသူတွေနဲ့ အစိုးရဘက်က ဖမ်းဆီးထားသူတွေကို အပေးအယူလုပ်ချင်တယ်လို့ ကောလာဟလထွက်နေတာ ဟုတ်ပါသလားဆိုတဲ့မေးခွန်းကို သမ္မတက အပြတ်ငြင်းဆိုလိုက်တာ ဖြစ်ပါတယ်။

မာရာဝီမြို့ဟာ လေကြောင်းတိုက်ခိုက်မှုဒဏ်ကြောင့် ဖွတ်ဖွတ်ကြေနေပြီ ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းကို အီရတ်နဲ့ဆီးရီးယားတို့လို အစ္စလာမ္မစ်နိုင်ငံတော်အဖြစ် ထူထောင်ဖို့ အစွန်းရောက်တွေက တပ်ဖြန့်ပြီး တိုက်ခိုက်နေကြတာပါ။ ဖိလစ်ပိုင်စစ်တပ်ကလည်း မာရာဝီကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားနေပါတယ်။ မာရာဝီမြို့ဟာ မြို့ပျက်ကြီးလိုဖြစ်နေပြီး အစွန်းရောက် သေနတ်သမားများရဲ့မိုင်းများ၊ ထောင်ချောက်ဖုံးများက မြို့အနှံ့မှာ ရှိနေတာပါ။

ဖိလစ်ပိုင်စစ်တပ်က သူပုန်ဓားစာခံ ၃၀ လောက်ကို ဖမ်းဆီးထိန်းသိမ်းထားပါတယ်။ ဖမ်းဆီးခံထားရသူတွေက မိမိတို့ကို အစိုးရကို

ဆန့်ကျင်ရန် အတင်းအကျပ်ခိုင်းစေတာကြောင့်လို့ ပြောပါတယ်။

သမ္မတဒူတာတေးကတော့ ပြတ်ပြတ်ပြောလိုက်ပါတယ်။ မားစာခံတစ်ယောက် လွှတ်ပေးလိုက်ရင် ဒီနယ်မြေကို ပြန်သိမ်းနိုင်ဖို့ နောက်ထပ်တစ်နှစ် ထပ်စောင့်ရလိမ့်မယ်လို့ ဆိုပါတယ်။

မင်ဒါနာအိုကျွန်းပေါ်မှာ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ထားပါတယ်။ ကျွန်းပေါ်မှာနေထိုင်သူလူဦးရေက ၂၂ သန်းလောက် ရှိတာပါ။ အစ္စလာမ္မစ်အစွန်းရောက် စစ်သွေးကြွသူပုန်တွေကို ထောက်ခံသူမှန်သမျှ ဒူတာတေးကတော့ အမြစ်ဖြုတ်မှာ သေချာပါတယ်။

ဖိလစ်ပိုင်စစ်တပ်ဟာ တစ်ဖက်စစ်မျက်နှာမှာလည်း ကွန်မြူနစ်သူပုန်ဖြစ်တဲ့ ပြည်သစ်တပ်မတော် (NPA) ကို ရင်ဆိုင်နေရပါတယ်။ သူတို့ကလည်း အစိုးရကို ငြိမ်းချမ်းရေးစကား ဆွေးနွေးမယ်ဆိုပြီး အကြိမ်ကြိမ် ကတိချိုးဖောက်နေတာပါ။ ဒူတာတေးက ၂၀၁၇ စက်တင်ဘာလ ၉ ရက်နေ့က မာရာဝီမြို့မှ နာရီအနည်းငယ်သာ သွားရတဲ့ ကာဂါယန်ဒီအိုယိုမြို့ကို ရောက်နေတုန်း ဖိလစ်ပိုင်နိုင်ငံရှိ တရားမဝင်အဖွဲ့အစည်းများနဲ့ သူပုန်များကိုတိုက်ရန်အတွက် ကျန်ဒေသတွေမှာလည်း စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်သင့်ထုတ်ရမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

စက်တင်ဘာ ၉ ရက်နေ့က မီဒီယာများနဲ့တွေ့ဆုံစဉ် သမ္မတဒူတာတေးက ကွန်မြူနစ်သူပုန်တွေ လမ်းပေါ်ထွက်လာပြီး ဆူပူမှုတွေ လုပ်ဆောင်မယ်ဆိုရင် သူ့အနေနဲ့ စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ဖို့ ဝန်မလေးဘူးလို့ ပြောဆိုခဲ့ပါတယ်။ ကွန်မြူနစ်တွေကလည်း ထစ်ခနဲရှိ လမ်းပေါ်ထွက်လာပြီး စစ်တပ်နဲ့ရဲတပ်ဖွဲ့ကို တပ်ထဲမှာပဲနေကြလို့ ကြွေးကြော်နေတာပါ။ တစ်နည်းပြောရရင် အစိုးရကို နည်းမျိုးစုံနဲ့ အနှောင့်အယှက်ပေးလာမှုအပေါ် ဒူတာတေးက စစ်မျက်နှာတစ်ခုဖွင့်ပြီး ရင်ဆိုင်လာရတဲ့သဘော ဖြစ်ပါတယ်။

တစ်ချိန်တုန်းကတော့ ဒူတာတေးကိုယ်တိုင် ရဲတပ်ဖွဲ့ကို ငတုံးတွေလို့ ခေါ်ခဲ့သူဖြစ်ပါတယ်။ အခုတော့ ရဲတပ်ဖွဲ့နဲ့ စစ်တပ်အပေါ် တိုက်ခိုက်ထိုးနှက်ချက်မှန်သမျှကို သူကပြန်ပြီး ကာကွယ်နေရပါတယ်။ သူ့ဘက်က အစ္စလာမ္မစ် အစွန်းရောက် သူပုန်တွေကို ရင်ဆိုင်တိုက်ပွဲဝင်နေရချိန်မှာ ကွန်မြူနစ်တွေကလည်း တစ်စခန်းထလာခြင်းအပေါ် လုံးဝခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်လာတာကြောင့် လမ်းပေါ်ကို ထွက်ရဲထွက်လာကြည့်လို့ ခြိမ်းခြောက်လိုက်တာ ဖြစ်ပါတယ်။ ကွန်မြူနစ်တွေ ထကြွလှုပ်ရှားလာရင်ဖမ်းမယ်လို့ သူက ကြေညာခဲ့ပါတယ်။

"ဒီကောင်တွေ ပုန်းမနေနိုင်ဘူး။ သူတို့ အစည်းအဝေးတွေကို ပြည်သူတွေ ကြားထဲမှာပဲ လုပ်နေကြတယ်။ အဖွဲ့အစည်းအနေနဲ့ အစည်းအဝေးတွေလုပ်နေတယ် ကြားတယ်။ လုပ်ပါစေ လွှတ်ထားလိုက်မယ်။ အေး ဒါပေမဲ့ တစ်ချက်တော့ မမှားလိုက်နဲ့"လို့ သူက ကာဂါယန်ဒီအိုယိုမြို့မှာ ပြောကြားခဲ့ပါတယ်။

"မင်းတို့ကို ငါက ကြောက်နေမယ် မထင်နဲ့။ သူပုန်ထမယ်လည်း မကြံနဲ့။ လမ်းပေါ်ထွက်ကြည့်။ စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြီးတော့ အားလုံးကို ဖမ်းပစ်လိုက်မယ်"

ဒူတာတေးက ၂၀၁၇ မေလ ၂၃ ရက်နေ့က မင်ဒါနာအိုကျွန်းကို စစ်အုပ်ချုပ်ရေး အမိန့်ထုတ်လိုက်တာ ဖြစ်ပါတယ်။ အစ္စလာမ္မစ် အစွန်းရောက်သမားတွေက အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ဖို့ ကြွေးကြော်ပြီး မာရာဝီမြို့ကို သိမ်းပိုက်တိုက်ခိုက်လာတာကြောင့် မော်တီစစ်သွေးကြွအုပ်စုကို သူက တန်ပြန်နှိမ်နင်းခဲ့ရတာ ဖြစ်ပါတယ်။

❐

## စစ်ပွဲရဲ့သားကောင်များ

မာရာဝီမှာဖြစ်ပျက်ခဲ့တဲ့ အကြမ်းဖက် တိုက်ခိုက်မှုတွေကြောင့် စစ်သွေးကြွ အစွန်းရောက် သူပုန် ၆၅၅ ဦး၊ အရပ်သား ၄၅ ဦးနဲ့ အစိုးရဘက်မှ စစ်သား ၁၄၅ ဦး ကျဆုံးခဲ့ရပါတယ်။ အစိုးရဘက်က ပြောကြားချက်အရ အရပ်သား ၁၇၂၈ ဦးကို အဲဒီဒေသမှ ကယ်ဆယ်နိုင်ခဲ့ပြီး၊ အိုးပစ်အိမ်ပစ်ထွက်ပြေးခဲ့ရသူပေါင်း ၄၀၀၀၀ ခန့် ရှိကြောင်း သိရပါတယ်။

စစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူ ကာနယ် အက်ဂတ် အေရီဗာလိုက ဓားစာခံတွေကို ကယ်တင်ရေးဟာ မိမိတို့ စစ်ဆင်ရေးမှာ အဓိက ဦးစားပေးလုပ်ဆောင်ရတဲ့ လုပ်ငန်းဖြစ်တယ်လို့ ဆိုပါတယ်။ သူက အရပ်သားတွေကို သူပုန်တွေက ခေါင်းကို သေနတ်နဲ့ချိန်ထားတာကြောင့် စိုးရိမ်ရတဲ့ အနေအထားကိုရောက်နေပြီး သူတို့လည်း သတိထားလုပ်ဆောင်နေရတယ်။ အစွန်းရောက် အစ္စလာမ္မစ် စစ်သွေးကြွတွေဟာ ဖမ်းဆီးထားသူတွေကို လူသားတံတိုင်းအဖြစ် လုပ်ခိုင်းခြင်း၊ သေနတ်နဲ့ လက်နက်ကြီးများ ပစ်ခတ်နေချိန်မှာ အတင်းရှေ့ကို တက်ခိုင်းခြင်းတွေ ပြုလုပ်

နေတာကြောင့် မိမိတို့စစ်တပ်က သူတို့ကို နှိမ်နင်းရာမှာ အခက်အခဲတွေ အများကြီး ရှိတယ်လို့ ဆိုပါတယ်။

ကုလသမဂ္ဂကလည်း မာရာဝီသူပုန်တွေကို အစိုးရက တိုက်ခိုက်ဖို့ အတွက် နည်းပညာအထောက်အကူတွေပေးလျက် ရှိပါတယ်။ ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးကလည်း ဖိလစ်ပိုင်တပ်ဖွဲ့ကို စစ်ရေး သင်တန်းတွေပေးဖို့ ကမ်းလှမ်းထားပါတယ်။

❐

## ရှေ့တန်းစစ်မြေပြင်ရောက်လာတဲ့ သမ္မတ

၂၀၁၇ စက်တင်ဘာ ၁၂ ရက်နေ့က သမ္မတဒူတာတေးဟာ တိုက်ပွဲတွေဖြစ်ပွားနေတဲ့ မာရာဝီမြို့ကို စတုတ္ထအကြိမ်မြောက် ရောက်လာပါတယ်။ စက်တင်ဘာ ၁၁ ညဦးသန်းခေါင်ယံအချိန်မှာ အစိုးရစစ်တပ်နဲ့ သူပုန်တပ်ဖွဲ့တို့ အကြီးအကျယ် တိုက်ပွဲဖြစ်ခဲ့တာပါ။ သူပုန်ငါးယောက် ကျဆုံးခဲ့ပြီး ညကြည့်မျက်မှန်တွေ၊ စွမ်းအားမြင့် လက်နက်တွေကို သိမ်းဆည်းရမိခဲ့ပါတယ်။

အဲဒီညက အစိုးရတပ်နဲ့ သူပုန်တို့ မိနစ် ၃၀ ကြာ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ အစိုးရစစ်တပ်ဘက်က စနိုက်ပါ သေနတ်သမားကြောင့် ရန်သူလေးယောက်ကို အသေပစ်ခတ် ဖမ်းမိနိုင်ခဲ့ပါတယ်။ ကျန်တစ်ယောက်ကတော့ ရန်သူတို့စွန့်ပစ်ထားခဲ့တာ ဖြစ်ပါတယ်။ အစိုးရဘက်က ထိခိုက်ဒဏ်ရာရသူမရှိခဲ့ကြောင်း ကာနယ် ရိုမီရို ဘရောနားက ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ဒူတာတေးတစ်ယောက် စက်တင်ဘာလ ၁၂ ရက်နေ့ မာရာဝီကို လာမယ်ဆိုတာ သူပုန်တွေက ကြိုသိနေတဲ့အတွက် ညကတည်းက



သွေးတိုးစမ်းကြည့်ပုံရပါတယ်။ နောက်တစ်နေ့မှာ သမ္မတရောက်လာပြီး စစ်ပွဲကိုအမြန်ဆုံး အဆုံးသတ်နိုင်ရေးအတွက် တိုက်တွန်းပြောကြားခဲ့ပါတယ်။

လက်ရှိစစ်တပ်က ရင်ဆိုင်တိုက်ပွဲဆင်နေရတဲ့ နယ်မြေအကျယ်အဝန်းဟာ ဟက်တာ ၂၀ ဝန်းကျင်ခန့်ရှိပါတယ်။ အဲဒီနယ်မြေအတွင်း သူပုန်တို့က အဆောက်အအုံ ၂၃ ခုကို သိမ်းပိုက်ထားပြီး အဆောက်အအုံတစ်ခုမှာ ငါးထပ်မြင့်တဲ့ အဆောက်အဦဖြစ်ပါတယ်။ ပြီးတော့ အမျိုးသမီးတွေနဲ့ကလေးငယ်တွေကို ဓားစာခံလုပ်ထားပြီး အသေခံခိုင်းတာမျိုးမပြုလုပ်စေဖို့ အစိုးရတပ်ဘက်က မျှော်လင့်နေကြပါတယ်။

ဖိလစ်ပိုင်ရေဒီယို အသံလွှင့်ဌာနတစ်ခု ဖြစ်တဲ့ Radio dzBB က ထုတ်ပြန်ချက်မှာ အဆောက်အအုံတွေကို အစိုးရတပ်ဖွဲ့က တိုက်ခိုက်ရှင်းလင်းခဲ့ပြီး မော်တီသူပုန်များ သိမ်းပိုက်ထားတဲ့ အဆောက်အအုံတွေကို ပြန်လည်သိမ်းပိုက်မိကြောင်း ဖော်ပြထားပါတယ်။ သူပုန်တပ်တွေက

အဲဒီအဆောက်အအုံတွေကို အခိုင်အမာတပ်စွဲသိမ်းပိုက်ထားတာ ကြာပြီ ဖြစ်ပါတယ်။မာရာဝီမြို့ကို သိမ်းပိုက်ရာမှာ မော်တီသူပုန် ၆၀၀ ကျော်ကို သုတ်သင်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ မော်တီသူပုန်တို့ဟာ အရပ်သားပေါင်း များစွာကို ဓားစာခံများအဖြစ် ဖမ်းဆီးထားဆဲဖြစ်ပါတယ်။

ဖိလစ်ပိုင်စစ်တပ်အနေနဲ့ အဓိကရင်ဆိုင်နေရသူတွေဟာ မွတ်ဆလင်အစွန်းရောက်သူပုန်တွေ ဖြစ်ပါတယ်။ သူတို့ကလည်း ဖိလစ်ပိုင်နိုင်ငံကို နှစ်ပေါင်းများစွာကတည်းက အစ္စလာမ္မစ်နိုင်ငံတော်အဖြစ် ထူထောင်မယ်လို့ ကြွေးကြော်နေသူတွေ ဖြစ်ပါတယ်။ မင်ဒါနာအိုကျွန်းတွင် အဓိကစိုးမိုးနေသည့် အစွန်းရောက်အုပ်စုမှာ MILF (Moro Islamic Liberation Front) ဖြစ်ပါတယ်။

MILF အဖွဲ့ဝင် သူပုန်အရေအတွက် စုစုပေါင်း သိန်းနဲ့ချီပြီးရှိနိုင်တယ်လို့ အစိုးရတပ်ဘက်က ခန့်မှန်းထားပါတယ်။ နိုင်ငံရေးလေ့လာဆန်းစစ်သူ ရစ်ချတ် ဟေဒါရီယန်က ဒုတာတေးခေတ်ဟာ မူးယစ်ဆေးဝါး ပြဿနာသာမက MILF ပြဿနာကိုပါ နှိမ်နင်းနေရတဲ့ခေတ်ဖြစ်ကြောင်း သုံးသပ်ခဲ့ပါတယ်။ ပြီးတော့တစ်ခါ အရှုံးမီးဝိုင်းလိုဖြစ်နေရတဲ့ အစိုးရဟာ ကွန်မြူနစ်တို့ရဲ့စိန်ခေါ်မှုကိုပါ ရင်ဆိုင်နေရပါတယ်။ ရစ်ချတ်က မာရာဝီ ပြဿနာဟာ ISIS အုပ်စုကို တိုက်ခိုက်နှိမ်နင်းနေရတဲ့ အသွင်ဆောင်လာပြီး အစိုးရအနေနဲ့ အပြတ်ဖြတ်နိုင်ဖို့အရေးကြီးတယ်လို့ ဆိုပါတယ်။

စစ်တပ်ကလည်း သူပုန်တွေဘက်က စိတ်ဓာတ်ကျပြီး လက်နက်ချဖို့ ပြင်ဆင်နေတယ်လို့ ပြောပါတယ်။ ဒါပေမဲ့လည်း သူပုန်ခေါင်းဆောင်တွေကိုယ်တိုင်က လက်နက်ချအညံ့ခံလိုသူတွေကို ပစ်သတ်ပြနေတာဟာလည်း မရေတွက်နိုင်လောက်အောင် ရှိနေတယ်လို့ ဆိုပါတယ်။

မူးယစ်ဆေးပြဿနာကို ကိုင်တွယ်ပြီး ကြမ်းပြရမ်းပြခဲ့တဲ့

သမ္မတဒူတာတေး တစ်ယောက် အခုစစ်မြေပြင် ရှေ့တန်းနယ်မြေကို စစ်ဝတ်စုံဝတ်ပြီး တက်ကြွစွာလှုပ်ရှားပြနေသလို သေနတ်တွေလည်း ပစ်ခတ်စမ်းသပ်ပြခဲ့ပါတယ်။ နိုင်ငံအတွင်း မူးယစ်ဆေး ရောင်းဝယ်သုံးစွဲနေသူတွေကို သတ်ချင်သလိုသတ်၊ အရေးမယူဘူးလို့ အမိန့်ထုတ်ခဲ့တဲ့ လူကြမ်းသမ္မတတစ်ယောက် အကြမ်းဖက် MILF သူပုန်တွေကို ဘယ်လို နှိမ်နင်းမယ်ဆိုတာ စောင့်ကြည့်ကြရမှာပါပဲ။ သူ့ဘက်ကတော့ ရှင်းပါတယ်။ သူပုန်တွေကို ဘယ်တော့မှ "စေ့စပ်ညှိနှိုင်းစရာ အကြောင်း မရှိဘူး" လို့ ဆိုထားပါတယ်။

❐

## လုံခြုံရေးယာဉ်တန်း တိုက်ခိုက်ခံရခြင်း

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းမှာ ချောင်းမြောင်းတိုက်ခိုက်မှုကြောင့် သမ္မတ ဒူတာတေးရဲ့ လုံခြုံရေး တပ်သား ၇ ဦး ဒဏ်ရာရခဲ့ပါတယ်။

ဖိလစ်ပိုင် သမ္မတ ဒူတာတေးဟာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်မှာ လာရောက်ဖို့ရှိတဲ့ နိုင်ငံတောင်ပိုင်းက မာရာဝီမြို့မှာ နိုဝင်ဘာလ ၂၉ရက် မနက်ပိုင်းက ချုံခိုတိုက်ခိုက်မှု တစ်ခု ဖြစ်ပွားခဲ့ပြီး သမ္မတ လုံခြုံရေး အဖွဲ့ဝင် (PSG) ၇ ဦးနဲ့ စစ်သား ၂ ဦးတို့ ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ သမ္မတ လုံခြုံရေး အဖွဲ့ဝင်များနဲ့ အရပ်ဘက် ကိုယ်ရံတော် တပ်သားများ လိုက်ပါလာတဲ့ စစ်ယာဉ်တန်း တစ်ခုကို Barangay Matampay အရပ်မှာ နံနက် ၁၀:၄၅ နာရီဝန်းကျင်က လက်လုပ်ဖောက်ခွဲရေးဗုံးနဲ့တိုက်ခိုက်ခံရခြင်းဖြစ်တယ်လို့ ပြည်သူ့ရေးရာလက်နက်ကိုင်တပ်ဖွဲ့ အကြီးအကဲရဲမှူးချုပ် အတ်ဂါ့အာဖဲလိုက ပြောပါတယ်။

ဒီတိုက်ခိုက်မှုဟာ သမ္မတကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းလား၊ အဲဒီဧရိယာအတွင်းရှိ အစ္စလာမ်မစ်အဖွဲ့တစ်ခုဖြစ်တဲ့ Maute အဖွဲ့ကို

ဆန့်ကျင်တဲ့လှုပ်ရှားမှုအပါအဝင် လုံခြုံရေးဆက်စပ်လုပ်ဆောင်မှုတွေရဲ့ အကျိုးဆက်ကြောင့်လားဆိုတာ စွပ်စွဲပြောဆိုဖို့က စောပါသေးတယ်လို့ သမ္မတလုံခြုံရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး မိုက်ကယ် အကွိနိုက ပြောပါတယ်။

ရက်သတ္တပတ်ကျော်အကြာက Lanao del Sur ခရိုင် Butig မြို့ရှိ အစိုးရ ဆန့်ကျင်မှုတွေ လုပ်ဆောင်နေတဲ့ကြားက အဆိုပါ အဖွဲ့နဲ့တွေ့ဆုံဖို့ မာရာဝီကိုသွားမယ်လို့ ဒူတာတေးက ပြောခဲ့တာပါ။ သူက မာရာဝီမြို့ကို နိုဝင်ဘာလ ၃၀ ရက်နေ့မှာ သွားရောက်ဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။


❒

## တရုတ် လက်နက်အကူအညီ

တရုတ်ပြည်ဟာ ဖိလစ်ပိုင်ရဲ့ ရန်သူမဟုတ်ဘဲ၊ မိတ်ဆွေဖြစ်ကြောင်း ပြသတဲ့အနေနဲ့ တရုတ်အစိုးရက ဖိလစ်ပိုင်ကို တိုက်ပွဲဝင်ရိုင်ဖယ်သေနတ် ၃၀၀၀ ပေးအပ်လိုက်ပါတယ်။ အမေရိကန်ဒေါ်လာ သုံးသန်းခွဲနီးပါး တန်ဖိုးရှိတဲ့ အဲဒီသေနတ်တွေကို ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့အတွက် ပေးတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ဇွန်လကလည်း တရုတ်ပြည်က ဖိလစ်ပိုင်ကို တိုက်ပွဲဝင်ရိုင်ဖယ်သေနတ် သုံးထောင်နဲ့ လက်ဖြောင့်တပ်သားသုံး စနိုက်ပါသေနတ် ၁၀၀ ပေးအပ်ခဲ့ပါတယ်။

တောင်တရုတ်ပင်လယ်ပြင် ရေပိုင်နက်ပြဿနာနဲ့ပတ်သက်ပြီး တရုတ်ပြည်ဟာ ဖိလစ်ပိုင်အပါအဝင် ဒေသတွင်းနိုင်ငံတွေနဲ့ အငြင်းပွားနေတာပါ။ အခုလို လက်နက်တွေ ပေးအပ်ကူညီခြင်းအားဖြင့် သံတမန်ရေးအရ ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေဖို့ တရုတ်က ရည်မှန်းနေတာဖြစ်ပါတယ်။



ဖိလစ်ပိုင် သမ္မတ ဒူတာတေးနှင့် တရုတ်သမ္မတ ရှီကျင့်ပင်တို့အား တွေ့ရစဉ်

၂၀၁၆ ခုနှစ်က ဖိလစ်ပိုင်ကို M4 ရိုင်ဖယ်သေနတ် ၂၆,၀၀၀ ရောင်းချမယ့်ကိစ္စကို အမေရိကန် လွှတ်တော်အမတ်တွေ က ပိတ်ဆို့တားဆီးခဲ့တဲ့အတွက် ဖိလစ်ပိုင်ရဲတပ်ဖွဲ့မှာ လက်နက်အင်အား ချို့တဲ့ခဲ့ပါတယ်။ အဲသလို ပိတ်ဆို့ခဲ့တာကလည်း သမ္မတ ဒူတာတေးရဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးစီမံချက်မှာ လူအမြောက်အမြား သေဆုံးနေရလို့ ဖြစ်ပါတယ်။

❐

## စုပေါင်းကာကွယ်ကြပါစို့

ဒေသတွင်း အာဆီယံညီလာခံ ကျင်းပဖို့ သီတင်းပတ် နှစ်ပတ်အလို မှာ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက အာဆီယံနိုင်ငံတွေ အားလုံး အစ္စလာမ္မစ်စစ်သွေးကြွအန္တရာယ်ကို ပူးပေါင်းတားဆီးကြဖို့ တိုက်တွန်း လိုက်တယ်လို့ Reuters သတင်းဌာနက ရေးသားဖော်ပြလိုက်ပါတယ်။ အစ္စလာမ္မစ်စစ်သွေးကြွတွေကို ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာရာဝီမြို့မှာ အောင်ပွဲခံခဲ့ပြီးနောက် အခုလို တိုက်တွန်းလိုက်ခြင်းဖြစ်ပါတယ်။

သမ္မတဒူတာတေးအနေနဲ့ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် အာဆီယံခေါင်းဆောင်တွေ၊ အမေရိကန် ပြည်ထောင်စုလိုနိုင်ငံကြီးနဲ့ ဆွေးနွေးမှာဖြစ်တယ်လို့ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အလန်ပီတာကာ ယီတာနိုက ပြောပါတယ်။

"IS တွေကို အီရတ်၊ ဆီးရီးယားနဲ့ ဖိလစ်ပိုင်တို့မှာ နှိမ်နင်းလိုက် နိုင်ရုံနဲ့ စစ်ပွဲပြီးဆုံးသွားပြီလို့ မဆိုနိုင်ပါဘူး"လို့ ကာယီတာနိုရဲ့ ကြေညာ ချက်တစ်ရပ်မှာ ဖော်ပြထားပါတယ်။

အဲဒီကြေညာချက်ကို နယူးယောက်မြို့မှာ IS ကို နှစ်သက်သဘော

ကျသူတစ်ဦးရဲ့ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

"နယူးယောက်နဲ့ ကမ္ဘာ့တခြား နေရာတွေမှာ ဖြစ်ပွားတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ ကမ္ဘာပေါ်မှာ ခြိမ်းခြောက်မှု ရှိသေးတယ်ဆိုတာကို ပြသနေပါတယ်"လို့လည်း ဆိုပါတယ်။

မာရာဝီမြို့မှာ ဖိလစ်ပိုင်စစ်သားတွေက ISIS ဖိုက်တာတွေကို သုတ်သင်ခဲ့ပြီး လက်ရဖမ်းမိခဲ့တဲ့ အကြမ်းဖက်သမားတွေထဲမှာ အင်ဒိုနီးရှားစစ်သွေးကြွတစ်ဦးလည်း ပါဝင်ခဲ့ပါတယ်။ အကြမ်းဖက်သမားတွေဟာ အရှေ့တောင်အာရှဒေသမှာ ပိုမိုချိတ်ဆက်မှုတွေရှိလာတာကြောင့် ဖြိုခွင်းရေးစစ်ဆင်ရေးကို ပူးတွဲဆောင်ရွက်မှုဖြစ်မယ်လို့ ယူဆလာကြတာပါ။ ဖိလစ်ပိုင် စစ်တပ်ရဲ့ သူပုန်နှိမ်နင်းရေးထိုးစစ်များအတွင်း သူပုန်စုစုပေါင်း ၁,၁၀၀ ကျော်သေဆုံးခဲ့ပြီးမှ မြို့ကို ပြန်လည်သိမ်းပိုက် နိုင်ခဲ့တာ ဖြစ်ပါတယ်။

❒

## မဆင်မခြင် ပြောလေ့ရှိသူ

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက Abu Sayyaf အစ္စလာမ်မစ် စစ်သွေးကြွတွေရဲ့ အသားတွေကို ဆုတ်ခွာပြီး စားပစ်လိုက်မယ်လို့ ပြောဆိုခဲ့ကြောင်း ၂၀၁၆ စက်တင်ဘာလ ၈ ရက် AFPသတင်းမှာ ဖော်ပြထားပါတယ်။ Abu Sayyaf အဖွဲ့ကို အမေရိကန်နဲ့ ဖိလစ်ပိုင်အစိုးရတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားပါတယ်။

အဲဒီအဖွဲ့ဟာလည်း နိုင်ငံခြားသားတွေကို ဖမ်းဆီးငွေကြေးတောင်းခံမှု လုပ်လေ့ရှိသလို ၂၀၁၆ ခုနှစ်အတွင်း ကနေဒါနိုင်ငံသား ဓားစာခံနှစ်ဦးကို လည်လှီးသတ်ဖြတ်ခဲ့တဲ့ အဖွဲ့ဖြစ်ပါတယ်။ ဒါ့အပြင် အရင်လတုန်းက ဖိလစ်ပိုင်စစ်သား ၁၅ ယောက်ဟာလည်း Abu Sayyaf အဖွဲ့ကြောင့် သေဆုံးခဲ့ရပြီး ဒူတာတေးရဲ့ မွေးရပ်မြေမှာ ဗုံးဖောက်ခွဲမှုလုပ်လို့ လူ ၁၄ ဦး သေဆုံးခဲ့ရပါတယ်။

အဲဒီကိစ္စတွေကိုမကျေနပ်လို့ သမ္မတဒူတာတေးက အဲဒီအတွက် ပြန်လည်ပေးဆပ်ရမယ့်အကြောင်း၊ ပြန်လည် လက်စားချေရမယ့် အချိန်ရောက်ရင်တော့ လူရှေ့သူရှေ့မှာပဲ အဲဒီလူတွေကို ဝါးစားလိုက်မယ်လို့

လာအိုနိုင်ငံကို ရောက်နေတုန်း ပြောလိုက်ပါတယ်။

သမ္မတ ဒူတာတေးဟာ မဆင်မခြင်စကားတွေ ပြောဆိုလေ့ရှိတဲ့အတွက် သမ္မတနဲ့နီးစပ်သူတွေက သမ္မတရဲ့ပြောစကားတွေကို လုံးစေ့ပတ်စေ့ အဓိပ္ပာယ်မကောက်ဖို့ သတင်းထောက်တွေကို သတိပေးရလေ့ရှိတယ်လို့လည်း AFP သတင်းမှာ ဖော်ပြထားပါတယ်။

ဖိလစ်ပိုင်သမ္မတဟာ မကြာသေးခင်တုန်းကပဲ သမ္မတအိုဘားမားကို ဖာသည်မရဲ့သားလို့ ပြောခဲ့ဖူးသလို ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်ကိုလည်း အလားတူ ပြောခဲ့ပါတယ်။ အဲဒီလို ပြောဆိုမိတဲ့အတွက် သမ္မတအိုဘားမားက ဒူတာတေးနဲ့ တွေ့ဆုံမယ့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ ပြီးနောက် ဒူတာတေးက သူပြောခဲ့တဲ့ စကားတွေအပေါ် စိတ်မကောင်းဖြစ်ရတယ်လို့ ပြောဆိုထားတာ ရှိပါတယ်။

❒

## တစ်ကျော့ပြန် မူးယစ်နှိမ်နင်းရေး စစ်ပွဲ

ဖိလစ်ပိုင်နိုင်ငံမှာ သမ္မတဒူတာတေး အာဏာရပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ကြေညာချက်နဲ့အတူ ဆင်နွှဲခဲ့တဲ့ အငြင်းပွားဖွယ် မူးယစ် စစ်ပွဲဟာ လေးလကြာ ရပ်တန့်ထားရာက ၂၀၁၇ ဇန်နဝါရီ ၂၉ ရက်မှာ ရဲတပ်ဖွဲ့ဝင်တွေက ပြန်လည်စတင်ပြီ ဖြစ်ပါတယ်။

နိုင်ငံအနှံ့ မူးယစ်တိုက်ဖျက်ရေး စီးနင်းမှုတွေကို ရဲတပ်ဖွဲ့က လုပ်ဆောင်ပြီဖြစ်သော်လည်း မလိုလားအပ်တဲ့ သွေးထွက်သံယို ဖြစ်ပွားမှု တွေကို ရှောင်ကြဉ်ဖို့ တင်းကျပ်တဲ့လမ်းညွှန်ချက်များဖြင့် ဆောင်ရွက် ကြောင်း ဖိလစ်ပိုင်အမျိုးသား ရဲတပ်ဖွဲ့ အကြီးအကဲရော်နယ်ရီဆာက ရုပ်သံထုတ်လွှင့်ချက်မှာ ပြောကြားပါတယ်။

စံသတ်မှတ်ချက်သစ်များအရ တာဝန်ရှိ ရဲများအနေနဲ့ tokhang လှုပ်ရှားမှုအနေဖြင့် မူးယစ်နှိမ်နင်းရေး စီးနင်းမှုတွေမှာ ဗီဒီယိုကင်မရာ များဖြင့် မှတ်တမ်းတင်ခြင်း သို့မဟုတ် တက်ကြွလှုပ်ရှားသူများ၊ ကက်သလစ်ဘုရားကျောင်း တာဝန်ရှိသူများပါဝင်စေခြင်းတို့ဖြင့် နေ့ အချိန်တွေမှာသာ စီးနင်းမှုတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။



Tokhang လှုပ်ရှားမှုဖြင့် မူးယစ်နှိမ်နင်းမှုတွင် သတ်ပစ်ခံခဲ့ရသူတစ်ဦးအား တွေ့ရစဉ်

**Tokhang** လှုပ်ရှားမှုဆိုတာ အိမ်တံခါးခေါက်ပြီး ဝရမ်းပြစစ်ဆေးဖမ်းဆီးရမယ့် စံနှုန်းသစ်ဖြစ်ပါတယ်။ ပြီးတော့ သံသယရှိသူက ခုခံလာရင် ရဲတပ်ဖွဲ့အနေနဲ့ အထူးအေဂျင်စီထံ ယင်းအမှုကို လွှဲပြောင်းပေးရပါမယ်။

မူးယစ်နှိမ်နင်းရေး စစ်ဆင်ရေး ယခုခြေလှမ်းသစ်ကို ဥပဒေစိုးမိုးမှုအောက်မှ ဖော်ဆောင်သွားမှာဖြစ်တယ်လို့ ရဲမှူးချုပ်က အလေးအနက်ပြောပေမဲ့ တချို့သော အမှုအခင်းတွေမှာ သံသယရှိသူ မူးယစ်မှောင်ခိုသမားတွေကို ရဲတပ်ဖွဲ့က ပစ်သတ်တာနဲ့ပတ်သက်ပြီး ပြောဆိုသွားခြင်းမရှိပါဘူး။

နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့တွေ ဝေဖန်မှုများ ရှိနေတဲ့ကြားက ဖိလစ်ပိုင်မူးယစ်စစ်ပွဲမှာ အပြစ်မရှိနိုင်သူ အသက်မပြည့်သေးသူ လူငယ်တချို့ သေဆုံးမှုများနဲ့အတူ အရှုပ်အထွေးတွေ ရှိလာတာကြောင့် ၂၀၁၆

အောက်တိုဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ဆင်နွှဲစီးနင်းမှုတွေကို ရပ်တန့်ထားခဲ့ပါတယ်။ အဲဒီအချိန်အထိ မူးယစ်စစ်ပွဲအတွင်း လူပေါင်း ၄၀၀၀ နီးပါး သေဆုံးခဲ့တယ်လို့ ရဲတပ်ဖွဲ့က ထုတ်ပြန်သော်လည်း လူ့အခွင့်အရေးအဖွဲ့တွေက လူပေါင်း ၇,၀၀၀ ကျော် သေဆုံးနိုင်တယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။

❒

# သမ္မတသက်တမ်း တစ်နှစ်ပြည့်

၂၀၁၇ ခုနှစ်ဇွန်လ ၃၀ ရက်နေ့ မှာ ကျရောက်မယ့် သမ္မတသက်တမ်း တစ်နှစ်ပြည့်ပွဲကို မင်ဒါနာအိုကျွန်းက မာရာဝီမြို့မှာ ကျင်းပမယ်လို့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ပြောပါတယ်။

သူကိုယ်တိုင်လည်း မာဇင်းမှာ မွေးဖွားခဲ့တဲ့ မင်ဒါနာအိုရန်း တစ်ယောက်ဖြစ်ပြီး အသက် ၇၂ နှစ် အရွယ်ရှိတဲ့ ဒူတာတေးဟာ ISနဲ့ အဘူဆေယက်(ဖ်) အဖွဲ့တွေကို မာရာဝီမြို့နဲ့မင်ဒါနာအိုကျွန်းမှာ အခြေ စိုက်တာကို ၂၀၁၇ မေလ ၂၂ ရက်နေ့ကတည်းက အလုံးအရင်းနဲ့ တိုက်ခိုက်နေခဲ့ရတာ ဖြစ်ပါတယ်။

အခုတော့ မာရာဝီတစ်မြို့လုံးနီးပါးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပြီး မင်ဒါနာအိုကျွန်းကနေလည်း IS တွေကို တိုက်ထုတ်နိုင်တော့မှာ ဖြစ်ပါ တယ်။ ဒူတာတေးရဲ့အကြမ်းဖက်သမား ချေမှုန်းရေးစစ်ပွဲကို အမေရိကန် ကလည်း ကူညီသလို တရုတ်ကလည်း ဒေါ်လာရှစ်သန်းဖိုးရှိ စစ်လက် နက် ပစ္စည်းတွေ ကူညီခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ မင်ဒါနာအိုစစ်ဆင်ရေးမှာ အကြမ်းဖက်သမား

၃၀၀ ကျော်ကို ချေ မှုန်းနိုင်ခဲ့ပြီး အရပ်သား ၁၀၀ နီးပါးလောက် သေဆုံး ခဲ့ပါတယ်။ ဒူတာတေးက မော်တီအုပ်စုက မာရာဝီမြို့ကို သိမ်းထားတာ လက်လွှတ်ဆုံးရှုံးခဲ့ပြီ လို့ပြောပြီး IS ဖိလစ်ပိုင်ခေါင်းဆောင် Isnilon Hapilon ကို လက်ရဖမ်းမိထားတယ်လို့လည်း မနီလာကလာတဲ့ သတင်းတွေမှာ ဆိုပါတယ်။

❒

## ကွင်းဆက်လူသတ်သမား သမ္မတ

သမ္မတ ရိုဒရီဂို ဒူတာတေးကို "ကွင်းဆက်လူသတ်သမားသမ္မတ" အဖြစ် ဖော်ပြခဲ့တဲ့ ပြင်သစ်နေ့စဉ်သတင်းစာရဲ့ ရေးသားမှုဟာ တာဝန်မဲ့တဲ့အရေးအသားတစ်ခုအဖြစ် ဖိလစ်ပိုင်နိုင်ငံအစိုးရက ၂၀၁၆ အောက်တိုဘာလ ၉ ရက်မှာ ညွှန်းဆိုပြောကြားလိုက်ပါတယ်။

သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ Ernesto Abella က သမ္မတ ဒူတာတေးဟာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး စစ်ပွဲအတွင်း ကြမ်းတမ်းတဲ့စကားလုံးတွေ သုံးစွဲခဲ့သော်လည်း လက်တွေ့ပိုင်းမှာ လုပ်ငန်းစဉ်အားလုံး ပုံမှန်ပြီးဆုံးခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

ပြင်သစ်သတင်းစာ ခေါင်းကြီးပိုင်းမှာ "ရိုဒရီဂို ဒူတာတေး ကွင်းဆက်လူသတ်သမားသမ္မတ' ခေါင်းစဉ်နဲ့ ရေးသားထားမှုကို တုံ့ပြန်တဲ့အနေနဲ့ "ဒီလိုရေးသားမှုဟာ တာဝန်မဲ့တဲ့ ရေးသားမှုတစ်ခုဖြစ်ပြီး စကားလုံးတွေကိုလည်း ပေါ့ပေါ့ဆဆနဲ့ အသုံးပြုထားပါတယ်။ မီဒီယာရဲ့ အင်အားကိုအသုံးပြုပြီး ဖိလစ်ပိုင်နိုင်ငံကို အထင်လွဲမှားစေရန် လုပ်ဆောင်ခြင်းဖြစ်ပါတယ်"လို့ ရေဒီယို အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့ပါတယ်။



သမ္မတရာထူး မရယူမီက မဲပေးမှုတွင် ဒူတာတေး ပါဝင်မဲပေးစဉ်

**Abella**က လွန်ခဲ့တဲ့နှစ်တွေတုန်းက အရင်အစိုးရတွေလက်ထက် တရားမဝင်မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းခဲ့ခြင်းမရှိလို့ ယခုအခါ ပြဿနာကြီးတစ်ခုဖြစ်လာတာပါ။ ဒါကြောင့် ဆိုးရွားလာတဲ့အခြေအနေနဲ့ ထိုက်တန်တဲ့ အရေးယူဆောင်ရွက်မှုတွေကို လုပ်ဆောင်ရတာဖြစ်တယ်လို့ ဆိုပါတယ်။

သမ္မတ ဒူတာတေး စတင်အုပ်ချုပ်ခဲ့တဲ့ သုံးလအတွင်း မူးယစ်ဆေးဝါးသုံးစွဲသူနဲ့ ရောင်းချသူအဖြစ် သံသယရှိသူပေါင်း ၃,၀၀၀ ကျော် အသတ်ခံခဲ့ရပြီး လူ ၁၅၀၀ကျော်ဟာ ရဲတပ်ဖွဲ့ဝင်များရဲ့ တရားဝင် မူးယစ်ဆေးဝါးစစ်ဆင်ရေးအတွင်း အသတ်ခံရခြင်းဖြစ်ကြောင်း သိရပါတယ်။

❐

## ဆေးလိပ်မသောက်ရ အမိန့်

အများပြည်သူ လုံခြုံရေးအတွက် မူဝါဒ ခပ်ကြမ်းကြမ်းတွေ ချတတ်တဲ့ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးဟာ အများပြည်သူအကြား ဆေးလိပ်သောက်သုံးခြင်းကို ပိတ်ပင်မိန့်ထုတ်တော့မယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်ကြောင်း အေဂျင်စီ သတင်းများက ဖော်ပြထားကြပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဇူလိုင်လမှ စတင်ပြီး ဖိလစ်ပိုင်သမ္မတဟာ အများပြည်သူ လုံခြုံရေးဆိုင်ရာ စီမံချက်တွေကို ခပ်ကြမ်းကြမ်းကိုင်တွယ်ခဲ့တာကြောင့် လူ ၃၀၀၀ ကျော် သေဆုံးခဲ့တာပါ။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း Davao မြို့တော်ရဲ့ မြို့တော်ဝန်ဟောင်းသမ္မတဟာ အရွယ်မရောက်သေးသူတွေကို ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့ပြီး ညဘက် အရက်သေစာရောင်းဝယ်ခြင်းကိုလည်း ပိတ်ပင်ထားပါတယ်။

မကြာခင် ထုတ်ပြန်တော့မယ့် ဥပဒေမှာ ဆေးလိပ်နဲ့ဆေးရွက်ကြီး ကြော်ငြာတွေကိုလည်း တင်းကျပ်တော့မှာဖြစ်ပြီး အများနဲ့သက်ဆိုင်တဲ့ နေရာတွေမှာ ဆေးလိပ်သောက်သုံးခြင်းကို ဥပဒေအရ ပိတ်ပင်တော့မှာ

ဖြစ်ပါတယ်။ ဆေးလိပ်ထုပ်ပိုးမှုတွေမှာ ဆေးလိပ်ဆိုးကျိုးကြောင့် ဖြစ်လာမယ့် ဝေဒနာခံစားရပုံတွေကို ထည့်သွင်းပေးရပါမယ်။

"ဆေးလိပ်သောက်သုံးမှု လျော့ကျတာတွေ ရှိပါတယ်။ ဒါပေမဲ့ လျော့ကျတဲ့နှုန်းက အလွန်နှေးနေပါတယ်"လို့ လက်ထောက်ကျန်းမာရေးဝန်ကြီး အဲရစ်တေယက်က ပြောပါတယ်။

အသစ်ထွက်ပေါ်လာမယ့် ဆေးလိပ်နဲ့ဆေးရွက်ကြီးဆိုင်ရာ မူဝါဒတွေကို သမ္မတလူကြမ်းကြီးကိုယ်တိုင် စီစဉ်နေခြင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ Davao မြို့တော်ဝန်ဘဝ ၂၀၀၂ ခုနှစ်ကတည်းက အများပြည်သူရဲ့ ဆေးလိပ်သောက်ခြင်းကို သူ့မြို့မှာ ပိတ်ပင်ထားခဲ့သူ ဖြစ်ပါတယ်။ ၂၀၁၆ အောက်တိုဘာလမကုန်ခင် ပိတ်ပင်ထားမှုကို သမ္မတက လက်မှတ်ရေးထိုးနိုင်လိမ့်မယ်လို့မျှော်လင့်ရကြောင်း ကျန်းမာရေးဝန်ကြီး ပေါလင်ဂျင်းရိ ဆယ်အူဘီရယ်က ပြောပါတယ်။

❐

## ဟစ်တလာလို လုပ်ပစ်ချင်တယ်

မူးယစ်ဆေးရောင်းဝယ်သူတွေ၊ သုံးစွဲသူတွေကို ကြမ်းကြမ်းတမ်းတမ်းနှိမ်နင်းမှုတွေ ပြုလုပ်နေတာကြောင့် ထောက်ခံမှုတွေရော၊ ဝေဖန်မှုတွေပါ ရရှိနေတဲ့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက အခုတစ်ခါမှာ သူ့ကိုယ်သူ စစ်အာဏာရှင် ဟစ်တလာနဲ့ပါ ဆက်စပ်ပြီး ပြောဆိုလိုက်ပြန်ပါတယ်။ ဂျာမနီစစ်အာဏာရှင် ဟစ်တလာက ဂျူးတွေကို သတ်ဖြတ်ခဲ့သလိုမျိုး သူကလည်း မူးယစ်ဆေးစွဲသူတွေကို သတ်ပစ်ချင်တယ်လို့ ပြောကြားလိုက်တာ ဖြစ်ပါတယ်။

"ဟစ်တလာက ဂျူး ၃ သန်းကို သတ်ဖြတ်ခဲ့ပါတယ်။ အခုလည်း ဒီမှာ (ဖိလစ်ပိုင်မှာ) ၃ သန်း ရှိနေပါတယ်။ ဘယ်သူတွေလဲဆိုတော့ မူးယစ်ဆေးစွဲနေသူတွေပါ။ ကျွန်တော် သူတို့ကို သတ်ပစ်ခွင့်ရရင် ပျော်မိမှာပါ။ အနည်းဆုံးတော့ ဂျာမနီမှာ ဟစ်တလာရှိခဲ့သလို ဖိလစ်ပိုင်မှာ ကျွန်တော် ရှိလာမှာပါ' လို့ ဒူတာတေးက သူ့ရဲ့ဇာတိမြို့မှာ မိန့်ခွန်းပြောရာမှာ ထည့်သွင်းပြောကြားခဲ့တာပါ။

ဟစ်တလာရဲ့ ဂျူးတွေကိုသတ်ဖြတ်ခဲ့မှုကို လက်မခံနိုင်စရာ

ရက်စက်ကြမ်းကြုတ်မှုအဖြစ် ကမ္ဘာတစ်ဝန်းက သတ်မှတ်ထားရာမှာ အခု ဒူတာတေးက ဂျူးတွေကိုသတ်ဖြတ်မှုနဲ့ သူ့ရဲ့ မူးယစ်ဆေးစွဲသူတွေကို သတ်ဖြတ်လိုမှုတို့ကို ဆက်စပ်ပြောကြားခဲ့တာကြောင့် ဝေဖန်သံတွေ အတော်ညံသွားခဲ့ပါတယ်။

အစ္စရေးနိုင်ငံက ဂျူးကွန်ဂရက်ရဲ့ ဥက္ကဋ္ဌကတော့ ဒူတာတေးရဲ့ စကားကို ပြစ်တင်ရှုတ်ချလိုက်ပြီး ယင်းစကားအတွက် ပြန်လည်တောင်းပန်ရမယ်လို့ ပြောကြားခဲ့ပါတယ်။

❐

## လူ့အခွင့်အရေးနေ့ ဆန္ဒပြပွဲ

ဖိလစ်ပိုင်နိုင်ငံက ထောင်ပေါင်းများစွာရှိတဲ့ အစိုးရဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူတွေဟာ ဒီဇင်ဘာလ ၁၀ရက် ၂၀၁၇ တနင်္ဂနွေနေ့မှာ မနီလာမြို့တော်မှာရှိတဲ့ Bonifacio အထိမ်းအမှတ်ကျောက်တိုင်မှာ စုဝေးကြပြီး လူ့အခွင့်အရေးနေ့ ဆန္ဒပြပွဲ ကျင်းပခဲ့ကြပါတယ်။

ဆန္ဒပြသူတွေက သမ္မတ Rodrigo Duterte လက်ထက်မှာဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးဖောက်ဖျက်မှုတွေကို ရှုတ်ချကြပါတယ်။ သမ္မတ ဒူတာတေးလက်ထက် ၂၀၁၆ ခုနှစ်ကစလို့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ဆောင်မှုတွေအတွင်း လူပေါင်း ၇,၀၀၀ ကျော် သေဆုံးခဲ့ရတာပါ။ ရာထူးကနေ ဖြုတ်ချခံရဖို့ ကွန်ဂရက်လွှတ်တော်မှာ စွဲချက်တွေနဲ့ ရင်ဆိုင်နေရတဲ့ နိုင်ငံတော်တရားရုံးချုပ်တရားသူကြီး Lourdes Sereno က ဆန္ဒပြသူတွေအတွက် သဝဏ်လွှာတစ်စောင်ကို ကိုယ်စားလှယ်တစ်ဦးစေလွှတ်ပြီး ဖတ်ကြားစေခဲ့ပါတယ်။ သူ့အပေါ် စွပ်စွဲချက်တွေဟာ လုံးဝအတုအယောင်တွေဖြစ်တယ်လို့ Sereno က ပြောပါတယ်။

အထက်လွှတ်တော်အမတ် Leila De Lima ရဲ့ ရှေ့နေဖြစ်သူက



လူ့အခွင့်အရေးနေ့ ဆန္ဒပြလှုပ်ရှားမှုကာလ တက်ကြွလှုပ်ရှားသူများ ဆန္ဒပြနေစဉ်

လည်း **ဆန္ဒ**ပြသူတွေကို မိန့်ခွန်းပြောခဲ့ပါတယ်။ သမ္မတဒူတာတေးရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအစီအစဉ်ကို ထိပ်ဆုံးကနေ ဝေဖန်ပြစ်တင်သူတစ်ဦးဖြစ်တဲ့ De Lima ဟာ ဖမ်းဆီးထိန်းသိမ်းခံထားရပြီး၊ မူးယစ်ဆေးဝါးဆိုင်ရာ စွဲချက်တွေနဲ့ ရင်ဆိုင်နေရသူဖြစ်ပါတယ်။

De Lima က သူ့မှာ အပြစ်မရှိကြောင်းနဲ့ စွပ်စွဲချက်တွေဟာ သမ္မတဒူတာတေးရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအပေါ် ဝေဖန်တာကို နှုတ်ပိတ်အောင်လုပ်တာဖြစ်ကြောင်း ပြောပါတယ်။ နောက်ပိုင်းမှာ ဆန္ဒပြသူတွေဟာ သမ္မတဒူတာတေးရဲ့ ပုံတူအရုပ်ကို မီးတင်ရှို့ခဲ့ကြပါတယ်။

❐

## သူ့ကို ပစ်သတ်လိုက်ပါ

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက အာဏာရှင်ဖြစ်လာမယ့် အရေးမှ သူ့ကိုယ်သူ ကာကွယ်တားဆီးဖို့အတွက် အကယ်၍ သူ့ရဲ့ သမ္မတသက်တမ်းကို ထပ်မံတိုးမြှင့်မယ်ဆိုရင် သူ့ကို ပစ်သတ်ဖို့ စစ်တပ်နဲ့ရဲတပ်ဖွဲ့တို့ကို အမိန့်ပေးညွှန်ကြားခဲ့တယ်လို့ ၂၀၁၈ ဇန်နဝါရီ ၂၃ ရက် သတင်းအရ သိရပါတယ်။

ဒီညွှန်ကြားချက်ကို သူ့ရန်သူတွေက သတိပေးချက်တွေ ထုတ်ပြန်နေပြီး သူ့ရဲ့သစ္စာခံတွေက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲဖို့ ဆောင်ရွက်မှုတွေ ပြုလုပ်နေစဉ်မှာ ထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။ ဒူတာတေးက အခုလိုဆောင်ရွက်တာဟာ ၂၀၂၂ ခုနှစ်အလွန်အထိ သူသမ္မတအဖြစ် ဆက်လက်အာဏာစွဲကိုင်နိုင်ရေးအတွက် ဖက်ဒရယ်စနစ်ကို စတင်ကျင့်သုံးဖို့ နိုင်ငံရဲ့အခြေခံဥပဒေကို ပြောင်းလဲပြင်ဆင်ရေးအတွက် လွှတ်တော်အတွင်းရှိ သူ့သစ္စာခံတွေကို အမိန့်ပေးစေခိုင်းခဲ့တယ်ဆိုတဲ့ ကောလာဟလသတင်းတွေကို ပယ်ဖျက်ဖို့ဖြစ်ပါတယ်။

"ကျုပ်ရဲ့သမ္မတသက်တမ်း မပြည့်မီမှာပဲ ကျုပ်ကို ထိန်းချုပ်ရခက်



လာမယ်။ အာဏာကို ဆက်လက်ဆုပ်ကိုင်ထားမယ်။ ကျုပ်က အာဏာရှင်ဖြစ်ချင်လာမယ်ဆိုရင် ကျုပ်ကိုပစ်သတ်လိုက်။ နောက်နေတာ မဟုတ်ဘူးနော်"လို့ ဒူတာတေးက ပြောခဲ့တာပါ။

ဒူတာတေးက သာတူညီမျှမှုမရှိခြင်းများကို ကိုင်တွယ်ဖြေရှင်းဖို့၊ ပြည်နယ်တွေကို လုပ်ပိုင်ခွင့် အာဏာပေးအပ်ဖို့နဲ့ နိုင်ငံရဲ့ကွဲပြားနေတဲ့ဖွဲ့စည်းပုံတွေကို အသိအမှတ်ပြုဖို့အတွက် ဖက်ဒရယ်စနစ်ကျင့်သုံးရေးကို ထောက်ခံအားပေးသူဖြစ်ပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း သူ့ကို ထောက်ခံသူ အောက်လွှတ်တော်အမတ်တွေက လာမယ့် ၂၀၁၈ မေလမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြန်လည်သုံးသပ်ဖို့ လွှတ်တော်အစည်းအဝေးခေါ်ယူရေးအတွက် ဆန္ဒပြုမဲခွဲဆုံးဖြတ်ခဲ့ကြတယ်လို့ သိရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဟာ လွှတ်တော်အမတ်တွေအနေနဲ့ ၄င်းတို့ရဲ့ရာထူးကို ကြာရှည်စွာ ဆုပ်ကိုင်နိုင်ရေးနဲ့ ဒူတာတေးရဲ့

သမ္မတသက်တမ်း ထပ်မံတိုးချဲ့ရေးအတွက် ရည်ရွယ်တာဖြစ်တယ်လို့ ဝေဖန်သူတွေက စွပ်စွဲပြောကြားကြပါတယ်။

Reference
" "The Punisher". Eye for an Eye. (Vice) Bethesda Softworks LLC. Archived from the original on March 10, 2016. Retrieved September 14, 2016.
" O'Neillç Marnie (August 2, 2016). "Horrific pictures: 300 dead in Philippine President Rodrigo Duterte's national drug crackdown". News.com.au. Archived from the original on September 10, 2016. Retrieved September 14, 2016.
-Wikipedia.org,
-AFP, AP, Reuters,ABC, CNN News.

ရဲဦး

❐



ဖိလစ်ပိုင်နိုင်ငံရဲ့ လွတ်လပ်ရေးသမိုင်းကြောင်း၊
မျက်မှောက်လူနေမှုစနစ်၊ နိုင်ငံရေးနဲ့စီးပွားရေးစနစ်အကြောင်း၊
ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ
လူကြမ်းမင်းသားအဖြစ် ထင်ရှားကပြလာတဲ့
သမ္မတ ဒူတာတေးအကြောင်း . . .

# ဖိလစ်ပိုင်နိုင်ငံရဲ့ သမိုင်းထဲက ဒူတာတေး

ရဲဦး

YST0025
2,000.00 KS